www.burmeseclassic.com

လယ်တွင်းသား

# စောချစ်

## လောကနတ်ဒေါ ဝဉ်းခတ်သံ ဝတ္ထုတိုများ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဂျူးလှိုင်းသား
# ဝေါ်ချစ်

## ဈောကနတ်၏ စည်းခတ်သော ပွင့်တို့များ



www.burmeseclassic.com

www.burmeseclassic.com

[illegible]

ဂယ်ကွင်းသား

# ဝေါ်ချစ်

# လောကနတ်၏ စည်းခတ်သံ

## ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ဆန္ဒ

လောကကို စောင့်ရှောက်သော လောကဗျူဟာနတ်ကို လောကနတ်ဟုလည်း ခေါ်ကြသည်။ လောကနတ်သည် တစ်ရံရောအခါ စည်းစုပ်ကိုကိုင်၍ လောကအားလုံးကို လှည့်လည်စဉ် ခြသေ့နှင့် ဆင်ပျံတို့အစာဖြစ်သော တိမ်ညွှန့်ကြောင့် ရိုက်ရန်ဖြစ်ပွားရာ ဆင်ပျံ၏ဦးကင်းကို ခြသေ့က နင်းလျက် နှာမောင်းကို စုတ်သည်။ ဆင်ပျံကလည်း အစွယ်ဖြင့် ပြန်ထိုးရန် ကြိုးစားသည်။

ရန်ဖက်နှစ်ဦးတို့ ရန်ပွဲကြီး ကျယ်လာပါက ပထဝီမြေပြင်မှာ မီးလောင်ပြင်ဖြစ်၍ သတ္တဝါအများ ဒုက္ခရောက်မည်ကို လောကနတ်သိမြင်သဖြင့် ရန်ဖက်နှစ်ဦး၏ ရန်မီးကို ငြိမ်းအေးစေရန် မြေတွင် စည်းစုပ်တီး၍ ကခုန်ပြလေသည်။

ထိုအခါ ရန်ဖက်နှစ်ဦးသည် လောကနတ်၏ သာယာသော ဂီတသံနှင့် နှစ်လိုဖွယ်အကကို ကြားမြင်ရ၍ စိတ်နှလုံးပျော့ပျောင်းကာ ဒေါသပြေပျောက်၍ ရန်မီးငြိမ်းလေတော့သည်။

ဤ''လောကနတ်၏ စည်းခတ်သံ''ဝတ္ထုတိုများကို ဖတ်ခြင်းဖြင့် စာဖတ်သူတို့သည် လောဘ၊ ဒေါသ၊ မာန်မာန၊ အမျက်၊ အဘိ၊ အညိုး၊ အာဃာတတို့ကို သိမ်းဆည်းနိုင်ကြပါစေသတည်း။ လောကအလုံး အေးချမ်းသာယာ၍ တင့်တယ်လှပပါစေသတည်း။

လယ်တွင်းသားစောချစ်

မာတိကာ


| | | |
|---|---|---|
| ၁။ မေတ္တာစိမ့်စမ်းရေ | - | - |
| ၂။ မမောပါဘူး ပျော်ပါတယ် | မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၂ အထူးထုတ် |
| ၃။ တီတီ ... တီတီတီ | မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၁ စက်တင်ဘာ |
| ၄။ မာရသွန်ပွဲမှ မျက်ရည် | ငွေတာရီမဂ္ဂဇင်း | ၂၀၀၂ မေ |
| ၅။ ထားဖြစ်ချင်ဖြစ်ပါစေ | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၂ ဇွန် |
| ၆။ လှေစီးတွေတိုက်လို့ ရေစီးတွေဝဲ | ငွေတာရီ | ၁၉၉၁ ဧပြီ |
| ၇။ ကျေးဇူးမပါပဲ ကိုဦးရယ် | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၂ ဒီဇင်ဘာ |
| ၈။ ရွာကျောင်းက ခေါင်းလောင်းသံ | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၁ အောက်တိုဘာ |
| ၉။ ပေးသည်ယူသည် ပြန်ပေးသည် | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၃ မတ် |
| ၁၀။ အပေါင်းနှင့်အသစ် | - | - |
| ၁၁။ ပန်းနှင့် ဥယျာဉ်မှူး | မြတ်လေရာမဂ္ဂဇင်း | ၂၀၀၃ ဇွန် |
| ၁၂။ ရုပ်ကြီးသုံးလုံး | ဧရာကြာဖြူမဂ္ဂဇင်း | ၂၀၀၂ ဇူလိုင် |
| ၁၃။ ထိ .. ထိ .. ထိ | နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း | ၂၀၀၂ စက်တင်ဘာ |
| ၁၄။ [illegible]ကာလားဖော် | - | - |
| ၁၅။ [illegible] ပျော်ပါစေ | - | - |


www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစိမ့်စမ်းရေ

## မေတ္တာစိမ့်စမ်းရေ

မိုးကြီးသည်းစွာရွာနေသည်။ အချိန်က ည (၁၀)နာရီခန့်။ မိုးဦးလေဦးဖြစ်၍ မိုးကြိုးပစ်သံများက ကြောက်စရာ။ လျှပ်စီးများကလည်း တဝင်းဝင်းလက်နေ၏။ လွန်ခဲ့သည့် ဆယ်ရက်ခန့်မှစ၍ ပြင်းထန်စွာ ပူထားခဲ့သမျှ မိုးက အတိုးချ၍ ရွာနေသည်။

သဘာဝတရားကြီးမှာလည်း အပူနှင့်အလေး၊ အလေးနှင့်အပေါ့ အားပြိုင်နေ၏။ ပြေးလွှားလွင့်တက် ရေယှက်ပေါင်းစပ်နေကြသော မိုးတိမ်တိုက်များအတွင်းမှာ ဆန့်ကျင်ဘက်ဓာတ်များ အားပြိုင်၍ ပေါက်ကွဲသံများ ထွက်ပေါ်လာ၏။ လျှပ်စီးတန်းများ ပြိုးပြက်သွား၏။

မိုးကြိုးခြင်းနှင့်အတူ လေကလည်း ပြင်းလာသည်။ သစ်ပင်များ ယိမ်းထိုးနေကြပြီ။ ဓာတ်ကြိုးများ ခါယမ်း၍ လမ်းမီးအချို့

www.burmeseclassic.com

www.burmeseclassic.com



မှိတ်ချည့်လင်းချည့် ဖြစ်နေသည်။

မြို့တော် ရန်ကုန်ဖြစ်သော်လည်း လေနှင့်မိုးကြောင့် ရန်ကင်းဘက်မှ ကားလမ်းများပေါ်မှာ ကားရှောလှပါ အသွားအလာမရှိသလောက် နည်းသွား၏။

မိုးက သဲကြီးမဲကြီး ရွာနေဆဲ။ လေက ပိုပြင်းလာသည်။

ဖျစ် ဖျစ် ဖျစ် ဖြောင်း ဒိုင်း

သစ်ကိုင်းကျိုးသံများ ထွက်ပေါ်လာ၏။ လျှပ်စစ်မီးကြိုးများ ပြတ်ကုန်သည်။

"အို ... မီးပျက်သွားပြီ ..."

ဘုရားစင်မှ မီးသီးလေး ငြိမ်းသွား၍ အိမ်ထဲမှာ မှောင်မဲသွား၏။

"ကြောက်စရာ ..."

ဒေါ်ခင်ညို ကြောက်စိတ်ဖြစ်လာသည်။ မိုးကလည်း သည်းနေဆဲ။ လေးတိုးသံ တဝေါဝေါ ကြားနေရသည်။ တစ်ချက်တစ်ချက်မှာ အိမ်ကလေးပါ ခါသွား၏။

"ပြုမျှားကျရင် ဒုက္ခ ..."

စိုးရိမ်စိတ် ဖြစ်ရသည်။ လျှပ်စီးလက်တိုင်း အိမ်ထရံပေါက်များမှတဆင့် အိမ်တွင်းအထိ လင်းကနည်း လက်ကနည်း။ လျှပ်စီးလက်ပြီးတိုင်းလည်း မိုးထစ်ချုန်းသံများ နောက်ဆက်တွဲ ပေါ်ထွက်လာသည်။





ဘေးမှာ အိပ်နေသော ကိုဘမင်းကတော့ မိုးရွာသည်လည်း မသိ၊ မိုးခြိမ်းသံလည်း မကြား။ နှစ်ခြိုက်စွာ အိပ်ပျော်၍ ဟောက်သံပင် ထွက်နေသည်။

"ဟင်း ... အိပ်နိုင်လိုက်တာ ..."

ဒေါ်ခင်ညို မကျေနပ်။ နှီးမည်ပြုပြီးမှ ...

"အေးလေ ... သူလဲ တစ်နေ့လုံး ဆိုက်ကားနင်းရတာ ပင်ပန်းလို့ ဖြစ်မှာပေါ့ ..."

မနိုးရက်တော့ပါ။ ယခင်ရက်များမှာ ဤအချိန် အိပ်၍မရ။ ပူအိုက်သော ဒဏ်ကို လူးလိမ့်ခံရသည်။ ယနေ့ညမှ မိုး၏ အအေးဓာတ်ကြောင့် ကိုဘမင်း အိပ်၍ ကောင်းနေခြင်းဖြစ်သည်။

မိုးအား လေအား ကောင်းနေဆဲ။ မိုးကြိုးပစ်သံများ ထွက်ပေါ်နေဆဲ။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

ဗုန်း ... ဗုန်း ... ဗုန်း ...

မိုးသံ လေသံများကြားမှာ အပြင်ဘက်မှ ခေါ်သံနှင့်အတူ တံခါးကို ပုတ်သံကြားရသည်ထင်၍ ဒေါ်ခင်ညို နားစွင့်လိုက်၏။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... ကျွန်မ ဒုက္ခရောက်နေလို့ပါ ကူညီကြပါ ..."

သေချာသွားပြီ။ အပြင်မှ အကူအညီ တောင်းနေခြင်းဖြစ်၏။

"ဒီလောက် မိုးကြီး လေကြီးထဲမှာ ဘယ်သူပါလိမ့် ... ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ ...''

ဒေါ်ခင်ညို ဘာလုပ်ရမှန်း မသိ။

''ကျွန်မ လူကောင်းပါ ... ဒုက္ခ ရောက်လာလို့ပါ ... သနား ကြပါ ...''

မိန်းမတစ်ယောက်၏ အသံကို မိုးသံလေသံ နှင့်အတူ ကြား နေရသည်။

''ကိုဘမင်း ... ကိုဘမင်း ...''

ဘေးမှာ အိပ်မောကျနေသော ယောကျ်ားကို လှုပ်နှိုးရသည်။

''ဗျာ်း ... ဘာလို့နှိုးတာလဲကွ ...''

ကိုဘမင်း မကျေနပ်။ မျက်စိကိုလည်း မဖွင့်။

''ကိုဘမင်း ထပါအုံး ... မိုးတွေ တအားရွာနေတယ် ...''

''မိုးရွာတော့ ဘာဖြစ်လဲကွ။ အိပ်လို့ ကောင်းတာပေါ့ ...''

ကိုဘမင်း ပြန်အိပ်သည်။

''မဟုတ်ဘူးတော့ ... မိုးရွာကြီးထဲမှာ မိန်းမတစ်ယောက် ဒုက္ခ ရောက်လို့တဲ့ ... အကူအညီ တောင်းနေတယ် ...''

''အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... ကျွန်မလူကောင်းပါ ... ဒုက္ခ ရောက်နေလို့ပါ ... ကူညီကြပါ ...''

အိမ်ထဲမှ အသံကြား၍ အပြင်မှခေါ်သူ အားတက်သွားဟန် တူသည်။ အတွင်းမှကြားအောင် လှမ်းအော်ပြောနေသည်။

''ကြားလား ... ဒုက္ခ ရောက်နေလို့တဲ့ ...''





ဒေါ်ခင်ညိုက ကို[illegible]ကို [illegible]ပြောလိုက်သည်။

''ရှုပ်ရှုပ်ရက်ရက်ကွာ ... ဘယ်လိုဟာတွေမှန်းမသိ၊ ကိုယ်ဘာသာ အိပ်စမ်းပါ ...''

ကိုဘမင်း စိတ်ဝင်စားခြင်း မရှိ။

''မိန်းမသား တစ်[illegible]ထဲ ..[illegible]လကြီး မိုးကြီးထဲမှာတော်''

''မိန်းမတစ်ယောက်ထဲ မဟုတ်ရင် ... မင်းဘယ်လိုလုပ်မလဲ''

''မီးခြစ်ရော ...''

ဒေါ်ခင်ညိုက ခေါင်းရင်းမှာ မီးခြစ်လိုက်စမ်းနေသည်။

''မီးမထွန်းနဲ့ကွ ... မင်း တော်တော်ရှုပ်တဲ့ မိန်းမပဲ ...''

ဒေါ်ခင်ညို မီးမခြစ်ရ။ ကိုဘမင်း တားမြစ်၍ လက်ထဲမှာ မီးခြစ်ရပြီးမှ မီးခြစ်ကိုဆုပ်ကိုင်လျက် ကုတင်ပေါ်မှ ဆင်းသည်။

မိန်းမတစ်ယောက်တည်း ဒုက္ခရောက်နေတာ ဟုတ်မဟုတ် သိချင်သည်။ ကိုယ့်အိမ်ထဲမှာကိုယ်မို့ မတိုက်မိအောင် စမ်းသွားနိုင် သည်။ အိမ်ရှေ့မျက်နှာစာတွင် ကာရံထားသည့် ဝါးထရံမှာ အပေါ်ပိုင်း တွင် အကွက်ကျဲဖြစ်၍ လျှပ်စီးလက်လျှင် အပြင်ကို အသေအချာ မြင်နိုင်သည်။

''အိမ်ရှင်တို့ ... ကျွန်မကို ကူညီကြပါ ...''

အပြင်မှအသံကို ကြားရပြန်သည်။

ဒေါ်ခင်ညို ရှေ့ဘက်မှ ထရံနားထိကပ်သွားသည်။ ဝါးကွက် ကျဲမှ အပြင်သို့ လှမ်းကြည့်သည်။ ဘာမှမမြင်ရ။ မိုးကသဲနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



လေကပြင်းနေသဲ။ လျှပ်စီးလက်သည်ကို စောင့်သည်။ လက်ပြီ။

"အို . . . ဟုတ်ပါရဲ့၊ မိုးရွာထဲမှာ တစ်ယောက်တည်း . . ."

သို့သော် မြင်ရသည်က ပုံမှန်မဟုတ်။ ဝလွန်းနေသည်ဟု ထင်သည်။

"ကိုယ်ဝန်ကြီးနဲ့လား . . ."

နောက်တစ်ကြိမ် လျှပ်စီးအလက်မှာ အသေအချာ မြင်လိုက်ရသည်။ ဟုတ်သည်။ ကိုယ်ဝန်ကြီးနှင့်၊ ဒေါ်ခင်ညို အိမ်ထဲပြန်လျှောက်စဉ် မိုးကြိုးပစ်သံ ထွက်ပေါ်လာ၏။

"သူ့ခမျာ တစ်ယောက်ထဲ . . . အပြင်မှာ ဘယ်လောက်ကြောက်ရှာမလဲ . . ."

သနားစိတ် ဖြစ်မိသည်။

"ကိုဘမင်း . . . ကိုဘမင်း . . ."

"ဘာလဲကွ . . ."

ကိုဘမင်းထူးပုံက စိတ်မရှည်သံ။

"မိန်းမတစ်ယောက်ထဲတော့ . . . သနားပါတယ် . . . ကိုယ်ဝန်ကြီးနဲ့ . . ."

"ဟာကွာ . . . မိုးထဲ လေထဲ ဆိုက္ကားငှားပြီး ဆေးရုံအပို့ခိုင်းမလို့နေမှာကွ . . . ငါမလိုက်နိုင်ဘူး . . . တံခါးသွားမဖွင့်နဲ့ . . ."

"ဩော် . . . တော်ကလဲ . . . လိုက်မပို့နိုင်ရင် မပို့နဲ့ပေါ့ . . . မိုးရွာထဲမှာ ဒီအတိုင်းထားလို့တော့ ဘယ်ကောင်းပါ့မလဲတော့ . . ."





"မင်း တော်တော်ပြဿနာရှာချင်တဲ့ မိန်းမပဲကွာ . . ."

ကျွန်မက မိန်းမချင်း ရှင့် . . . ကိုယ်ချင်းစာတယ် . . ."

ဒါဆိုလဲ . . . ဘာသာလုပ်၊ ငါမပါဘူး . . . အိပ်ရေးပျက်တယ် . . ."

ကိုဘမင်း တစ်ဖက်လှည့်အိပ်သည်။

ဒေါ်ခင်ညို မီးချစ်သည်။ ဖယောင်းတိုင် ထွန်းသည်။ အိမ်ထဲမှာ လင်းသွား၏။

"ကျွန်မ ဒုက္ခဖြစ်လာလို့ပါ . . . လူကောင်းပါ . . . ကူညီပါ . . ."

ဒေါ်ခင်ညို တံခါးဖွင့်ပေးလိုက်သည်။ ကိုယ်ဝန် အရင့်အမာနှင့်အမျိုးသမီးတစ်ယောက် ရေများရွှဲရွဲစိုလျက် အိမ်ထဲသို့ ဝင်လာ၏။ လက်ထဲမှာ အိတ်ကြီးတစ်လုံး ဆွဲထားသည်။

ဒေါ်ခင်ညို တံခါးပြန်ပိတ်လိုက်၏။ အမျိုးသမီးရပ်နေသောနေရာမှာ ရေများစိုကုန်၏။

"ဘယ်လိုဖြစ်တာလဲ . . . ဘယ်သွားမလို့လဲ . . ."

"ကျွန်မ သယ်န်းကျွန်းကပါ . . . ကျွန်မယောကျ်ားနဲ့ သူ့အမတွေ၊ နှမတွေ ဝိုင်းရိုက်ပြီး အိမ်ကနှင်ချလိုက်လို့ပါ . . ."

"ဟင် . . . ဘာဖြစ်လို့ . . . အဲဒီလိုလုပ်တာလဲ . . ."

"လင်မယားချင်း ရန်ဖြစ်တာ . . . သူ့အမတွေ၊ နှမတွေ ဝိုင်းပါကြတာ . . . သူတို့က အဓောတည်းက သဘောမတူကြ . . . နှိပ်စက်နေကြတာ . . . ကျွန်မလဲ မခံနိုင်တော့လို့ ဆင်းလာခဲ့တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ပြောရင်းငိုနေပါသည်။ အသက်က ခပ်ငယ်ငယ် သာရှိသေးသည်။ အသားလတ်လတ်၊ ရုပ်က ရွက်ကြမ်းရေကျို။

"နေစေလစေ့ ကိုယ်ဝန်ကြီးနဲ့ မိန်းကလေးရယ်၊ ဒုက္ခ . . ."

"ဟုတ်ပါတယ် အမရယ် . . . ဟိုဘက်နားက ကံ့ဘဲ့ဘူတာရဲ့ လမ်းမှာ ကျွန်မ အဒေါ်တစ်ယောက် ငါးခြောက်ရောင်းတာ ရှိပါတယ်။ သူ့ဆီလာတာပါ။ ကျွန်မမိဘတွေက ဟိုင်းကြီးကျွန်းမှာ။ ကျွန်မယော ကျ်ားက ဝန်ထမ်း။ ဟိုင်းကြီးကျွန်မှာ တာဝန်ထမ်းရင်း အိမ်ထောင် ကျပြီး လိုက်လာခဲ့တာ . . ."

"အခု အဒေါ်အိမ် သွားမှာလား . . ."

"အဒေါ်အိမ် ရောက်ခဲ့ပါပြီ၊ အဒေါ်မရှိတော့ဘူး . . . ပုသိမ် ပြောင်းသွားပြီတဲ့၊ ဒါနဲ့ [illegible] သိ ဖြစ်နေတုန်း လေတွေ မိုးတွေနဲ့ ဒုက္ခဖြစ်ရတာပါ။ ကျွန်မကို [illegible] တစ်ညလောက် အိပ်ခွင့် ပေးပါ အမရယ် . . . ဘယ်နားအိပ်ရအိပ်ရ မိုးလုံတဲ့နေရာလေး အိပ် ရရင်တော်ပါပြီ . . . မနက်ကျ ကျွန်မသွားမှာပါ . . ."

မိန်းကလေး ပြော[illegible]ပုံက [illegible]ရာ။

"ကဲ . . ကဲ . . အဝတ်အစား လဲလိုက်အုံး . . . အအေးမိလို့ ဖျားနေအုံးမယ် . . ."

မိန်းကလေးက သူ့အိတ်ကြီးကို ဖွင့်လိုက်သည်။ အိတ်ကမလုံ စိုပြဲနေသည်။ မိုးရေမျာ[illegible]၍ [illegible]အားလုံး စိုကုန်ပြီ။

"နေဦး . . နေဦး . . ငါ့အင်္ကျီနဲ့ လုံချည်ပေးမယ် . . ."





ကိုဘမင်း ပြန်အိပ်ပျော်သွားပြီ၊ ဒေါ်ခင်ညိုက ကိုယ်ဝန်ဆောင် မိန်းကလေးကို သူ့လုံချည်နှင့် အင်္ကျီထုတ်ပေးသည်။ ရေသုတ်ဖို့ သဘက်လည်းပေးသည်။

အဝတ်အစား လဲပြီးသည်နှင့် ဘာမျှမစားရသေးထင်၍ ဒေါ် ခင်ညိုက ကျန်သော ထမင်း၊ ဟင်းများကို ကျွေးသည်။

အိမ်အလယ်ခန်းမှာ ဆိုက်ကားလည်း ရှိသည်။ ကိုဘမင်း မ နက်စောစောထ၍ ဆိုက်ကားနင်းထွက်လျှင် ရှုပ်နေမည်စိုးသော ကြောင့် မီးဖိုဘေးမှ အခန်းလေးထဲမှာ အိပ်လို့ရအောင် နေရာလုပ် ပေးသည်။

"ကျေးဇူးပါပဲ အမရယ် . . . သူတော်ကောင်းနဲ့ တွေ့ရတယ်"

ကိုယ်ဝန်ဆောင် အမျိုးသမီးက ဒေါ်ခင်ညိုကို ရိုရိုသေသေ ကန်တော့သည်။

"ကဲ . . ကဲ . . အိပ်တော့ . . ."

ဒေါ်ခင်ညိုက ခြင်ထောင်ပါ ပေးထား၍ ဒုက္ခသည် မိန်းက လေးမှာ မိုးအေးသော်လည်း နွေးနွေးထွေးထွေး အိပ်ပျော်သွားသည်။

ဒေါ်ခင်ညို အိပ်ရာမှ နိုးသောအခါ ကိုဘမင်း ဆိုက်ကားနင်း ရန်ထွက်သွားပြီ။ မနက်စောစော ကံ့ဘဲ့ဘူတာရုံသွား၍ မြို့ပတ်ရထား နှင့်ပါလာသော ပန်းသည်များကို ရန်ကင်းဈေးသို့ ပို့ပေးခြင်းဖြစ်သည်။

ဒေါ်ခင်ညို မုန့်ဟင်းခါးဝယ်၍ မိန်းကလေးကို ကျွေးသည်။ သူကိုယ်တိုင်လည်း စားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမ နာမည်က ဘယ်လိုခေါ်လဲ ..."

"အေးသီ .. ပါ ..."

"နေ့စေ့လစေ့ကြီးနဲ့ ဟိုင်းကြီးကျွန်းပြန်လို့ ဖြစ်ပါ့မလား ..."

အေးသီ၏ မပေါ့မပါးကြီးကို လှမ်းကြည့်ပြီး ဒေါ်ခင်ညို စိတ်လေးနေမိသည်။

အေးသီပါးပေါ်မှ မျက်ရည်များ စီးကျနေသည်။ ငိုရှိုက်သံတစ်ချက် ထွက်လာ၏။

"ဒီအချိန်ဆို ပင်လယ်က ဖြတ်လို့မကောင်းတော့ဘူး ... ပုသိမ်သွားပြီး အဒေါ်ကိုရှာရမှာ ..."

"သူနေတဲ့ လိပ်စာ သိလား ..."

အေးသီ ခေါင်းရမ်းပြသည်။

"ဒါဆိုရင် ယောကျ်ားအိမ်ပဲ ပြန်သွားပေါ့ ..."

အေးသီ ခေါင်းရမ်းပြီး ရှိုက်ကြီးတငင်ငိုပါသည်။ အေးသီကိုကြည့်၍ ဒေါ်ခင်ညို သနားနေမိသည်။

"သိပ်ပြီး အခက်အခဲ ဖြစ်နေရင်တော့ မီးဖွားပြီးတဲ့အထိ ဒီအိမ်မှာ နေချင်လည်းနေပေါ့ ..."

"အမကြီး ကျေးဇူးကို တစ်သက် ဘယ်တော့မှ မမေ့ပါဘူးရှင် ..."

အေးသီက ဒေါ်ခင်ညိုကို ကန်တော့နေပြန်သည်။

"တစ်ခုတော့ ရှိတယ်အေ ... ငါ့ယောကျ်ားကိုတော့ ပြောရ





အုံးမယ် ..."

ကိုဘမင်းကိုပြောလျှင် ဒေါသတကြီးဖြစ်နေမည်ကို မြင်ယောင်၍ ဒေါ်ခင်ညို သက်ပြင်းတစ်ချက် ချလိုက်သည်။

. . . . . . . . . . . . . . . . . . .

"မဖြစ်ဘူးကွာ ... လုံးဝမထားဘူး ... မင်းက ပြဿနာအတော်ရှာချင်တဲ့ မိန်းမ ..."

ထင်သည့်အတိုင်းပင် ကိုဘမင်းက ပြင်းပြင်းထန်ထန်ငြင်းသည်။

"နေ့စေ့လစေ့ကြီးနဲ့ ဒုက္ခဖြစ်နေတာတော့် သနားစရာ ... ကူညီပါရစေ ... မွေးပြီးရင် သွားမှာပေါ့ ..."

ဒေါ်ခင်ညိုက ထပ်ပြောနေသည်။

"ဘယ်ကမှန်းလဲမသိ။ ဘာမှန်းလဲမသိ၊ မဖြစ်ပါဘူးကွာ ..."

ကိုဘမင်း ခွင့်မပြုချင်။

"ဘယ်ကဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ်တော် ကိုယ့်ရှေ့မှာဒုက္ခဖြစ်နေတာမြင်ရက်သားနဲ့ ကြည့်မနေချင်ပါဘူး ... မိန်းမအချင်းချင်းကူညီမှ ကောင်းမှာပေါ့ ..."

ဒေါ်ခင်ညိုကလည်း အတင်းအကျပ် တောင်းဆိုသည်။ နောက်ဆုံးတွင် ကိုဘမင်း ခွင့်ပြုခြင်း မဟုတ်သော်လည်း ပြင်းပြင်းထန်ထန်မငြင်းတော့ပါ။ အေးသီကို ဒေါ်ခင်ညို အိမ်မှာလက်ခံထားလိုက်သည်။

အေးသီက အလိုက်သိပါသည်။ မပေါ့ပါးသော်လည်း လုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် ကိစ္စမှန်သမျှ လုပ်ပေးသည်။ ညပိုင်းမှာ ကိုဘမင်း ပြန်လာလျှင် ဆိုက္ကားကို ပြောင်လက်နေအောင် သုပ်ပေးသည်။ ကိုဘမင်း ဘာမျှ မပြောတော့ပါ။

တစ်ပတ်သာကြာသည်။ သားလေးမွေးပါသည်။ အိမ်ထောင်သက် (၁၀) နှစ်ကျော်ပြီ ဖြစ်သော်လည်း ကလေးတစ်ယောက်မျှ မရသေး၍ သားသမီးအလွန်လိုချင်နေသာ ဒေါ်ခင်ညို ဝမ်းသာအားရဖြစ်နေသည်။ ကလေးကို ပွေ့လိုက်ရ ချီလိုက်ရသည်မှာလည်း မမောနိုင်၊ မပမ်းနိုင်။ ရေချိုးလျှင်လည်း သူကိုယ်တိုင်။

ကိုဘမင်းကတော့ အဖြစ်သည်းလွန်းသော သူ့မိန်းမကို သဘောမကျ၍ ကလေးကို ကောင်းကောင်းပင် မကြည့်။ မီးဖွားပြီး (၁၀) ရက်ခန့် ကြာသောအခါ အေးသီက သူ ပဲပြုတ်တက်သည်၊ စားတော်ပဲပြုတ် ရောင်းချင်သည်ဟု ပြောသည်။

''အို ‥ သွေးနုနု သားနုနုအေ ‥‥ ညည်းမို့ ကြံကြီးစည်ရာ''

ဒေါ်ခင်ညိုက ခွင့်မပြု။

တစ်လပြည့်သောအခါ အေးသီက ခွင့်တောင်းပြန်သည်။ ခွင့်မပြုလျှင် နေရသည်မှာ အားနာသည်။ သူသွားတော့မည်ဆို၍ အေးသီကို ဒေါ်ခင်ညို ပဲပြုတ်ရောင်းခွင့် ပြုလိုက်ရသည်။

ဒေါ်ခင်ညိုတို့အိမ်မှာ ကိုယ်စီကိုယ်ငှ ဝင်ငွေရနေကြသည်။ ကိုဘမင်းမှာ အထက်တန်းကျောင်းတွင် ညစောင့်ဖြစ်၍ ကျောင်းဝင်းပေါက်အနီးမှ ဤအိမ်ကလေးမှာ နေခွင့်ရခြင်းဖြစ်သည်။ နေ့ခင်းမှာ



ဆိုက္ကားနင်းသော အလုပ်ကိုလည်း လုပ်နိုင်သည်။ ဒေါ်ခင်ညိုက ဤကျောင်းမှာပင် သန့်ရှင်းရေး အလုပ်သမားဖြစ်သည်။ အေးသီက ပဲပြုတ်ရောင်းသည်။

အေးသီ စောစောထရောင်း၍ စောစောပြန်ရောက်သည်၊ အေးသီပြန်မရောက်မီ ကလေးငိုလျှင် ဒေါ်ခင်ညို ကလေးနှင့်နေရသည်။ အေးသီပြန်ရောက်မှ ဒေါ်ခင်ညို ကျောင်းသန့်ရှင်းရေး လုပ်ရသည်။

မိုးတွင်းကာလမှာ ဟိုင်းကြီးကျွန်းအထိ ပင်လယ်ခရီးသွားရန် သင့်တော်၍ အေးသီမှာ မလွှဲမရှောင်သာ ဒေါ်ခင်ညိုအိမ်မှာ ဆက်နေရသည်။ မိုးကုန်သည်နှင့် မိဘများရှိရာ ဟိုင်းကြီးကျွန်းသို့ ပြန်မှာဖြစ်ကြောင်း ကိုဘမင်းကို ပြောထားရသည်။

မိုးကုန်သွားသောအခါ အေးသီက ပြန်ချင်သည် ပြောမည်လား ကိုဘမင်းက ပြန်လွှတ်ရန် ပြောမည်လား ဒေါ်ခင်ညို စိတ်ပူနေရပြီ။ အေးသီပြန်လျှင် ကလေးပါသွားတော့မည်။ ဒေါ်ခင်ညို ကလေးကို အယောဇဉ်ဖြစ်နေပြီ။ ကလေးက သုံးလသားဖြစ်၍ ရယ်တတ် ပြုံးတတ်နေပြီ။

ယနေ့ ဒေါ်ခင်ညို နေ့လယ် အိမ်ပြန်နောက်ကျသည်။ ဆရာကြီးရုံးခန်းကို ရှင်းပေးနေရ၍ဖြစ်သည်။ ကိုဘမင်းက နေ့လယ်စာထမင်းကို အိမ်ပြန်စားသည်။ ယခင်ကတော့ အမြဲပြန်၍ ကျွေးရသည်။ ယခုတော့ ကိစ္စမရှိ။ နောက်ကျလျှင် အေးသီက အဆင်ပြေအောင် ထုတ်ကျွေးတတ်သည်။

www.burmeseclassic.com



ဒေါ်ခင်ညို အိမ်နားရောက်တော့ ကလေးငိုသံကြားရသည်။ ဒေါ်ခင်ညို ပြုံးလိုက်မိသည်။ ကလေးချိုချင်စိတ်နှင့် လက်ပြင်လိုက်မိ၍ဖြစ်သည်။

အိမ်ရှေ့ရောက်သည်အထိ ကလေးငိုသံက ကြားနေရဆဲ။

"အေးသီ ဘာများလုပ်နေလို့ပါလိမ့် . . ."

ဤမျှ အငိုခံသည်ကို ဒေါ်ခင်ညိုမကြိုက်။ ကလေးငိုသံက ရပ်မသွား။

"ဟင် . . . အိမ်တံခါးက ဘာလို့ပိတ်ထားတာပါလိမ့် . . ."

ဒေါ်ခင်ညို အံ့ဩသွားသည်။

အိမ်ရှေ့မှာ ဆိုက္ကားမရှိ၍ ကိုဘမင်းမရှိဟု သိလိုက်သည်။ မရောက်သေးသည်လား။ ပြန်သွားပြီလား မသိ။

"အေးသီ ဘာသွားဝယ်တာပါလိမ့် . . ."

အိမ်တံခါးက စေ့ရုံသာ စေ့ထားခြင်းဖြစ်သည်။

"ဟင်း . . ဒါမျိုးလုပ်ရင်တော့ ကုန်မယ် . . ."

ဒေါ်ခင်ညို အိမ်တံခါးကို ဆွဲဖွင့်လိုက်သည်။ အိမ်ထဲမှာ အေးသီ မရှိ။ ကလေးက ငိုနေဆဲ။ ငိုရသည်မှာကြာ၍ အတော်ပင် မောနေပြီ။

ဒေါ်ခင်ညို ကလေးရှိရာသို့ အရင်သွားလိုက်သည်။

"သားရေ . . လူလေး . . သားကြီး . . အမယ်လေး ငိုလိုက်တာတော် . . . မောတောင်နေပြီ . . ."



ကလေးမှာ ရှူရှူပေါက်ထား၍ အနီးများစိုရွှဲနေသည်။

"ရှူရှူတွေကလဲ ရွဲလို့တော် . . . ဟုတ်တာပေါ့ . . ငိုမှာပေါ့ . ."

ဒေါ်ခင်ညို ကလေးကို ကောက်ချီလိုက်သည်။ ကလေးက ဒေါ်ခင်ညို၏လက်ကို သိ၏။ အငိုတိတ်သွားသည်။ ဒေါ်ခင်ညို ကလေးချီရင်း အိမ်ရှေ့ထွက်ကြည့်သည်။ ခပ်လှမ်းလှမ်းမှ ကွမ်းယာဆိုင်မှာ တစ်ခုခုသွားဝယ်သည်လား လှမ်းကြည့်သည်။ မတွေ့ရ။ ကလေးကသာနေသည်မို့ ပြန်ငိုသည်။

အိမ်ပြန်လာပြီး ကလေးကို ရေပေါက်ကလေးများချ၍ တိုက်ပေးသည်။ အငမ်းမရ မျိုချနေသည်။

"ဩ . . ကလေးက ရေငတ်နေတာကိုး . . ."

ရေတော်တော်များများသောက်ပြီးမှ ကလေးကငြိမ်သွားသည်။ အနီးလဲ၊ ပုခက်ထဲပြန်ထည့်ပြီး အိမ်ရှေ့ထွက်ကြည့်ပြန်သည်။ အေးသီကို မတွေ့ရ။

အိမ်တံခါး စေ့ထားခဲ့ပြီး ခပ်လှမ်းလှမ်းမှဆိုင်များရှိရာ သွားကြည့်သည်။

"အိမ်က ကောင်မလေး . . ဒီဘက်လာတာ တွေ့လား . . ."

ကွမ်းယာဆိုင် ကောင်လေးကို မေးကြည့်သည်။

"အဒေါ်တို့အိမ်က အမလား . . ."

"ဟုတ်တယ် . . ."

"အဒေါ်ယောက်ျားဆိုက်ကားနဲ့ လိုက်သွားတယ်လေ . . ."

www.burmeseclassic.com



"ဟင် .. ဘယ်သွားတာလဲ ..."

"ဒါတော့ မသိဘူးလေ ..."

ဒေါ်ခင်ညို အိမ်ကို အမြန်ပြန်လာခဲ့သည်။

"ဘာလုပ်တာလဲ ... ဘယ်သွားတာလဲ ... ကိုဘမင်းက ဘာ လို့ လိုက်ပို့ရတာလဲ ..."

ဒေါ်ခင်ညို နားမလည်။

ကလေးက ငိုနေပြန်ပြီ။ သို့သော် ကလေးရှိရာ မသွားနိုင်သေး အေးသီအခန်းကို သွားကြည့်သည်။ သူ့အဝတ်အစားတွေ ဘာမျှ မျက်နှာသုပ် တဘက်ပေါင်းပင်မရှိ။ အေးသီလာစဉ်က ပါလာသေ စပ်ပြနေသည့် အိတ်အဝါကြီးကို သတိရ၍ ရှာကြည့်သည်။ မရှိ

"ဘယ်သွားတာပါလိမ့် .. ကလေးကို ဒီမှာထားပြီး .. ဟင်

အတွေးတစ်ခုက ဒိတ်ကနည်း ထိပ်ကိုဆောင့်၏။ ဒေါ်ခင် ကိုယ့်အခန်း ကိုယ်ပြန်ကြည့်သည်။ ကိုဘမင်းနှင့် သော့တစ်ချော စီယူထားသည်။ နှစ်ယောက်စလုံး မရှိလျှင် သော့ခတ်ထားနေ အေးသီ ရောက်လာကတည်းက လိုလိုမယ်မယ် သတိထား၍ မယားနှစ်ယောက် တိုင်ပင်ထားခြင်း ဖြစ်သည်။ ခုတော့ အခန် ခါးသော့ ပွင့်နေသည်။

ဒေါ်ခင်ညို ခပ်မြန်မြန်ဝင်သွားကြည့်သည်။

"ဟင် .. ဟုတ်တာပေါ့ ... သေချာပြီ ..."

ကိုဘမင်း အဝတ်အစားများ တစ်ခုမျှမရှိ။ အခန်းထောင့်





ချိတ်ထားသော ခရီးဆောင်အိတ် အညိုကြီးလည်း မရှိ။ မှန်တင်ခုံ ပေါ်ထားနေကျ မှတ်ဆိတ်ရိတ်သည့် ဂျုတ်ပါမရှိ။

"ဟင် .. အယုတ်တမာတွေ ... ယုတ်မာလိုက်ကြတာ ... မထင်ရဘူး .. ပိယိလိုက်ကြတာ ... ကျေးဇူးကန်းမ ... မီးလိုပူမယ့် ကောင်မ ... ငါ့ယောကျ်ားကို ခိုးသွားပြီး .. ငါ့ကိုတော့ ကလေးနဲ့ ထားပစ်ခဲ့တယ် ..."

ဒေါ်ခင်ညို တစ်ကိုယ်လုံး ဒေါသမီးလောင်၍ အသားများပါ ပူကျက်လာသည်။ အခန်းထဲမှ ထွက်လိုက်သောအခါ ကလေးငိုသံ က တစ်အိမ်လုံး ဆူညံနေ၏။

"ငို ... ငို ... သေအောင်ငို .. နင့်ကိုမွေးတဲ့ အမေကကောင် မသနားတာ ငါက ဘာလို့သနားရမှာလဲ ... အဆိပ်ပင်ရေလောင်း အယုတ်တမာရဲ့သွေး ..."

ကလေးရှိရာ ပုခက်ဆီသို့ လှည့်၍ပင်မကြည့်။

ရင်ထဲမှာ နာကျည်းလွန်းလှသည်။ ဒုက္ခရောက်နေသည်ကို သနား၍ ကယ်ခဲ့မိသည်။ ယောကျ်ားက သဘောမတူသည့်ပင် အတင်း အမေ့ပြောပြီး ရအောင်ထားခဲ့သည်။ ကလေးမွေးတော့လည်း ညီမ သားချင်းနှင့်မခြား ဆေးရုံလိုက်ပြီး ပြုစုစောင့်ရှောက်ခဲ့သည်။ ကျေး ဇူးကိုမထောက်။ လုပ်ပုံက ပြတ်သားသည်။

"ဟင်း ... ဟိုကောင်လဲ အတူတူပဲ .. အစကတော့ တင်းမာ လိုက်တာ ... တစ်သားမွေးပြီး တသွေးလှတော့ သွားရေတများများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့ …။ အယုတ်တမာတွေ … နင်တို့ကို မတွေ့တွေ့အောင် ရှာမယ် … တွေ့လို့ကတော့ နှစ်ယောက်စလုံး အသေသတ်မယ် ''

ဒေါ်ခင်ညို ဒေါသစိတ် ထိပ်တက်နေပြီ။ လုံချည်ကို တင်းတင်းပြင်ဝတ်လိုက်သည်။ ဆိုက္ကားနှင့် ထွက်သွားကြခြင်းဖြစ်သည်။ သူ့ယောက်ျားသွားမည့်နေရာ ကိုစဉ်းစားမိသည်။ ဝေဘာလီမှာ သူ့အစ်မကြီးရှိသည်။ သူ့အစ်မကြီးအိမ်မသွားလျှင် တောင်ဒဂုံမှာ သူ့သူငယ်ချင်း၊တစ်ယောက်ရှိသည်။

''သိကြသေးတာပေါ့ ဘမင်းရာ …''

သွားနိုင်သည့်နေရာ အားလုံးမှာ လိုက်ရှာရန် ဆုံးဖြတ်လိုက်သည်။ တွေ့သည်နှင့် ဝက်ဝက်ကွဲအောင် ပွဲကြမ်းပစ်လိုက်မည်။

ကလေးက သဲကြီးမဲကြီးငို၍ တစ်အိမ်လုံး ဆူညံနေ၏။

''ငိုစမ်း .. မောလိုသေအောင်ငို … အယုတ်တမာမရဲ့သား .. နင့်အမေကမှ နင့်ကိုမသနားတာ .. ငါကဘာလို့သနားရမှာလဲ ..''

နာစိတ်၊ မုန်းစိတ်၊ ဒေါသစိတ်က အားလုံးကို ဖုံးလွှမ်းသွားသည်။ ချစ်စိတ်၊ သနားစိတ်များ ကွယ်ပျောက်ကုန်သည်။

''ဘမင်း .. နင့်ကိုငါသတ်မယ် … ဒီလောက်ပေါင်းလာခဲ့ကြတဲ့ငါ့ကို နင်လုပ်ရက်တယ် … အကြံပက်စက်တဲ့ကောင် …''

နာစိတ်၊ မုန်းစိတ်နှင့်တွေးရင်း မျက်ရည်များက အသီးအတားမရှိ စီးကျလာ၏။

ယောက်ျားကို ဆုံးရှုံးရပြီဆိုသောအသိက ဆောက်တည်ရာ





မရအောင် ဝမ်းနည်းကြေကွဲရသည်။

''မုန်းတယ် .. ငါနင့်ကိုတွေ့အောင်ရှာပြီး အသေသတ်မယ်''

အချစ်ကြီးချစ်ခဲ့၍ အမုန်းကြီး မုန်းမိသည်။

''ဟင်း … သူတို့ကတော့ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားလိုက်ကြတာ …''

နှစ်ယောက်စလုံးနှင့် ဒေါ်ခင်ညို တွေ့ချင်စမ်းလှသည်။

ကလေးမှာ ငိုရလွန်း၍ မောနေဟန်တူပါ၏။ ငိုသံမှာ ကျယ်လောင်ခြင်းမရှိတော့ပါ။ သို့သော် ရှိုက်သံနှင့် ငိုနေဆဲ။

''ငို .. ငို .. နင့်အမေကြားအောင်ငို … နင့်ပထွေးကြားအောင်ငို .. အမျိုးမစစ်တဲ့ဟာတွေ … ငါ့အိမ်ထဲမှာ ဆူညံနေတာပဲ …''

ဒေါ်ခင်ညို ကလေးငိုသံကို မကြားချင်။ ကလေးကိုလည်း မမြင်ချင်။

''ဒီကလေးကို ငါဘာလုပ်ရမလဲ …''

ဒေါ်ခင်ညို စဉ်းစားသည်။

''ဟင် .. အကြံ[illegible] ရိပ်ကွက်လူကြီး အပ်လိုက်ရုံပဲ။ သူတို့ဘာသာကြိုက်တာလုပ် .. မိုးချင်ရာမို့ .. ငါကတော့ ဒီအယုတ်တမာမရဲ့ဒုက္ခကို မခံဘူး …''

အေးသီမျက်နှာကို မြင်ယောင်၍ ဒေါသပိုဖြစ်ရသည်။

''မိုက်ရိုင်းလိုက်တဲ့ ကောင်မ .. ကူညီခဲ့တဲ့ကျေးဇူးကောင်းမထောက်ဘူး … ငါ့ယောက်ျားကို လုပြေးပြီ … ကလေးကျတော့



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သေးတယ် . . .''

ထွေးလေ ဒေါ်သ ပိုဖြစ်လေ။

''ငါ့သနားမိတာ ငါ့အပြစ် . . . ဟုတ်တယ် . . ဒီကောင်မကို သနားပြီး ကူညီမိလို့ ငါ ဒုက္ခဖြစ်ရတာ . . .''

ထွေးမိတိုင်း ကြေကွဲ၍ မျက်ရည်များက မစဲနိုင်။

ကလေးငိုသံ ကျယ်လာပြန်သည်။ ကလေးရှိရာ ပခက်ဆီသို့ မကျေမနပ် လှမ်းကြည့်လိုက်သည်။

''အေး . . . ဟိုနှစ်ယောက်တိုင်ရင်း . . နင့်ကိုလည်း . . ရစ်ကွက်ရှုံးပို့ရမယ် . . .''

ကလေးရှိရာသို့ ဒေါ်သတကြီး လျှောက်သွားသည်။ ငိုနေသော ကလေးကို ကောက်ယူရန် လှမ်းကိုင်လိုက်သည်။ ကလေးအငို တိတ်သွားသည်။ ကလေး၏ မျက်လုံး၊ ပါးပြင်တို့မှာ မျက်ရည်များနှင့်

ကလေးက ဒေါ်ခင်ညို့ထံ လိုက်လိုဟန်ဖြင့် ခြေလက်ကလေးများ လှုပ်ခါနေသည်။ ဒေါ်ခင်ညို ကောက်မယူသေးဘဲ ကလေးကို ကြည့်လိုက်သည်။ ကလေးက ဒေါ်ခင်ညို့ကို ကြည့်ပြီး လက်ကလေးများ လှုပ်ယမ်းခါယမ်း လုပ်နေပြန်သည်။

''ဟင် . . သူ့ကို အခေါ်ခိုင်းနေတာလား . . .''

ယခင်ရက်များက အပြတ်တနိုး ချီခဲ့၍ ချစ်ခဲ့ရသော ကလေး မနက်ကပင် အလုပ်သွားခါနီး မွှေးခဲ့ရသေးသည်။ ဒေါ်ခင်ညို အလေ သားထွေးလျှက် –





ပါးပြင်ပေါ်မှာ မျက်ရည်များက အဆက်မပြတ် စီးဆင်းလာကြသည်။ ကလေးကို ထိကိုင်ထားသည့်လက်မှာ ကလေး၏ နွေးထွေးမှုနှင့် နူးညံ့မှုလေးကို ခံစားရ၏။

ခေါ်ပါတော့ဆိုသောသဘောနှင့် ကလေးက ခြေလက်များ လှုပ်ခါရင်း ဒေါ်ခင်ညို့ကို ကြည့်၍ ပြုံးလိုက်သည်။

''အို သားလေး . . . သားလေးရယ် . . .''

ဒေါ်ခင်ညို့၏ရင်ထဲမှာ မိခင်၏မေတ္တာ စိမ့်စမ်းရေကြည်များစီး ဆင်းသွားကြသည်။ ပါးပေါ်မှာတော့ မျက်ရည်များက စီးကျနေဆဲ။

ကလေးခမျာ ဆာစိတ်ဖြစ်လာ၍လားမသိ။ မျက်နှာလေးမဲ့သွားပြီး ငိုသံလေးထွက်လာသည်။

''ကြော် . . . သားလေးရယ် . . အမေခေါ်ပါ့မယ် . . . မငိုပါနဲ့ သားလေးရယ် . . .''

ကလေးကို ကောက်ချီ၍ ရင်ခွင်မှာအပ်ပြီး ပွေ့ပိုက်ထားလိုက်သည်။

''ဒီကလေးကို . . ငါရလိုက်ပြီ . . ဒီကလေးကို ငါပိုင်ပြီ . .''ဟုလည်း အနိုင်အမာသိလိုက်သည်။

စောစောက ဒေါ်သ၊ အာဃာတဖြင့် ပူလောင်နေသည်များ အားလုံး ပျောက်ကွယ်သွားကြသည်။

''သူနဲ့ငါ ကံတူအကျိုးပေး . . ရွှန်းမစ်ခံရတာချင်း အတူတူပဲ'' မျက်ရည်များက စီးကျနေဆဲ။ ဝမ်းနည်း၍လား၊ ဝမ်းသာ၍

ဇွဲ ပြုံးမန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားမရ။

ကလေးကိုပို၍ တင်းတင်းပါအောင် ပွေ့ဖိုက်ထားလိုက်၏။

"ငါ့သားလေး ... ငါ့သားလေး ဆာနေရှာရောမယ် ..."

ကလေးကို နို့မှုဝယ်တိုက်ရန် စဉ်းစားမိသည်။ ကလေးကို ချီပွေ့လျက် သူ့အခန်းဆီသို့ သွားသည်။ ခေါင်းအုံးကို မကြည့်လိုက်သည်။ ပိုက်ဆံသုံးထောင့်ငါးရာ။ သူထားသည့်အတိုင်း ခြေရာလက်ရာပျက်။ သူ့ယောက်ျားသိသော်လည်း ယူမသွား။

ပိုက်ဆံကို အမြန်ကောက်ယူလိုက်သည်။ အထွက်မှာ ကြိုးတန်းပေါ်မှ တဘက်ကို လှမ်းဆွဲလိုက်၏။ အိမ်တံခါးကိုပင် မပိတ်မိ။ ကိစ္စမရှိ။ ကလေးက ရင်ခွင်ထဲမှာပါလာပြီ။ ကလေးကလွဲလျှင် ဘာဆုံးရှုံးမှုကိုမှ စိုးရိမ်စရာမရှိ။

"ငါ့သားလေး .. ငါ့သားလေး ... ဘယ်သူ့မှမပေးဘူး။ ငါနဲ့ထိုက်လို့ ငါရတာ ..."

လမ်းထိပ်ဆီမှာ ဆိုက်ကားတစ်စင်း လာသည်ကိုမြင်၍ စိုးရိမ်စွာလှမ်းကြည့်လိုက်သည်။ သူတို့နှစ်ယောက် ပြန်လာမှာပင် စိုးရိမ်မိသည်။ သူ့အမေပြန်လာလျှင် ကိုယ့်ကလေးသည် သူ့ကလေး ပြန်ဖြစ်သွားလိမ့်မည်။

ကလေးကို နေမထိုးအောင် တဘက်နှင့်ခြုံပြီး လမ်းထိပ်မှ ကုန်စုံဆိုင်သို့သွား၍ နို့မှုတစ်ဘူးဝယ်သည်။

အိမ်ပြန်ရောက်သည်အထိ ကလေးကငိုခြင်းမရှိ။





"ငါ့သားလေး မောသွားရှာပြီ ... ငိုတောင်မငိုနိုင်တော့ဘူး ... ဆာလည်း သိပ်ဆာနေမှာပဲ ..."

သနားစိတ်ကြီးစွာဖြစ်မိပါသည်။

ကလေးကို ပခက်ထဲထည့်ပြီး ရေနွေးနှင့် နို့မှုဖျော်သည်။ ဖျော်ပြီးမှ ပူနေ၍ အအေးခံရသည်။ အေးပြီဆိုမှ တိုက်စရာနို့ဘူးမရှိ။ ဇွန်းကလေးနှင့်တိုက်ရသည်။ ကလေးမှာ ဆာလွန်း၍ သောက်ရှာ၏။

"မြော် ... သားလေးရယ် ..."

ဒေါ်ခင်ညိုရင်ထဲမှာ မိခင်စိတ်ဖြင့် သနားကြင်နာလျက်

နို့ဝသည်နှင့် ကလေးမှာ အိပ်ပျော်သွားသည်။ ဒေါ်ခင်ညို နို့ဘူးနှင့် နို့သီးခေါင်းဝယ်ချင်သည်။ ကလေးကို အိမ်မှာထားခဲ့ရန် စိတ်မချ။ သူ့အမေ လာခေါ်သွားမှာဖြင့်

"အမယ်လေး ... မဖြစ်ဘူး ..."

ကလေးပျောက်လျှင် ဆောက်တည်ရာမရ ရှူးရလိမ့်မည်။ ကလေးကိုပွေ့ချီပြီး တဘက်နှင့်အုပ်၍ ဈေးသို့သွားသည်။ ကလေးက ဒေါ်ခင်ညိုရင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ...

* * *

အရှေ့ဘက်ကောင်းကင်မှာ နေမင်း၏ ရွှေရောင်အလင်းရောင်များ ထွက်ပေါ်စပြုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လုပသောနံနက်ခင်းမှာ ငှက်ပြေညှင်းလေးတိုက်နေသည်။

လမ်းဘေးမှ စွယ်တော်ပင်ပေါင်းတွင် အဖြူရောင်ပန်းလေးတစ်ပွင့် လန်းလန်းစွင့်စွင့်။

ဒေါ်ခင်ညို၏ ခြေလှမ်းများ မိုသွက်လာသည်။

"မေမေပြန်လာပြီ . . . မေမေ . . ."

ငါးနှစ်အရွယ် ဖြူဖြူသန့်သန့်ကလေးငယ် ပြေးကာကြို၏။

"ဖြည်းဖြည်းလာပါသားရယ် . . . မောပါ့မယ် . . ."

ဒေါ်ခင်ညို ခေါင်းပေါ်မှ တောင်းကိုချပြီး သားကိုကြို၍ ပါးနှစ်ဖက်မှာ မွှေးလိုက်သည်။

သားအမိနှစ်ဦး၏ ကြည်လင်စွာ စီးဆင်းနေသော မေတ္တာစိမ့်စမ်းရေ။

ဒေါ်ခင်ညို ရန်ကုန်မှာ ခြေရာဖျောက်၍ ကျောက်ကြီးသို့ရောက်နေသည်မှာ ငါးနှစ်ကြာသွားပြီ။

ဒေါ်ခင်ညို အပျိုဘဝက ကံဘဲ့ဆရာအတက်သင်မှာ သန့်ရှင်းရေးဝန်ထမ်းလုပ်စဉ် ကထိက ဆရာမဒေါ်ဝင်းကြည်နှင့် ခင်မင်ရင်းနှီးခဲ့သည်။ ဒေါ်ဝင်းကြည်၏ အဝတ်များကို လျှော်ဖွတ်ပေးရင်း ဒေါ်ဝင်းကြည်ကိုစွမ်းသမျှ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဒေါ်ဝင်းကြည် တောင်ငူသို့ အလယ်တန်းကျောင်းအုပ်နှင့် ပြောင်းသောအခါ ဒေါ်ခင်ညိုကို ခေါ်သည်။ မလိုက်နိုင်ခဲ့။ နောက်ကော့ကိုဘမင်းနှင့် အိမ်ထောင်ကျပြီး ရန်ကင်းကျောင်းကို ပြောင်းခဲ့ခြင်းဖြစ်



သည်။

အေးသီ အိမ်ရောက်မလာမီမှာပင် ဒေါ်ဝင်းကြည့် ကျောက်ကြီးသို့ အထက်တန်းကျောင်းအုပ်နှင့် ပြောင်းရကြောင်း ကံဘဲ့ကျောင်းမှ သိခဲ့ရသည်။

သားကိုရသောအခါ အားလုံးနှင့်အဆက်ဖြတ်ပြီး ခြေရာဖျောက်ချင်သည်။ သားကိုခေါ်၍ မရောက်ဘူးသော ကျောက်ကြီးသို့ စွန့်စွန့်စားစား လာခဲ့ကြသည်။

ဆရာမဒေါ်ဝင်းကြည်နှင့် တွေ့သောအခါ အိမ်ထောင်ကျ ကလေးရပြီး ယောက်ျားဆုံးသွားပြီဖြစ်ကြောင်း မှသားမပါ လက်ာမချော ပြောလိုက်ရသည်။

ဆရာမကြီးက ကျောင်းသန့်ရှင်းရေးတာဝန်ပေးသည်။ ကျောင်းဝင်းအတွင်းမှာပင် ဆရာမကြီးအိမ်နှင့်ကပ်လျက်နေရာပေးထားသည်။ ဒေါ်ခင်ညို ကျောင်းသန့်ရှင်းရေးသာမက ဆရာမကြီးအိမ်သန့်ရှင်းရေး၊ အဝတ်များ လျှော်ဖွတ်ရေးမှအစ ချက်ပြုတ်ရေးပါကူညီနေသည်။

ဒေါ်ခင်ညို ရောက်လာသည်မှာ တစ်ကိုယ်တည်းအပျိုကြီးဖြစ်သော ဆရာမကြီးအတွက်လည်း များစွာအဆင်ပြေသွားသည်။

ဒေါ်ခင်ညို ပဲပြုတ်နည်းကို အေးသီနှင့်အတူ ကူညီရပ်ကိုင်နိုင်းတတ်ထားခဲ့သည်။ သားလေးကို ထားခဲ့၍ရသည့်အရွယ်မှစပြီး နက်စောစော ပဲပြုတ်ရောင်းသည်။

သားလေးကျောင်းစာရိတ်အတွက် ကြိုတင်ပြီး ငွေစုရသည်။ ယခု သားလေးကျောင်းစတက်နေပြီ။ သားအတွက် ဆိုသောဇောက အမောအားလုံး ပျောက်စေ၏။

ဈေးရောင်းရာမှပြန်လာ၍ သားကိုမြင်လျှင် ရင်မှာအေးရသည်။ သား၏ အပြုံးသည် အကောင်းဆုံးသော အားဆေးများ။

ဤနေရာတွင် သားအမိနှစ်ယောက်နေရသည်မှာ လုံခြုံသည်။ အားလုံးက သားအမိဟု သိထားကြသည်။ ကိုယ့်ဘာသာလည်း ကိုယ့်သားအရင်းဟု ယုံနေပြီ။

အေးချမ်းသော နေရာလေးမှာ ဒေါ်ခင်ညိုတို့သားအမိ၏ ဘဝလေး ငြိမ်းချမ်းသာယာ လှပလျက်။

လယ်တွင်းသားစောချစ်

www.burmeseclassic.com

# မမောပါဘူး ပျော်ပါတယ်

## မမောပါဘူး ပျော်ပါတယ်

နွေရာသီကျောင်းပိတ်ရက် တစ်ရက်၏ မနက်ပိုင်းမှာ ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီး ဦးဖိုးအောင်သည် မကြာမီ ထုတ်ပြန်ရမည့် အတန်းလိုက်အောင်စာရင်းကို စိစစ်နေသည်။

မြေးလေးက သူ၏ သုံးဘီးစက်ဘီးလေးကို အိမ်ထဲမှ တွန်းထုတ် လာသည်။

"မေမေ ညောင်ပင်အောက် သွားကစားမယ်နော် . . ."

မြေးကလေးက သူ့အမေကို ခွင့်တောင်းနေသံကြားရသည်။

"ဟင်း . . . သွားချင်မှာပေါ့ . . . ဟိုမှာ ကစားဖော်က စောင့် နေတာကိုး"

သမီးဖြစ်သူ၏စကားကြောင့် အိမ်အနောက်ဘက်မှ ညောင်ပင်ကြီးဆီသို့ ဦးဖိုးအောင် လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်အောက်မှ ကွပ်ပျစ်ပေါ်မှာ ခြံနီးချင်း မြေးလေးနှင့် ရွယ်တူ မြအေး ထိုင်စောင့်နေသည်ကို တွေ့ရသည်။

သမီးက ခြံထွက်ငှက်ပျောခိုင်မှ မှည့်နေပြီဖြစ်သော ငှက်ပျောသီးတစ်လုံးကို ဖြုတ်ပေးသည်။

"ရော့ . . ဒါသားဖို့ ပေးတာနော် ခဏနေဦး"

သမီးက နောက်တစ်လုံး ထပ်ဖြုတ်သည်။

"ဒါက မြအေးစားဖို့ ပေးလိုက်"

"ဟုတ်ကဲ့"

မြေးလေးက ငှက်ပျောသီးနှစ်လုံးကိုယူပြီး စက်ဘီးလေး စီး၍ ညောင်ပင်အောက်သို့ သွားသည်။

ဦးဖိုးအောင်၏ခြံထဲမှ ညောင်ပင်ကြီးမှာ နွေရာသီတွင် အရိပ်အာဝါသ အေးမြလှသည်။ လမ်းဘေးမှာဖြစ်၍ လမ်းပေါ်ကိုလည်း အရိပ်များ အုပ်မိုးနေသည်။

ညောင်ပင်မှာ ကလေးများ လာရောက်ကစားကြသည်။ အပူဒဏ် ရှောင်လိုကြသော လူကြီးများလည်း ညောင်ပင်ကြီးအောက်မှာ လာနားကြသည်။ ထို့ကြောင့် ဦးဖိုးအောင်က ညောင်ပင်ကို ပတ်ပြီး ကွပ်ပျစ်ကျယ်ကျယ် ရိုက်ပေးထားရုံမက ရေအိုးစင်ပါ တည်ပေးထားသည်။

မြေးလေးသွားပြီး ခဏအကြာတွင် သမီးအသံကို ကြားရသည်။





"အဖေ . . . အဖေ့မြေးကတော့ စိတ်ပျက်စရာပဲ"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"သူ့အတွက် ငှက်ပျောသီးတစ်လုံးပေးလိုက်တယ်၊ သူ့အကြောင်းသိလို့ မြအေးအတွက် တစ်လုံးထပ်ပေးလိုက်တယ်၊ သူ့ငှက်ပျောသီးမစားဘဲနဲ့ ပေးမှာစိုးလို့ အဲဒါ မြအေးကို ငှက်ပျောသီး ပေးတယ်၊ သူမစားဘဲနဲ့ ကိုင်ထားတယ် . . . မြအေးစားတာ ကြည့်နေတယ်၊ မြအေး ငှက်ပျောသီးကုန်သွားတော့ ဘာတွေ ပြောကြလဲမသိဘူး၊ ပြောနေကြတယ်၊ ခဏကြာတော့ သူ့ငှက်ပျော သီးကိုပါ မြအေးပေးလိုက်တယ်၊ ဟိုကောင်လေးက လူလည်လေး နှစ်လုံးစလုံး စားတယ်။ သူက ဘာမှ မစားရဘူး"

ဦးဖိုးအောင်သည် ဘာမျှ ပြန်မပြောဘဲ သူ့အလုပ်သူ ဆက်လုပ်နေသည်။ သမီးက သူ့သားဆီ ကြည့်နေဟန်တူပါသည်။

ခဏကြာတော့ သမီးအသံကို ဦးဖိုးအောင် ကြားရပြန်သည်။

"အဖေ့မြေးကတော့ စိတ်ညစ်စရာ သိပ်ကောင်းတာပဲ . . . တစ်ချိန်လုံး ဟိုကောင်လေး စက်ဘီးပေါ်တင်ပြီး လှည့်ပတ်တွန်း နေတာ ညောင်ပင်သုံးပတ်ရှိနေပြီ၊ ဟိုကောင်လေးက တစ်ခါမှလဲ မတွန်းဘူး၊ စက်ဘီးပေါ်ထိုင်လို့ သဘောကျနေလိုက်တာ . . . သူကဖြင့် တွန်းရတာ မောနေပြီ . . ."

ဦးဖိုးအောင် ညောင်ပင်ဆီသို့ ကြည့်လိုက်သည်။ မြအေးကို

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးပေါ်တင်ပြီး တွန်းနေသော မြေးလေးကို တွေ့ရသည်။

စက်ဘီးစီးရသော မြအေး ပျော်သလို တွန်းပေးသော မြေး-လေးကလည်း ပျော်နေသည်။

"သားရေ . . . လာဦး . . . စက်ဘီးယူခဲ့"

သူ့အမေခေါ်သံက မာကြောသည်။

မြအေး စက်ဘီးပေါ်မှ မြန်မြန်ဆင်းသည်။ မြေးလေး စက်ဘီးစီးပြီး ပြန်လာသည်။

"သားလာစမ်း . . ."

မြေးလေးစက်ဘီးပေါ်မှဆင်းပြီး သူ့အမေထံသို့ သွားသည်။

"မေမေ ငှက်ပျောသီးနှစ်လုံးပေးလိုက်တာ တစ်လုံးက သားစားဖို့ လို့ မေမေအသေအချာ ပြောတယ်မဟုတ်လား . . ."

မြေးလေးက ခေါင်းညိတ်ပြသည်။

"ငါ့မြေးက သနားတတ်တယ်၊ အနစ်နာခံစိတ်ရှိတယ်၊ သူများကို ကူညီချင်တယ်၊ ငါ့သမီးက စိတ်ကောင်းရှိတဲ့ သားလေးကို ရထားတာ ဝမ်းသာဖို့ကောင်းတာပေါ့၊ ငါ့မြေးတစ်သက်တာ အတွက် စိတ်ချရတယ်၊ ငါ့မြေးက ပျော်နေတာပါ၊ မမောပါဘူး ငါ့သမီးကသာ မောနေရှာ အဖေ စိုးရိမ်တယ်"

"ဘာဖြစ်လို့ နှစ်လုံးစလုံး မြအေးကို ပေးရတာလဲ . . . မြအေးက သိပ်လည်တာပဲ နှစ်လုံးစလုံးကို သူချည်းပဲ စားပစ်တယ်၊ သားက သိပ်အတာပဲ . . . ဘာဖြစ်လို့ သားငှက်ပျော



သီးကို ပေးရတာလဲ . . ."

သမီးက မကျေမနပ်မေးနေသည်။ မြေးလေး ဘာဖြေမည်ကိုသိချင် ၍ ဦးဖိုးအောင်လှမ်းကြည့်လိုက်သည်။

"သားက မနက်စာထမင်း စားပြီးပြီ။ မြအေး ခုထိ ဘာမှ မစားရသေးဘူး . . . မေမေ သူ့အမေက ထန်းတောရွာ သွားပြီး ဈေးရောင်းနေတယ်၊ သူ့အမေ ပြန်လာမှ စားရမှာတဲ့ သူ သိပ်ဆာနေတာ သနားလို့ ကျွေးလိုက်တာပါ မေမေ . ."

ဦးဖိုးအောင် မြေးလေးကို လှမ်းကြည့်ရင်း မသိမသာ ခေါင်းညိတ်မိသည်။

"ဟင်း . . . စက်ဘီးစီးတော့လဲ သားကချည်း သူကို တွန်းပေးနေရတာ . . . သူကတစ်ခါမှလဲ ပြန်တွန်းမပေးဘူး သားက တစ်ခါမှလဲ မစီးရဘူး မြအေးက သိပ်လည်တာပဲ၊ သားက စက်ဘီးလဲ ဝိုက်ရသေးတယ်၊ သူ့ကိုလဲ တင်တွန်းရသေးတယ်၊ သိပ်အတာပဲ . . . ဘာလို့ တစ်လှည့်စီ မစီးရတာလဲ . . ."

မြေးလေးဖြေမည့်စကားကို ဦးဖိုးအောင် နားစွင့်နေရပြန်သည်။

"သားက တွန်းပေးစရာမှမလိုဘဲ . . .၊ ကိုယ့်ဘာသာ စီးတတ်တာပဲမေမေ သူက မစီးတတ်လို့ တွန်းပေးရတာ"

"ဒါဆို တစ်လှည့်စီ စီးပေါ့ သူက စက်ဘီးပေါ်က မဆင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက သားကိုတွန်းပေးမယ် ပြောပါတယ်မေမေ၊ သားက တစ်နေ့လုံး စီးလို့ရတာပဲ သူက စက်ဘီးမရှိတော့ သားနဲ့တွေ့ တုန်းစီးရတာ"

မြေးလေးမှာ သူ့အဖြေနှင့်သူ ရှိနေပါပြီ။ ထိုအဖြေများတွင် သူ့သဘောထားလည်း ပါပြီး ဖြစ်နေပါသည်။

"အဖေ့မြေးကို ပြောပါဦး . . . ဘီးတွန်းရတာနဲ့မော နေပြီ"

သမီးက ဖခင်ဖြစ်သူကို အကူအညီတောင်းနေသည် သမီးနှင့် မြေးကိုကြည့်ပြီး ဦးဖိုးအောင်ပြုံးလိုက်သည်။

"ငါ့မြေးက သနားတတ်တယ်၊ အနစ်နာခံစိတ်ရှိတယ်၊ သူများကို ကူညီချင်တယ်၊ ငါ့သမီးက စိတ်ကောင်းရှိတဲ့ သားလေးကို ရထားတာ ဝမ်းသာဖို့ ကောင်းတာပေါ့၊ ငါ့မြေး တစ်သက်တာ အတွက် အဖေစိတ်ချတယ်၊ ငါ့မြေးက ပျော်နေတာပါ၊ မမောပါဘူး . . . ငါ့သမီးကသာ မောနေရမှာ အဖေ့ိုးရိမ်တယ်"

မြန်မာဂုဏ်ရည်မဂ္ဂဇင်း
၂၀၀၂ -ဇွန်လ အထူးထုတ်



www.burmeseclassic.com

www.burmeseclassic.com

# တီတီ . . . တီတီတီ

## တီတီ . . . တီတီတီ

ကျွန်တော်တို့သားအဖ မော်ဘီ ချမ်းမြေ့ရိပ်သာမှ ကားနှင့်ထွက်လာချိန်မှာ ည ၇ နာရီ ကျော်နေပါပြီ။

မိုးကလေး ဖွဲဖွဲရွာ၍ ညမှာ မှောင်နေသည်။

"ဖြည်းဖြည်းမောင်းနော် ငါ့သား . . . မိုးရွာတော့ လမ်းက ချောနေတာ အန္တရာယ်ရှိတယ် . . ."

ကျွန်တော်က သားကို သတိပေးသည်။

လာစဉ်က ကိုယ်တိုင်မောင်းလာခဲ့ခြင်းဖြစ်သည်။ ခုလာ ရဟန်း ဝတ်နေသော သားလူထွက်သည်ကို ကြိုခြင်းဖြစ်သည်။

အပြန်ကျတော့ ညမှောင်လျှင် မျက်စိက ကားမီးထိုးသည်ကို မခံနိုင်၍ ရဟန်းလူထွက်စဖြစ်သော သားကို မောင်းခိုင်းရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားက ကားကို ခပ်မှန်မှန်သာ မောင်းပါသည်။

ကျွန်တော်တို့ကားကို နောက်မှ ကားများ တစ်စင်းပြီးတစ်စင်း ကျော်တက်နေကြသည်။

(၁၀) ရက် ဘုန်းကြီးဝတ်တရားထိုင်ထား၍ သား၏စိတ်များ အပြောင်းအလဲ ရှိနေပါသည်။ ယခင်ကဆိုလျှင် လူငယ်ပီပီ သူ့ကားကို သူများကား ကျော်တက်လျှင် သဘောကျသည်မဟုတ်။ မိုးရွာ၍လည်း မောင်းရှိန်လျှော့သည်မရှိ။ အနည်းဆုံး ကီလို (၈၀)ကတော့ မောင်းနေကျ။

ဒိုင်ခွက်ဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်သည်။ ကီလို ၆၀ နှင့် ၇၀ ကြားမှာ ရှိသည်။ အန္တရာယ်ကင်းစွာမောင်းနေခြင်းဖြစ်သည်။

လမ်းမှာ ညက်ညော ကောင်းမွန်သော်လည်း ကိုယ်မောင်းနေကျမဟုတ်။ အကွေ့အကောက်လည်း များသည်။

မိုးကလည်းမစဲသေး။ တဖွဲဖွဲရွာနေဆဲ။

ကားမှန်ရှေ့မှ ရေသုတ်တံလေးက မိုးရေများကို မှန်မှန်သုတ်ပေးနေသည်။

ရှေ့ဆီမှ ကားတစ်စင်းလာနေသည်။ အပေါ်မီးဖွင့်၍ မောင်းလာခြင်းဖြစ်၍ ကိုယ့်ဘက်မှာ မျက်နှာတည့်တည့် မီးထိုးခံရသည်။

သားက ကားမီးကို ပိတ်လိုက်ဖွင့်လိုက်လုပ်၍ အောက်မီးချပေးရန် တောင်းသည်။ တစ်ဖက်ကားက ဘာမျှ တုံ့ပြန်ခြင်းမရှိ။



အပေါ်မီးဖွင့်လျက်နှင့်ပင် အရှိန်ပြင်းစွာ မောင်းသွားသည်။ သူ့ကားမှာ အင်ဂျင်အားကြီးသော ကားကောင်းဖြစ်သည်။ တစ်ဖက်သားကို ညှာတာခြင်း အလျဉ်းမရှိ။

"ရက်စက်လိုက်တဲ့ကား . . . ဖေဖေမပြောနဲ့သားတောင် မျက်လုံးတွေ ပြာသွားတာပဲ . ."

"သတိထား မောင်းငါ့သား . . မရရင် လမ်းဘေးချရပ်ထားလိုက် တစ်ချို့လူတွေက ညှာတာစိတ်မရှိကြဘူး . ."

သားက ခပ်မှန်မှန်ဆက်မောင်းလာပါသည်။

သိပ်မကြာလိုက်ပါ။ မီးအားကောင်းသော ကားကြီးတစ်စင်းနဲ့ ရင်ဆိုင်ရပြန်သည်။ သားက မီးကို မှိတ်ချည် ဖွင့်ချည်ပြ၍ အချက်ပြသည်။

ကားကြီးက အားကြီးသော ရှေ့မီးကြီးများကို ပိတ်ပေးပြီး အရှိန် လျှော့၍ မောင်းလာသည်။ ကျွန်တော်တို့ကားလေး မီးရောင်ထိုးသော အန္တရာယ်မှလွတ်၍ နှစ်ဦးစလုံး ဘေးကင်းစွာ ဆက်မောင်းကြသည်။

အမှောင်ထဲမှာမို့ ကားကြီးမောင်းသူကို လှမ်းမမြင်လိုက်ရသော်လည်း ညှာတာစိတ်နှင့် တုံ့ပြန်မှုရှိသူအဖြစ် လေးစားလိုက်မိသည်။

တီ . . . တီ . . .

သားက ကားဘာသာစကားဖြင့် ကျေးဇူးတင်ကြောင်း

www.burmeseclassic.com

ဟွန်းနှစ်ချက်တီး၍ အသိပေးလိုက်သည်။

'တီ'

ကားကြီးမှလည်း 'ရပါတယ်'ဟု တုံ့ပြန်သံ ထွက်ပေါ်လာသည်။

စိတ်ကောင်းရှိသူ ဖြစ်ပါသည်။ နောက်ထပ် ကားသုံးစီးနှင့် ရင်ဆိုင် ရှောင်ရပြန်သည်။ သုံးစီးလုံး အထက်မီးနှင့် ထိုးသွားကြသည်။ အောက်မီးချပေးခြင်း အရှိန်လျှော့ခြင်း လုံးဝမရှိ။

အမှန်စင်စစ် သူအန္တရာယ်ရှိလျှင် ကိုယ်လည်း အန္တရာယ်မကင်းပါ။ ကားမီးထိုး၍တစ်ဖက်လူ မျက်စိပြာပြီး ရှောင်တိမ်းရာမှာ ကိုယ့်ကားနှင့် မလွတ်လျှင် သူသာမက ကိုယ်ပါ ဒုက္ခရောက်မည် ဖြစ်ပါသည်။ သူအန္တရာယ် ကင်းမှ ကိုယ်လည်း အန္တရာယ်ကင်းပါသည်။

သို့သော် ကားမောင်းသူ[illegible]တော်များများမှာ စဉ်းစဉ်းစားစားစာစာနာနာ မရှိကြ။ ပို၍သတိထားရသည်မှာ သူ့ဘက်က အပေါ်မီးထိုးထားချိန်မှာ ကိုယ့်ညာဘက် လမ်းဘေးမှ စက်ဘီးနှင့် လူတို့ကို ကောင်းစွာ မမြင်ရခြင်း ဖြစ်သည်။ မမြင်၍ တိုက်မိလျှင် အတိုက်ခံရသူမှာ အသက် အန္တရာယ်ရှိမည်။ တိုက်သူမှာလည်း အမှုအခင်းကြုံ၍ ထောင်ကျမည်။

ညအခါတွင် လမ်းဘေး လမ်းလယ်မှ ကားရှောင်သူများသည် ကားမီးထိုးလျှင် မြင်ရ[illegible]ည်ထင်ပြီး နေမှာလိုပင် ရဲရဲဝံ့ဝံ့





ရှိနေကြသည်။ အချို့ဆိုလျှင် လမ်းလယ်မျဉ်းပေါ်မှာပင် စိတ်ချလက်ချရပ်နေကြသည်။

အန္တရာယ်ကြီးမားလှပါ၏။ ရင်ဆိုင်ကားခြင်းမီးထိုးထားလျှင် အမြင်များ ဝေဝါး၍ လမ်းလယ်မှ လူကိုမမြင်ရပါ။ လမ်းဘေးမှ လူကိုလည်း ဝေ ဝေဝါးဝါးသာ မြင်ရပါသည်။ အနားကပ်မှ ဘွားခနဲ တွေ့လျှင် တိမ်းရှောင်ရခက်ပါသည်။

တံတားဖြူနားတွင် ညအခါ လမ်းလယ်မှာ ရပ်ထားသည့် အတွဲလေး တစ်တွဲ နှစ်ယောက်အတူ သေဆုံးခဲ့ရသည်ကို သတိရ၍ သားကို သတိပေးမိသည်။

"သားရေ . . . လူနဲ့ စက်ဘီးကိုလည်း သတိထားကြည့်ဦးနော် . . ."

"ဟုတ်ကဲ့ မေမေ"

မိုးက ရွာနေဆဲ

တီ . . . တီ . . .

နောက်မှ ကားတစ်စီးက ကျော်တက်ရန် လမ်းတောင်းနေသည်။ သားက ဘေးဘက်ကပ်ပြီး လမ်းပေးသည်။

ကားအမျိုးအစားကို ခွဲခွဲခြားခြားမသိလိုက်ရပေမယ့် ကားကောင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ကားကို ကျော်မောင်းသွားပါသည်။

"ငါ့သား . . . သူ့နောက်က လိုက်ပါသား . . .



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကားရှိ တော့ မီထိုးတာ သက်သာတာပေါ့ . ''

သားက စက်ရှိန်ကိုမြှင့်ပြီး အမီလိုက်သည်။ ကားလေးက အမြန် မောင်းနေသည် ။ အတော်လိုက်နေရသည်။ မိုးရွာထဲမှာ ကီလို ၈၀ ကျော်သည်အထိ လီဗာနင်းနေရသည်။

''ဪသား . . မမီရင် မလိုက်နဲ့တော့ အန္တရာယ်များတယ်''

သားက စက်ရှိန်မလျှော့မီမှာပင် ရှေ့ကားလေးကို မီလာသည်။ ဆက်မောင်းသောအခါ ကီလို ၇၀ နှင့် ၈၀ ကြားမှာ သူ့ကားကို မီအောင် မောင်း၍ရနေသည်။ ရှေ့ကားမောင်းသည့် အရှိန်လျှော့သွားသည်မှ သိသိသာသာ ဖြစ်ပါသည်။

ရှေ့ကားက သားတို့ကို စောင့်ခေါ်နေတာ ဖေဖေ . . . ''

''အေး ဟုတ်တယ်ကွ ဖေဖေလည်း အဲဒီလို ထင်တယ်''

သားက သူနှင့်မကွာအောင် လိုက်မောင်းပါသည်။ လမ်းဖြောင့် လမ်းကောင်း လမ်းရှင်းလျှင် သူက ကီလို ၈၀ ခန့် မောင်းသည်။ ကွေ့တော့မည်ဆိုလျှင် သူ့ကားနောက်မှ ဘရိတ်မီးလေး နီရဲသွားသည်။ ကျွန်တော်တို့ကား အရှိန်လျှော့၍ရပါသည်။

တိတိ . . . ရှေ့မှ ဝါးတင်ထားသော ကုန်ကားကြီးကို ကျော်တက်ရင်းနှင့် လက်တစ်ချောင်းထောင်ပြသည်ကို နောက်မှ လှမ်းမြင်ရပါသည်။

''သူနှင့် အတူပါလာသော ကားတစ်စီးနောက်မှာ ပါသေးသည်''ဟု အချက်ပြသွားခြင်းဖြစ်၏။





''ဟိုမှာတွေ့လား ဖေဖေ . . . နောက်မှာ တစ်စင်းပါသေးတယ်လို့ ပြနေတာ . . . ''

''အေး ဟုတ်တယ်ကွ . . . ''

သားရော ကျွန်တော်ပါ သတိထားမိကြပါသည်။

သူ့ကို အားကိုးပြီးနောက်မှ လိုက်မောင်းသည်ကို ပါးနပ်လိမ္မာစွာ သိနားလည်ခဲ့သူ ဖြစ်ပါသည်။ စိတ်ကောင်းစေတနာကောင်းရှိသူလည်း ဖြစ်၍ အမြန်မောင်းနေသော အရှိန်ကို လျှော့ချပြီး ကျွန်တော်တို့လိုက်နိုင်မည့် မြန်နှုန်းနှင့် စောင့်ခေါ်ခဲ့သည်။

လေးစားအားကိုးထိုက်သော စိတ်သဘောထား ကြီးမြတ်သူဖြစ် ကြောင်း ကျွန်တော်တို့ သားအဖ နားလည်ကြပါသည်။

မှော်ဘီကိုကျော်၍ ထောက်ကြံ့ကို ဖြတ်လာခဲ့ကြပြီ။ ရှေ့မှကားလေး သည် ကားကျော်တက်တိုင်း လက်တစ်ချောင်းထောင်ပြခဲ့၍ နောက်မှလိုက်ရသော ကျွန်တော်တို့အတွက် အဆင်ပြေပါ၏။ ကျွန်တော်တို့လိုက်နိုင်သောအရှိန်နှင့် မောင်းသည်။ နည်းနည်းကွာသွားလျှင် မြန်နှုန်းလျှော့ချပြီး စောင့်ခေါ်သည်။ ကားမောင်းပုံကလည်း ကျွမ်းကျင်သည်။

မိုးလေးကလည်း တဖွဲဖွဲရွာနေဆဲ။ သို့သော် ရှေ့ကားကို အားပြုလိုက်ပါရ၍ အန္တရာယ်ကင်းစွာ အဆင်ပြေပါ၏။

တစ်လမ်းလုံး ကျေးဇူးတင်စိတ်ဖြစ်နေရသည်။

မင်္ဂလာဒုံရောက်လာပြီ။ မကြာမီ ကျွန်တော်တို့ လမ်းခွဲ



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်။ ခရေပင်လမ်းခွဲသို့ရောက်လျှင် ကျွန်တော်တို့ ကားက ဘယ်သို့ကွေ့ရမည် သူက ပြည်လမ်းအတိုင်း ဆက်သွားလိမ့်မည်။

လမ်းခွဲကို ရှေ့မြင်နေရပြီ။ သားက ဘယ်ကွေ့မည် အချက်ပြမီးကို ဖွင့်လိုက်သည်။ ရှေ့ကား နောက်ကြည့်မှန်တွင် မြင်လိမ့်မည်ထင်ပါသည်။

တီတီ . . . တီ . . . တီ . . . တီ''

သားက ဟွန်းကို နှစ်ချက်ဆင့်တစ်ခါ၊ သုံးချက်ဆင့်တစ်ခါ နှိပ်လိုက်သည်။

"''ငါတို့ ဒီမှာ လမ်းခွဲတော့မယ် သူငယ်ချင်းရယ် . . . နှုတ် ဆက်ပါတယ် . . . ကျေးဇူးတင်ပါတယ်''ဟူ၍ အချက်ပေးလိုက် ခြင်း ဖြစ်သည်။

"တီတီ . . . တီတီတီ"

ရှေ့ကားဆီမှ တူညီသော ကားဟွန်းသံထွက်ပေါ်လာပါ၏။

"ရပါတယ် သူငယ်ချင်းရယ် . . . ငါလည်း နှုတ်ဆက်ခဲ့ပါတယ် . . .''ဟူ၍ အချက်ပေးပြီးသည်နှင့် သူ့ကားလေး၏ အရှိန်နှင့် သိသိသာသာ လျှင်မြန်သွားပါသည်။

ကျွန်တော်တို့အတွက် အရှိန်လျှော့မောင်းနေခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ကျွန်တော်တို့ နေခဲ့ပြီဖြစ်၍ သူ့အရှိန် အတိုင်း မောင်းသွားပြီ ဖြစ်သည်။

လမ်းကြောင်းပေါ်တွင် တစ်နာရီနီးပါးသာ အမှတ်မထင်



ဆုံလိုက်ရခြင်း ဖြစ်ပါသည်။

သူ့ကားကို အားကိုးအားထားပြုပြီးနောက်မှ အမိလိုက် မောင်းသည်ကိုသိသည်နှင့် ကျွန်တော်တို့ကို သူကူညီစောင့်ရှောက် ခဲ့သည်။

ကိုယ်ဘယ်သူဘယ်ဝါဟု သူမသိ။ သူဘယ်သူဘယ်ဝါမှန်း လည်း ကိုယ်မသိ။ နောင်လည်း ဘယ်တော့မှ ဆုံကြမည် မဟုတ်။ ဆုံလျှင်လည်း ဤသို့ ကြုံခဲ့ကြသည်ကို သိမည်မဟုတ်။

သို့သော် ကောင်းမြတ်သောစိတ်သဘောထားသည် ကျွန် တော်တို့ သားအဖ၏နှလုံးသားတွင် စွဲစွဲထင်ထင် ကျန်ရစ်နေခဲ့ပါ သည်။

ကျွန်တော်တို့ ကားလေး ဘယ်ဘက်သို့ ကွေ့လိုက် သည်နှင့် အဝေးကြီး ရောက်သွားပြီဖြစ်သော သူ့ကား နောက်မီး လေး မြင်ကွင်းမှ ပျောက်ကွယ်သွားပါသည်။

မမြင်လိုက်ရသော မသိသူကို ရင်ထဲမှာ လွမ်းလျက်ကျန်ရစ် ခဲ့ပါ၏။

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း
၂၀၀၁ - ခုနှစ် စက်တင်ဘာ

www.burmeseclassic.com

www.burmeseclassic.com

# မာရသွန်ပွဲမှ မျက်ရည်

## မာရသွန်ပွဲမှ မျက်ရည်

ဆူဆူညံညံ အသံများကြောင့် အိပ်ပျော်နေရာမှ နိုးရသည်။ ပတ်ဝန်းကျင်မှာ မှောင်အတိရှိနေဆဲ။ အရှေ့ထဲဦး၏ ရွှေ့ပြေး အလင်းရောင်လေးပင် မလာသေး။ နံနက်လေးနာရီခန့်သာ ရှိဦးမည်။

မြစ်ကြီးနားဆောင်းသည် အေးလွန်းလှ၏။ အိပ်ရာထဲမှ နွေးထွေးစွာ အိပ်ပျော်နေဖို့ကောင်းသော အချိန်ဖြစ်သည်။

သို့သော် လမ်းဘက်ဆီမှ နိုးနိုးကြားကြားဖြစ်နေသော အသံများ အဆက်မပြတ် ထွက်ပေးနေသည်။ လူကြီးသံမဟုတ်။ ငယ်သူတို့၏ အသံများ ဖြစ်၏။

ရယ်သံ၊ ခေါ်သံ၊ လှမ်းအော်ပြောသံနှင့်အတူ ပြေးလွှားနေသော ခြေသံများ၊ အနီးမှ အသံများ၊ တောင်ဘက်ဆီသို့ တဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ဝေးဝေးသွားသည်။

မြောက်ဘက်ဝေးဝေးမှ အသံများက တဖြည်းဖြည်း နီး၍ လာပြန်ပြီ။ ပြီးတော့ အိမ်အနီးမှ ဖြတ်ကျော်သွားကြသည်။

တစ်သုတ်ပြီးတသုတ် အသံများက အသစ်သစ်ထွက်ပေါ်လာနေ၏။ မီနီမာရသွန်အတွက် အပြေးလေ့ကျင့်နေကြသော ကလေးများ၏အသံ ဖြစ်ပါသည်။

သူတို့၏ အသံများက တက်ကြွလန်းဆန်းနေသည်။ အေးသည့် ချမ်းသည်က သူတို့ကို ဟန့်တားနိုင်ခြင်းမရှိ။

နံနက်တိုင်းကြားနေရသော အသံဖြစ်သည်။

သူတို့၏ ပျော်ရွှင်တက်ကြွမှုကို သဘောကျသည်။ သို့သော် ကျွန်တော်ကတော့ အိပ်ရာထက်မှာ စောင်ထူထူခြုံလျက် ပြန်အိပ်ပျော်သွားသည်။

* * *

ယနေ့ မာရသွန်ပြိုင်ပွဲနေ့ဖြစ်သည်။ နံနက် လေးနာရီလောက်ကတည်းက မြစ်ကြီးနား တစ်မြို့လုံး ဆူဆူညံညံ နိုးကြားနေသည်။

ကျွန်တော်လည်း အိပ်ပျော်နေ၍ မရတော့ပါ။ ပြိုင်ပွဲကြီးကြပ်သူများတွင် ပါဝင်၍ တာလွှတ်ရန်နေရာသို့ရောက်နေရသည်။

ပန်စွန် ဂေါက်ကလပ်ရှေ့မှာ တာလွှတ်စင်မြင့်ရှိသည်။





အပြေးသမားများ ရောက်ရှိနေကြပြီ။ အမျိုးသား ဖိတ်ခေါ်မာရသွန်၊ ပြည်နယ်အဆင့် မာရသွန်၊ ပြည်နယ်အလွှတ်တန်း အမျိုးသမီးမာရသွန်နှင့် မီနီမာရသွန် ကျား မ နှစ်မျိုးခွဲထားသည်။

အားလုံးပေါင်း ငါးမျိုးဖြစ်သည်။

အလွှတ်တန်းတွင်ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ ဇန်းမော်၊ စစ်ကိုင်း၊ တောင်ကြီး၊ တစ်နိုင်ငံလုံးမှ ပါဝင်သည်။ ကျန်သည့် မာရသွန်လေးခုမှာ ပြည်နယ်အတွင်းမှ လူများသာ ပြိုင်ခွင့်ရှိသည်။

ကလေးများကို တစ်ပေါင်းတည်း စုစည်းထားသောနေရာသို့ သွားကြည့်သည်။

ကလေးများမှာ ဆူညံစွာနှင့် တာလွှတ်ချိန်ကို စောင့်ဆိုင်းနေကြသည်။ ပြည်နယ်မှ ထုတ်ပေးထားသည့် မာရသွန်တံဆိပ်ပါသော စွပ်ကျယ်အင်္ကျီများကို ကလေးများအားလုံး ဝတ်ထားရသည်။

စွပ်ကျယ်ရှေ့နောက်မှာ နံပါတ်တံဆိပ်များကပ်လျက် ကျွန်တော်တို့ နံနက်တိုင်း တရေးနိုးအောင် နှိုးကြသည့် ကလေးများဖြစ်သည်။ အားလုံးပေါင်း ၁၀ နှစ်အောက်များဖြစ်ကြသည်။ ၅ နှစ်အရွယ်ကလေးများအထိ ပါသည်။ သူတို့ပြေးရမည့် ခရီးအကွာအဝေးက ၁၃ မိုင်ဖြစ်သည်။

''ဒီကောင်တွေ တကယ်ပြေးနိုင်ပါ့မလား'' သံသယဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ မနက်တိုင်း လေ့ကျင့်နေကြပဲ။ ရတဲ့သူလည်း ရမှာပေါ့။ လမ်းမှာ ကျန်တဲ့သူလည်း ကျန်မှာပေါ့။

သို့သော်သူတို့အားလုံးကတော့ အားမာန်အပြည့်၊ ဟန်အပြည့်။

နံနက် ၆ နာရီမထိုးမီ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးရောက်လာသည်။

အပြေးသမားအားလုံးအတွက် တာလွှတ်သည့်စင်ရှေ့မှာ နေရာယူထားကြသည်။

ကချင်ပြည်နယ်၏ ဂုဏ်ထူးဆောင်၊ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် အပြေးချန်ပီယံ အားကစားသမားနှစ်ဦးဖြစ်သည့် ဦးရှင်ဖွေကမ်းနှင့် ဦးမိတုံနော်တို့ ခြံရံလျက် တာလွှတ်စင်မြင့်ပေါ်သို့ တိုင်းမှူးတက်ရောက်သွားသည်။

သူတို့နှစ်ဦးမှာ အသက် ၅၀ ကျော်သော်လည်း ကျန်းမာဆဲဖြစ်သည်။ အပြေးချန်ပီယံ နှစ်ဦးကို ယခုမှပင် တွေ့မြင်ရသည်။

အပြေးသမားနှစ်ဦးနှင့်အတူ တိုင်းမှူးပါ အားကစားဝတ်စုံကို ဝတ် ဆင်လျက် ၆ နာရီတိတိတွင် တိုင်းမှူးက သေနတ်ပစ်ဖောက်၍ တာလွှတ် သည်။

ရေတံခါးဖွင့်ချလိုက်သကဲ့သို့ လူရေစီးကြောင်းကြီးက လမ်းမပေါ်မှာ ဒလဟော စီးမျောသွားသည်။





တာလွှတ်သည့်နေရာသို့ လာရောက်အားပေးသော လူအုပ်ကြီးက လက်ခုပ်တီး၍ တစ်ခဲနက် အားပေးကြသည်။

လမ်းဘေးဝဲယာမှ စောင့်ကြိုနေသူများကလဲ လက်ခုပ်တီး၍ အားပေးကြသည်။ အပြေးသမား ရေအလျဉ်က လျှင်မြန်စွာ စီးဆင်းနေဆဲ၊ လက်ခုပ်သံများ ဆူညံဆဲ။

* * *

ပန်းဝင်ရာနေရာသည် အေးသာယာ အားကစားကွင်းအတွင်းမှာ ဖြစ်သည်။

အရှေ့ဘက် ကောင်းကင်တွင် အရုဏ်ဦး၏ရောင်ခြည်များ ကွန့်မြူးနေ၏။

နံနက်ခင်း၏ လေပြည်ညှင်းက အေးသာယာကွင်းပတ်လည်မှ ရောင်စုံအလံများကို ဆော့ကစားနေသည်။

ကွင်း၏အရှေ့ဘက်ထိပ်တွင် မနောမြေ၏ အထိမ်းအမှတ် မနောတိုင်ကြီးများက ဝင့်ကြွားစွာ ရပ်တည်လျက်။

ပြေးလမ်းထိပ်မှ မာရသွန် အမျိုးအစားအလိုက် ပန်းဝင်ရမည့် မှန်ဦးများက အပြေးသမားများကို စောင့်ကြိုနေသည်။

တာဖမ်းဒိုင်လူကြီးများ အားလုံးအသင့်ဖြစ်နေသည်။ တိုင်းမှူးကြီး အပါအဝင် တပ်မတော်မှ အရာရှိကြီးများ၊ ပြည်နယ် အဆင့်ဝန်ထမ်းအကြီးအကဲများနှင့် မြို့လူထုများ မာရသွန် ပန်းဝင်သည်ကို ကြည့်ရှုအားပေးရန် ပွဲကြည့်စင်များတွင် နေရာယူထား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မာရသွန်အပြေးသမားများ ပန်းဝင်ရန် ချဉ်းကပ်လာနေသည့် အခြေအနေကို အသံချဲ့စက်မှ အဆက်မပြတ် ကြေညာပေးနေသည်။

မြို့ဘက်ဆီမှ လက်ခုပ်သံများ ကြားသည်။ ပြေးလာနေသူများကို အားပေးသော လက်ခုပ်သံများ ဖြစ်သည်။

အားသာယာကွင်းအတွင်းမှ လူများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြ သည်။ ခေါင်းတထောင်ထောင် လည်တဆန့်ဆန့်နှင့်ဝင်ပေါက်ဆီသို့ လှမ်းကြည့်နေကြသည်။

အမျိုးသမီးမာရသွန်က ရှေးဦးစွာ ပန်းဝင်လာသည်။ ဆိုင်ကယ်များခြံရံလျက် အမျိုးသမီးငယ်တစ်ယောက် အားသာယာကွင်းအတွင်းသို့ တောင်ဘက်ဝင်ပေါက်မှ ပြေးဝင်လာသည်။

အားပေးကြသော လက်ခုပ်သံများ ဆူညံသွားသည်။

မိန်းကလေး အားတက်သွားဟန်တူ၏။ ကွင်းထဲရှိ ပြေးလမ်းပေါ်ရောက်မှ ပြေးနှုန်းက ပိုမြန်လာသည်။ ကြည့်နေသူများက သိ၏။ လက်ခုပ်သံ၊ အော်ဟစ်အားပေးသံများ တစ်ကွင်းလုံးဆူညံနေသည်။

ပြေးနေသော မိန်းကလေးကိုယ်စား ရင်ထဲမှာ လှုပ်ရှားရသည်။

ပန်းဝင်မှတ်ဦးမှ တာဖမ်းဒိုင်လူကြီးများကလည်း ပထမပန်းဝင်လာသူကို လက်ခုပ်ဩဘာပေး၍ ဆီးကြိုနေကြသည်။



ပန်းဝင်ရာမှတ်ဦးဆီသို့ နီးလာလျှင် အားပေးသံများ၊ လက်ခုပ်သံများက ဆူညံလာလေ မိန်းကလေးက ပြေးနှုန်း ,မြန်လာလေဖြစ်သည်။

အားရစရာကောင်းသော အားပေးမှုဖြစ်သည်။ အသံချဲ့စက်လည်း အဆက်မပြတ် ကြေညာ၍ ဂုဏ်ပြုကြိုဆိုနေသည်။

ပန်းဝင်မှတ်ဦးအတွင်းသို့ ရောက်ရှိသွားသော မိန်းကလေးကို အမျိုးသမီး တာဖမ်းဒိုင်များက ဆီးကြိုပွေ့ဖက်ပြီး ကြက်ခြေနီမိန်းကလေးများ ဝန်းရံလျက် အမောပြေအောင် ပြုစုရန် ခေါ်ဆောင်သွားကြသည်။

အချိန်အတော်ကြာမှ ဒုတိယ၊ တတိယမိန်းကလေးများ ပန်းဝင်လာကြသည်။

တစ်ယောက်ဝင်လာတိုင်း တစ်ခါအားပေးသံများ ဆူညံသွားသည်။

စတုတ္ထ၊ ပဥ္စမ၊ ဆဋ္ဌမ . . . တစ်ယောက်ပြီးတစ်ယောက် အမျိုးသမီး မာရသွန်များ ပန်းဝင်လာကြသည်။

နီးသည့်ခရီးမဟုတ်၊ ၁၃ မိုင် ပြေးလာရခြင်း ဖြစ်သည်။

ကြာမြှုဝေးသောခရီးကို ပန်းဝင်သည့်အထိ မနားတမ်း ပြေးလာနိုင်သည်ကိုပင် အံ့ဩစရာကောင်းလှသည်။

ဖွဲ့လုံ့လနှင့် သတ္တိသာမက ကိုယ်ရော စိတ်ပါ ကြံ့ခိုင်ကြ

www.burmeseclassic.com



သည့် အာဂမိန်းမသားများ ဖြစ်သည်။

မီနီမာရသွန်မှ ပထမပန်းဝင်မည့် သားငယ်တစ်ယောက် အေးသာ ယာကွင်းဆီသို့ ချဉ်းကပ်လာနေပြီ ဖြစ်ကြောင်း အသံချဲ့ စက်မှ ကြေညာသံ ထွက်ပေါ်လာသည်။

မြို့ဘက်ဆီမှ လက်ခုပ်ဩဘာသံများ ဆူညံစွာ ကြားနေရ၏။ ကွင်းထဲမှ ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်လာ ကြပြန်သည်။

လက်ခုပ်သံများ ကွင်းဘက်ဆီသို့ နီးလာနေ၏။

အပြေးသမားရောက်ရှလာသည်ကို လက်ခုပ်သံများနှင့် မှန်းဆ၍ ကြိုဆိုနေ၏။

ဆိုင်ကယ်များခြံရံလျက် မီနီမာရသွန် ပထမဆုယူမည့် သားငယ် တစ်ယောက် ကွင်းထဲသို့ ပြေးဝင်လာနေသည်။

အေးသာယာကွင်းထဲမှ လက်ခုပ်သံ၊ အော်ဟစ်အားပေးသံ ဆူညံသွားသည်။

ကျွန်တော်ကိုယ်တိုင်လည်း အားရပါးရ လက်ခုပ်တီး၍ ကြိုဆိုနေမိသည်။

နံနက်တိုင်း ကျွန်တော်တို့ကို အိပ်ရာမှ နိုးအောင် ဆူညံ ပေးသူများ ထဲမှ ဤကလေးသည် တစ်ယောက်အပါအဝင် ဖြစ်လိမ့်မည်။

သူလည်း အားပေးသံများကြောင့် အားတက်ပြီး အပြေး





ခြေလှမ်းများ မြန်နေသည်။

ပန်းဝင်ခါနီး လက်ခုပ်ဩဘာသံများ ဆူညံနေကြသည်။

မီနီမာရသွန်ပထမကို အားပေးဂုဏ်ပြုသည့် အားရစရာ လက်ခုပ်သံများ ဖြစ်သည်။

ဒိုင်လူကြီးများက ဝမ်းသာအားရ ပထမဆုရှင်ကို ဂုဏ်ပြု ဆီးကြို၍ ပွေ့ထားကြသည်။

နောက်တော့ ဒုတိယအတွက်လက်ခုပ်၊ တတိယအတွက် လက်ခုပ်၊ စတုတ္ထအတွက်လက်ခုပ် ဂုဏ်ပြုလက်ခုပ်သံများက အဆက်မပြတ်။

ဤကြားထဲတွင် အမျိုးသမီးမာရသွန်များကလည်း မလျော့သောဖွဲလုံ့လဖြင့် ပန်းဝင်နေကြဆဲ။ ပထမ၊ ဒုတိယ၊ တတိယ မရသော်လည်း ခရီးဝေးပြေး၍ ပန်းဝင်နိုင်သည်ကို ဂုဏ်ပြုကြသည်။ ကြည့်ရှုသူများကလည်း ဂုဏ်ပြုဩဘာပေးကြသည်။

နှစ်ယောက်တစ်တွဲ ဝင်လာသည်လည်း ရှိ၏။ သုံးယောက် တွဲ ရင်ပေါင်တန်း၍ ဝင်လာသည်လည်းရှိ၏။

အချို့လည်း ခြေကုန်လက်ပန်းကျနေပြီ။ သို့သော် အားတင်း၍ ပြေးနေသည်။ သို့သော်လည်း အားတင်း၍ပြေးနေသည်။ ပန်းတိုင်သို့ အရောက်ချီတက်မည်ဟူသော သတ္တိဖြစ်၏။

"ရောက်တော့မယ်.. အားတင်းထား"

"ပြေး . . . ပြေး . . . ပန်းတိုင်ရောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသူများက အော်ဟစ်အားပေးနေကြသည်။

စေတနာပါသည့် လှိုက်လှဲသော အားပေးခြင်းသည် အစွမ်းထက်မြက်သော အားဆေးဖြစ်သည်ကို မာရသွန်ပွဲများမှာ သိသာထင်ရှားလှ၏။ ခြေကုန်လက်ပန်းကျနေသူများသည် အားပေးသံကြောင့် အားတက်ပြီး ပြေးပြေး လွှားလွှား ပန်းဝင်သွားကြ၏။

အချို့ကြွက်တက်ပြီး ထော့ကျိုးထော့ကျိုး လျှောက်ထားသူများပင် ခုန်ဆွခုန်ဆွ ပြေး၍ ပန်းဝင်သွားကြ၏။

ပရိသတ်များ ပျော်ရွှင်စွာ ရယ်မောရင်း အားပါးတရ လက်ခုပ်တီး၍ ချီးကျူးအားပေးကြသည်။

ဖိတ်ခေါ် မာရသွန်မှ နိုင်ငံကျော် အပြေးသမားများ ပထမဆုကို လုရန် အပြိုင်အဆိုင် အနိုင်ကြိုး၍ အေးသာယာကွင်းဆီသို့ ချဉ်းကပ်လာနေပြီဖြစ်ကြောင်း အသံချဲ့စက်မှ ကြေညာသည်။

ပရိသတ်များပို၍လှုပ်ရှားလာကြသည်။

နိုင်ငံတကာ ပြိုင်ပွဲများတွင် ရွှေ ငွေ ကြေး ဆုတံဆိပ်များစွာရထားသည့် အပြေးသမားများကို ကိုယ်တိုင်ကြည့်မြင်အားပေးရတော့မည်။

မြို့ထဲဆီမှ လက်ခုပ်သံများ အေးသာယာကွင်းဘက်ဆီသို့ လျင်မြန်စွာ ချဉ်းကပ်လာနေသည်။

နိုင်ငံကျော် အပြေးသမားများဖြစ်၍ မြန်သည်။ သူတို့ပြေးရသည်က ၂၆ မိုင်၊ အဝေးဆုံးဖြစ်၍သာ နောက်ဆုံးမှ



ပန်းဝင်လာကြခြင်း ဖြစ်သည်။ ရမည့်ဆုကလည်း အများဆုံး။

ပထမဆု (၃)သိန်း၊ ဒုတိယဆု(၂) သိန်း၊ တတိယဆု (၁)သိန်း။

ကျန်သည့်အတန်းများမှာ ပထမဆု (၁)သိန်း၊ ဒုတိယဆု(ခုနှစ်သောင်း ငါးထောင်)၊ တတိယဆု(ငါးသောင်း) ဖြစ်သည်။

ထုံးစံအတိုင်းပင် ဆိုင်ကယ်သမားများခြံရံ၍ နိုင်ငံကျော် အပြေးသမား ဂိုလ်ပါး ခေါ် သိန်းဝင်း အေးသာယာကွင်းထဲသို့ ဝင်လာသည်။

မြန်သည်။ ဤမျှ ပြေးလာသည်ပင် ခြေက မကျ။ တစ်ကွင်းလုံး ဆူညံသွားပြီး လက်ခုပ်သြဘာပေးကြသည်။

ကျန်သည့်အတန်းမှ နောက်ကျပြီး ပန်းဝင်ရန် ကြိုးစားနေကြသည့် အမျိုးသမီးမာရသွန်များ၊ မိနီမာရသွန်များကို ဖြတ်ပြီး သူ့အတွက်အထူး သတ်မှတ်ထားသော ပန်းဝင်မှခ်ဦးဆီသို့ လျှင်မြန်စွာ ပြေးဝင်သွားသည်။

ဖိတ်ခေါ်မာရသွန် ပမဆု ဆွတ်ခူးသော ဂိုလ်ပါးခေါ် သိန်းဝင်အတွက် ဂုဏ်ပြုလက်ခုပ်သံများ ကွင်းထဲမှာ ဆူညံသွားသည်။

သိပ်မကြာ ဒုတိယဆုကို မောင်မောင်တာက ဆွတ်ခူးသွားသည်။

ပထမကဲ့သို့ပင် အားပေးကြပါသည်။

တတိယဆုကို ဇော်ရီခေါ် သူရက ဆွတ်ခူးသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွတ်တန်း ဖိတ်ခေါ် မာရသွန်မှ နိုင်ငံကျော် အပြေးသမားများ၊ ပထမ၊ ဒုတိယ၊ တတိယ ပန်းဝင်ပြီးမှ ဒေသခံ အလွတ်တန်း မာရသွန်အပြေးသမားများ ပထမဆုရရှိရန် အပြိုင်အဆိုင် ပြေးလာနေကြပြန်သည်။

ဒေသခံဆိုသော သံယောဇဉ်စိတ်က နိုင်ငံကျော်ကို အားပေးသော လက်ခုပ်သံထက် အလျော့မခံကြပါ။ ဤဒေသခံ အပြေးချန်ပီယံကို နောင်တစ်နေ့မှာ နိုင်ငံကျော်ချန်ပီယံအဖြစ် မျှော်လင့်အားထားပြီး အားပေးကြသည်။ ဤပြိုင်ပွဲများ ကျင်းပသည့် အဓိက ရည်ရွယ်ချက်သည်ပင် ကချင်ပြည်နယ်မှ နိုင်ငံကျော် ချန်ပီယံများကို မွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။

ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု စဉ်ဆက်မပြတ် ဝင်ရောက်လာနေ ကြသည်။ စိတ်လှုပ်ရှားစရာ ဆုကြီးများကို အသီးသီး ဆွတ်ခူးသွားကြသည်။

အတန်းဟိုင်းမှာ ဖွဲ့၊ သတ္တိရှင်များကျတော့ နောက်ကျချင်ကျ ပန်းတိုင်အရောက် ပြေးနိုင်သည့် မှတ်တိုင်စိုက်ထူကြဆဲ။

ပရိသတ်များကလည်း သူတို့၏ဖွဲ့သတ္တိကို ဂုဏ်ပြုကြောင်း လက်ခုပ် ဩဘာပေးနေကြဆဲ။ သို့သော် ဆုဝင်သော လက်ခုပ်သံများလောက် ပေါက်ကွဲအားမရှိ။

စိတ်လှုပ်ရှားစရာများကလည်း ကုန်သွားပြီ ဖြစ်၏။

အသက် ၅၀ ကျော် အဘိုးကြီးတစ်ယောက် ခပ်မှန်မှန်ပြေး



၍ ပန်းဝင်လာသည်။

တစ်ချိန်က နိုင်ငံကျော် အပြေးသမားကြီးဖြစ်ကြောင်း အသံချဲ့စက်မှ ကြေညာ၍ လက်ခုပ်သံ စည်သွားပါသည်။

အမျိုးသမီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပန်းဝင်လာသည်။ ဆရာအတတ်သင်မှ ဆရာမများဖြစ်၍ သူ့ပရိသတ်က ဝမ်းသာအားရ အားပေးနေကြသည်။

၁၀ နှစ်အောက် သားငယ်များလည်း ဖွဲ့သတ္တိပြ၍ တစ်ယောက်ပြီးတစ်ယောက် ပန်းဝင်နေကြသည်။

ရှစ်နှစ်ခန့် သားငယ်တစ်ယောက်ကတော့ ထော့ကျိုးထော့ကျိုးနှင့်ပြေးလျက် ကွင်းထဲသို့ ဝင်လာသည်။ အတော်နာနေဟန် တူသည်။ သုံးလှမ်းလောက်ပြေးလိုက် လမ်းလျှောက်လိုက် လုပ်နေသည်။

ကြည့်နေသော ပရိသတ်က လက်ခုပ်တီးပြီး အားပေးကြသည်။

"ပြေး . . . ပြေး . . . ရောက်ခါနီးပြီ . . ."

ကလေးငယ် အားတင်းပြေးရှာသည်။

သုံးလှမ်းလောက်ပြေးပြီး ဆက်ပြေး၍မရ၊ လမ်းလျှောက်သည်။ ကြွက်တက်နေဟန်တူသည်။

"အားတင်းထား . . . ပန်းတိုင်ရောက်တော့မယ်"

လက်ခုပ်တီး၍ အားပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ နာသည့်ကြားမှ ကြိုးစား၍ပြေးသည်။ လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

အားပေးသံများကြောင့် အားတက်သွားသည်။ သုံးလှမ်းမက လေးလှမ်း . . . ငါးလှမ်း . . . ခြောက်လှမ်း . . . ခုနစ်လှမ်း အထိ ပြေးသည်။

"ဟာ"

ကြည့်နေသူများ စိတ်မကောင်း ဖြစ်သွားကြသည်။

ကလေးငယ် မှောက်လျက်လဲကျသွားသည်။

ပြန်ထနိုင်ပါ့မလား။

ကြည့်နေသူများ စိုးရိမ်နေဆဲမှာပင် ကလေးငယ်က ကုန်းထနေသည်။ လက်ခုပ်သြဘာသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

ပန်းဝင်ရမည့် မှတ်ဦးကို မြင်နေရပြီ။ ၁၀၀ ကိုက်ခန့်သာလိုတော့သည်။

"ရောက်တော့မယ် . . . အားတင်းထား"

တစ်ကွင်းလုံးရှိ ပရိသတ်များအားလုံးက ကလေးငယ်ထံသို့ အာရုံရောက်နေကြသည်။

ကလေးငယ်က ကြိုးစား၍ ဆက်ပြေးသည်။

သုံးလှမ်းပြေးအပြီးမှ ကုန်းလျက်လဲကျသွားသည်။

"ဟာ"

ကြည့်နေသူများ စိတ်မကောင်း ဖြစ်ကြရပြန်သည်။



သို့သော် လက်ခုပ်များတီး၍ အားပေးနေကြဆဲ။

ကလေးငယ် ပြန်ထသည်။

လက်ခုပ်သြဘာသံများ ပို၍ ဆူညံစွာ ထွက်ပေါ်လာသည်။

ပရိသတ်များထဲမှသာမက အသံချဲ့စက်မှပါ အားပေးသံ ထွက်ပေါ်လာသည်။

"သားငယ်တစ်ယောက် ခြေထောက်အလွန်နာနေတဲ့ကြားက မာရသွန်ပန်းဝင်နိုင်ဖို့ ကြိုးစားနေပါတယ်ခင်ဗျာ"

ကလေးငယ် ပြေးပြန်ပါသည်။

ဘယ်သူမှ မရယ်ရက်ကြပါ။

"သားငယ် လဲကျသွားတယ်ခင်ဗျာ . . . ဒါပေမယ့် ပြန်ထနေတယ် . . . ဟော ကြိုးစားပြီး ပြေးနေပြန်ပြီ . . . အားပေး ကြပါ ခင်ဗျာ . . . အခုလို ဇွဲသတ္တိပြတဲ့ မြင်ကွင်းမျိုးဟာ မာရသွန် ပြိုင်ပွဲများမှာသာ တွေ့မြင်နိုင်သာ ဖြစ်ပါတယ်"

အသံချဲ့စက်မှ ပြောနေသူ၏စကားများသည် အမြင်နှင့် ကိုက်ညီနေသည့်အတွက် ပရိသတ်အားလုံး ကလေးငယ်များကို လေးစားစွာ အားပေးကြသည်။

ပန်းဝင်ရန် ကိုက် ၅၀ ခန့်သာ ကျန်တော့သည်။

လက်ခုပ်သံများမှာ ဆူညံနေဆဲ။

ဤကလေး ပန်းဝင်လျှင်လည်း ပထမ၊ ဒုတိယ၊ တတိယ ဘာဆုမျှ ရမည်မဟုတ်ပါ။ နှစ်သိမ့်ဆုပင် မဝင်နိုင်ပါ။ သူ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းဝင်သွားသော သားငယ်တွေ များလှပြီ။ ၅၀၊ ၆၀ ဂင် ကျော်လောက်ပြီ။

သူကြိုးစားနေသည်မှ ဆုရဖို့မဟုတ်။ မာရသွန်ပြိုင်ပွဲမှာ အစအဆုံး ပါဝင်ပြီး ပန်းဝင်နိုင်သည်ဆိုသောဂုဏ်ကိုရဖို့ ကြိုးစားနေခြင်း ဖြစ်သည်။

ဤကလေး၏ ကြီးမားသောဆန္ဒကို ပရိသတ်အားလုံး နားလည်ကြသည်။ ကလေး၏ဆန္ဒကို လေးစားချီးကျူးပြီး စိတ်လှုပ်ရှားစွာ အော်ဟစ်အားပေးကြသည့် လက်ခုပ်သံများလည်း ဆူညံနေသည်။

အတန်းအသီးသီးမှာ ပထမရထားသူများပါ သားငယ်ကို လက်ခုပ်ဩဘာပေး၍ လေးစားစွာ ဂုဏ်ပြုနေကြ၏။

ပန်းတိုင်နှင့် နီးနေပြီ။

"လာ . . . လာ . . . နီးနေပြီ . . . ကြိုးစားလိုက်"

ဒိုင်လူကြီးများကလည်း စိတ်လှုပ်ရှားစွာ ဆီးကြိုနေကြသည်။

ပန်းတိုင်မှဒ်ဦးအတွင်းသို့ ဤကလေး ပန်းဝင်သွားနိုင်သည်ကို တစ်ကွင်းလုံးရှိ လူအားလုံး မြင်ချင်ကြသည်။

ကလေးငယ် လဲကျသွားပြန်သည်။

လက်ခုပ်ဩဘာသံများကြားမှ ကြိုးစား၍ ထသည်။ ပြန်ပြေးရန် ကြိုးစားသည်။ တစ်လှမ်းသာရသည်၊ ထပ်လဲသည်။



ပြန်ထသည်။ နောက်တစ်လှမ်း . . . ပြန်လဲကျသည်။

ငါးကိုက်ခန့်သာ ကျန်တော့သည်။

လူအားလုံး စိတ်လှုပ်ရှားနေကြပြီ။

ပထမရရန် ကြိုးစားသူများကို ကြည့်ရသည်ထက်ပင် စိတ်လှုပ်ရှားနေကြသည်။

ပထမရမည့်သူထက်ပင် ပို၍ အားပေးနေကြသည်။

လူအားလုံး၏ ကြီးမားသောဆန္ဒမှာ တူညီနေကြသည်။ ဤကလေးငယ် အောင်မြင်စေချင်သည်။

ဤအောင်မြင်မှုမှာ အလွန်ကြီးကျယ်နေသည်။

ကလေးငယ်လဲကျရာမှ ကြိုးစားပြီး ထနေသည်။

လက်ခုပ်သံများ ဆူညံစွာ အားပေးနေသော်လည်း ကလေးငယ် ပြန်မထနိုင်တော့ပါ။

သို့သော် အော်ဟစ်အားပေးသံ လက်ခုပ်သံများက ဆူညံနေဆဲ။

နာကျင်နေသော ကလေးငယ်ကို မသနား၍ မဟုတ်။

ဤကလေးငယ် ဤမျှ ဖွဲ့သတ္တိကြီးစွာ ကြိုးစားပြီး ဤမျှ နီးနေခါမှ အရှုံးမပေးချင်တော့ပါ။

ဤကလေးငယ် အောင်မြင်စေချင်သည်။

ဤကလေး၏ အောင်မြင်မှုသည် အားပေးသူ တစ်ယောက်ချင်း၏ အောင်မြင်မှုလည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ် မာရသွန် ပြိုင်ပွဲကြီး၏ အောင်မြင်မှုလည်း ဖြစ်လေသည်။

ကလေးငယ်မှာ လေးဘက်ထောက်လျက် အခြေအနေသို့ ရောက်နေသည်။ မတ်တပ်ရပ်နိုင်အောင် ကြိုးစားသည်။ မရ။

ရှေ့မှာ မုန့်ဦးက ဆီးကြိုလျက်။

"မလျှော့နဲ့ကွ . . . ကြိုးစားကွ . . . ပန်းဝင်တော့မယ်"

အားပေးသံများ

လက်ခုပ်သံများ

ကလေးငယ်လေးဘက်ထောက်လျက်မှ မုန့်ဦးဆီသို့ လှမ်းကြည့်နေသည်။

လက်ခုပ်သံများ ဆူညံနေဆဲ။

ကလေးငယ်သည် ဒူးနှစ်ဘက် လက်နှစ်ဘက်ထောက်လျက်မှ မုန့်ဦးဆီသို့ ပြေးသွားပါသည်။

လေးဘက်ထောက်လျက် ပြေးခြင်းဖြစ်၏။

ကလေး၏ဆုံးဖြတ်ချက်သည် ပရိသတ်သိသွားသည်။

တခဲနက် ဩဘာပေးသံကြီး ထွက်ပေါ်လာသည်။

မတ်တပ်ရပ်၍မရသော ကလေးငယ်သည် လေးဘက်ထောက်လျက်ပြေးရင်း ပန်းတိုင်မုန့်ဦးအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားပါသည်။

ကျွန်တော်ဝမ်းသာအားရ လုပ်ချပ်တီးနေမိသည်။





ကျွန်တော့် မျက်လုံးအိမ်များတွင် မျက်ရည်များနှင့် စိုစွတ်နေကြလေပြီ။

ထွက်ကျတော့မည့် မျက်ရည်စကို မျက်တောင်နှစ်ချက်ဆက်တိုက်ခတ်၍ သိမ်းဆဲလိုက်ရသည်။

ငွေတာရီမငွေခင်း

၂၀၀၂ ခုနှစ်၊ မေလ။

www.burmeseclassic.com

# ပျော်းဖြစ်ချင်ဖြစ်ပါစေ

## ပျော်းဖြစ်ချင်ဖြစ်ပါစေ

ကျောင်းပိတ်ရက်တစ်ရက်၏ နေ့ခင်းဖြစ်သည်။ ခုနစ်တန်းကျောင်းသား ကောင်လေးတစ်ယောက် သူ့အိမ်ရှေ့ပိတောက်ပင်ရိပ်မှ ခုံတန်းလေးမှာ ရုပ်ပြစာအုပ်ကို ဖတ်နေသည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းမှ လမ်းပေါ်မှ စက်ဘီးလဲသံကြား၍ လှမ်းကြည့်လိုက်သည်။ သူ့အရွယ် မိန်းကလေးနှစ်ယောက် လဲနေသော စက်ဘီးနှင့်အတူ လမ်းပေါ်မှာ လေးဘက်ထောက်လျက် ပုံပျက်ပန်းပျက် မြင်ရ၏။

ကောင်လေးက ချက်ချင်း စာအုပ်ကို ငုံ့ကြည့်ပြီး မသိမမြင်သလို လုပ်နေလိုက်သည်။

"အမယ်လေးဟယ် . . . နာလိုက်တာ . . . ဒူးနှစ်ဖက်စလုံးပွန်းပဲ့ ကုန်ကုန်ပြီ . . ."

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ညည်းညူနေသည်။

"နင့်ဒူးနာတာ နောက်မှကြည့် ဟိုမယ်ကောင်လေးတစ်ယောက်ရှိတယ်၊ မြင်သွားရင်ရှက်စရာကြီး . . ."

နောက်တစ်ယောက်က အမြန်ထပြီး စက်ဘီးကို ဆွဲထူလိုက်သည်။

နာ၍ ညည်းနေသော မိန်းကလေးက ကောင်လေးဆီသို့ ကြည့်လိုက်သည်။

"တော်ပါသေးရဲ့ . . . တုံးလေးတို့ကို မမြင်ဘူးဟဲ့ . . "

နာကျင်နေသော မိန်းကလေး အမြန်ထလိုက်သည်။

ကောင်လေးက စာအုပ်ကို သဲကြီးမဲကြီးကြည့်ဟန်ဆောင်၍ မိန်းကလေးကို ကျေနပ်စွာ ခွင့်လွှတ်လိုက်သည်။

"ငါ့တုံးဖြစ်ချင်ဖြစ်ပါစေ နင်တို့မရှက်ရရင် ပြီးတာပဲ" ဟု တွေးလျက် . . .။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း
၂၀၀၂ ခုနှစ်၊ ဇွန်လ



www.burmeseclassic.com

www.burmeseclassic.com

# လေစိမ်းတွေတိုက်လို့ ရေစိမ်းတွေစဉ်

## လေစိမ်းတွေတိုက်လို့ ရေစိမ်းတွေစဉ်

မနက်ဖြန် သင်္ကြန်ကျတော့မည်။ သင်္ကြန်အရှိန်နှင့်မို့ ကျွန်တော်တို့ ရွာကလေး ပိုပြီးသာယာလာသလို စိတ်ထဲမှာ ခံစားရသည်။

သင်္ကြန်တွင်းမှာ ဘုန်းကြီး ကျောင်းလှူရန်နှင့် ကျွေးရန်၊ ပေးရန် ရွာအပြင်ထွက်၍ မုန့်ဆီကြော်ကြော်ကြပြီ။

မုန့်ဆီကြော် ညှော်နံ့လေးရွာဆီသို့ သင်းလာသည်က သွားရည် ယိုစရာ။

"လှူလေးရေ ဟောဒီမှာ အမေကြီး တာအိုးလေးတွေ ဝယ်လာတယ်၊ သင်္ကြန်ကြိုရအောင် ပန်းချီးချေပါဟေ့"

အမေကြီး လက်ထဲမှာ တာအိုးလေးတွေ ပါလာသည်။

ကျွန်တော်ဆယ်နှစ်သားကတည်းက ထမ်းဆောင်ခဲ့ရသော တာဝန်၊ ယခုဆယ့်ခုနစ်နှစ်သားရှိပြီ။ နွားတစ်ရှဉ်းနိုင်၍ထွန်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



တတ်သော လယ်သမားဖြစ်နေပြီ။ အမေကြီးက လူလေးခေါ်တုန်း။ အတာပန်း အချိုးခိုင်းတုန်း။

ကျွန်တော်ရွာအပြင်သို့ထွက်ခဲ့သည်။ ရွှေဘုံသာ ကျောင်းထဲမှာ သပြေပင်ရှိသည်။ လှမဦးခင် အရင်ရောက်မှ။ နောက်ကျလျှင် သပြေပင်ခေါင်းတုံးပဲ မြင်ရမည်။

ကျွန်တော်ရောက်သွားတော့ ကောင်လေးသုံးယောက် သပြေပင်ပေါ် ရောက်နေကြပြီ။

''မှော့ကောင်တွေ၊ ငါ့ဖို့လဲ ပိုလိုက်ကြဦးကွ''

ကျွန်တော်မတက်ချင်၍ အရင်တောင်းကြည့်သည်။

''အဲဒီအောက်မှာ ချိုးချထားတဲ့အထဲက ထိုးလောက်ရုံယူသွား၊ ခင်ဗျားအိမ်အတွက်တင်နော်''

''အေးပါကွ''

ကောင်လေးတွေ သဘောကောင်း၍ ဟန်ကျသွားသည်။

သပြေပန်းရပြီ။ ဖိုးသင်းကြီး ခြံထဲမှာ သီးပင်ရှိသည်။ အပြန်ဝင်၍ သီးညွန့်သုံးခက်ချိုးသည်။ အုန်းပန်းနှင့် မြေဖာမြက်က ကျွန်တော်တို့ ခြံထဲမှာတောင် ရှိသည်။ စုံသွားပြီ။

ရေတွင်းသွားပြီး တာအိုးနှင့် တာပန်းများကို ရေဆေးသည်။ ပန်းထိုးသည်။

အတာကြိုရသည်က ပျော်စရာ။

ညနေဆိုလျှင် အိမ်တိုင်း၏ ရှေ့မှာ အတာအိုး အတာပန်းတွေ



နှင့် သင်္ကြန်မင်းကို ကြိုကြမည်။

ရေတွင်းမှာ ကောင်လေး သုံးယောက် ရေချိုးရင်း ပွတ်စမ်းနေကြသည်။ ရေပွတ်အပြေးပြိုင်နေကြသည်။

''ဒီနှစ် ခင်စိုးကို ငါရေလောင်းရမလား''

ရေပက်နေသော ကလေးများကိုကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ လွမ်းလွမ်းဆွေးဆွေး ခံစားရသည်။

ခင်စိုးနှင့် ကျွန်တော် ငယ်ငယ်ကတည်းက မြေမှုန့်အတူကစားဖက်။ ထုပ်စီးထိုးဖက်။ ဒီထိုးဖက်။ အသက်ကလည်းအတူတူ။ ငြင်းလိုက်ကြ။ ခုန်လိုက်ကြ။ ရန်ဖြစ်ကြ။ ပြီးတော့ ပြန်ခေါ်ကြ။ ပြန်ကစားကြ။

လေးတန်းအထိလည်း ဆရာကြီးဦးဖိုးသာ ကျောင်းမှာ ကျောင်းနေဘက်။

ခင်စိုးက ဖွံ့ထွားသည်။ ၁၅ နှစ် သမီးကတည်းက အပျိုကြီးဖားဖား ဖြစ်လာသည်။

အံ့သြစရာ။ ငယ်ငယ်က အတူကစားဖက် ခင်စိုးတစ်ယောက် အရွယ်ရောက်လျှင် ဤမျှ လှလာမည်ဟု ကျွန်တော်မထင်မိခဲ့။

ခင်စိုးအပျိုစာရင်းဝင်လိုက်သည်နှင့် ရွာမှာ အချောဆုံး ၊ ၊ လှဆုံး မိန်းကလေးအဖြစ် အများက သတ်မှတ်ခံရသည်။

ကာလသားတိုင်း၏ နှုတ်ဖျားမှာ ခင်စိုးနာမည်ရေပန်းစားသည်။ အလှူရှိတိုင်း ကွမ်းတောင်ကိုင်။ မင်္ဂလာဆောင်ရှိတိုင်း လက်

www.burmeseclassic.com



ဖက်ပွဲချ။ ခင်စိုးနေရာတွေ အများကြီး ရနေသည်။

ဝတ်နိုင် ဆင်နိုင်တာကလည်း ခင်စိုးအလှကို အများကြီး အထောက်အကူပြုသည်။

ခင်စိုး မိဘများ ပိုင်သည့် လယ်ကွေ့မှာ ကျွန်တော်တို့ လောက်ပင် ရှိပါသည်။ ကေ နှစ်ဆယ်ကျော်နှစ်ဆယ့်တစ်။ သို့သော် သူတို့က ယခု သုံးနှစ်အတွင်းမှာ နှမ်းလျှင်အချိုကြီး တစ်ခါမိ လိုက်သည်။ နောက်တစ်နှစ်မှာ ငရုတ်ဈေးကောင်းရသည်။ မနှစ်က ကြက်သွန်လှောင်တာ မှန်သွားသည်။

ဤကြားထဲ ခင်စိုး ဖခင် ဦးမြဒင်က စီးပွားတက်၍ သူတို့ ထုံးစံအတိုင်း အမြင်ပိုကျယ်လာသည်။ ကိုယ့်အခင်းမှ ထွက်သော ငရုတ်သီး ကြက်သွန်ကို တစ်ဆင့်ခံ ရှာပွဲစား များထံမှာ မရောင်းဘဲ မန္တလေးအထိ သွားရောင်း၍ ဈေးရသည်။ နောက်တော့ မန္တလေး ပွဲစားများနှင့် ပေါင်းမိ၍ တခြားသူတို့၏ ငရုတ်သီး ကြက်သွန်များကို ပင် ပြန်ဝယ်ပြီး တစ်ဆင့်ရောင်းသော ပွဲစားတစ်ပိုင်း ဖြစ်လာသည်။

ခင်စိုးကိုလည်း စဉ့်ကိုင်မှာ စက်ချုပ်သင်ပြီး အိမ်မှာ စက်တစ် လုံး ဝယ်ပေးထားသည်။ ကြာမထွက်နေသော ခင်စိုးသည် ရွာသူတို့ အလယ်မှာ ဖြူဖြူသန့်သန့်လေး ဖြစ်နေ၏။

ထို့ကြောင့် ဥစ္စာပေါရုပ်ချောခင်စိုးတစ်ယောက် မာနတက် လာသည်။ ငယ်သူငယ်ချင်းဖြစ်ခဲ့ဖူးသော ကျွန်တော်တို့ကိုပင် အဖက်မတန်သလို လုပ်လာသည်။ လမ်းတွေ့လျှင် ဟန်တွေ





မာန်တွေနှင့် မျက်နှာထားက တင်းနေသည်။

မနှစ်ကထက် အရင်တစ်နှစ်သင်္ကြန်မှာ ခင်စိုး သူ့အဘွားကို ရေကန်တော့ရန် ကျွန်တော်တို့ ခြံရှေ့မှာ ဖြတ်သွားစဉ် ကျွန်တော် ရေလောင်းဖို့ ပြေးသွားသည်။

"နင်. . ငါ့ကို ရေမလောင်းနဲ့ "

ခင်စိုးက ကျွန်တော့်ကို တူးတူးခါးခါး ဟန့်တားသည်။

"သင်္ကြန်ပဲဟာ၊ နည်းနည်းပါးပါး လောက်ပါ"

ကျွန်တော်က တောင်းတောင်းပန်ပန် ပြောကြည့်သည်။

"သင်္ကြန် ဖြစ်ဖြစ် ဘာဖြစ်ဖြစ်တွေ့ကရာ ရေတွေနဲ့ အပက် မခံနိုင်ဘူး"

"ငါ့ ရေက သန့်ပါတယ်ဟာ၊ ငါခုမှ ရေတွင်းက ခွဲလာတာ ပါ"

"နင် ရေက သန့်ပေမယ့် နင်ပုံးက မသန့်ဘူး. . ပုံးစုတ် ပုံးပြတ် ကြီး "

ကျွန်တော် ပုံးကို ငုံ့ကြည့်လိုက်သည်။

မှန်ပါသည်။ ကျွန်တော့်လက်ထဲက ကြိုးတန်းလန်းနှင့် ရေခင်ပုံးမှာ နှုတ်ခမ်းသား တစ်ခြမ်းကွဲပြတ်နေသည်။

"ဒီပုံးက သန့်ပါတယ်ဟာ . . . ငါတို့ အိမ်သုံးနေတဲ့ ပုံးပါ. ."

"နင်တို့ အိမ်သုံးချင်သုံး မသုံးချင်နေ၊ ငါ့ကိုတော့ ဒီလို ပုံးစုတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လာမလောင်းနဲ့ . . .''

ခင်စိုးက မာမာတင်းတင်း ပြောပြီးထွက်သွားသည်။

ကျွန်တော် အရွဲ့တိုက်ပြီး နောက်ကနေ လောင်းလိုက်ချင်သည်။ သို့သော် ခင်စိုးစိတ်ဆိုးမည်စိုး၍ ထိန်းချုပ်နေလိုက်ရ၏။ ခင်စိုး ကျွန်တော့်ကို မကျေမနပ် မဖြစ်စေချင်။

အရွယ်ရောက်လာသည်နှင့်အမျှ အလှကြီး လှလာသော ခင်စိုးကို ကျွန်တော်သဘောကျသည်။ ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ခင်စိုးမေတ္တာကို ကျွန်တော်ရချင်သည်။

* * *

သင်္ကြန်တွင်းကာလတွင် ကျွန်တော်တို့ရွာ၏ လူကြီး လူငယ် လူရွယ်လူလတ်အားလုံး ဘုန်းကြီးကျောင်းသို့ သွားကြသည်။

အချို့က အရှေ့ကျောင်း အချို့က တောင်ကျောင်း။ နှစ်ကျောင်းစလုံးမှာ ကုသိုလ်ရှင်တွေ ရှိသည်။ လက်ဖက်ကမ်းသူ၊ ဆေးလိပ်ကမ်းသူ၊ သာကူတိုက်သူ၊ မုန့်လက်ဆောင်းတိုက်သူ၊ ပဲကြော်သုပ်ကျွေးသူတွေနှင့်ရှိ၍ သီလမယူခင် စားကြ သောက်ကြသည်။ ကျွန်တော်တို့လူငယ်တွေကတော့ တစ်ကျောင်းမှတစ်ကျောင်းကူးနေကြ၍ နှစ်ကျောင်းလုံးမှာ စားရသည်။

မနှစ်က သင်္ကြန်။ ဒီနှစ်တော့ နည်းနည်းဖြစ်ဖြစ် ခင်စိုးကို ရေလောင်းခွင့်ရချင်သည်။

ကျွန်တော့်ရင်ထဲမှ ပြင်းပြသော ဆန္ဒ။





ဆယ့်ခြောက်နှစ်သမီး အရွယ်တွင် ခင်စိုးက ပိုပြီးလှလာသည်။

ကျွန်တော်တို့ ရွာလေးမှာ ဥပုသ်ကျောင်းမှ အပြန်တွင် မိန်းကလေးများကို ယောကျ်ားလေးများက ရေလောင်းကြသည်။

ခင်စိုး ဘယ်ကျောင်းမှာ ဥပုသ်စောင့်သည်ကိုသိထားရန်လိုသည်။ မသိလျှင် လွတ်သွားမည်။

ဘုန်းကြီးကျောင်းနှစ်ကျောင်းလုံးမှာ ကျွန်တော်အသေအချာ ရှာကြည့်သည်။ ခင်စိုးကို ဘယ်ကျောင်းမှမတွေ့။

ကျွန်တော့် အိမ်က ရေငင်ပုံးကိုသင်္ကြန်နားနီးမှ အသစ်လဲထားသည်။ ပုံးသစ်နှင့်ဆိုလျှင် ခင်စိုးအပက်ခံမည် ထင်သည်။

ခင်စိုး အဖေနှင့် အမေကိုတောင် ကျောင်းမှာ တွေ့သည်။ သို့သော် ခင်စိုးမပါ။

''ဘာလို့ ဥပုသ်ကျောင်းကို မလိုက်တာပါလိမ့်၊ နေမျာ မကောင်းလို့လား''

ကျွန်တော်စိုးရိမ်လိုက်မိသည်။

ခင်စိုးနှင့် အိမ်နီးချင်းဖြစ်သော လှဦးကို မုန့်လက်ဆောင်း သောက်နေရာမှာ တွေ့သည်။

''ဟေ့ကောင် လှဦး၊ ခင်စိုး ဥပုသ်စောင့်လာတာ မတွေ့ပါလား''

ကျွန်တော်က စူးစမ်းကြည့်သည်။

www.burmeseclassic.com



"ဘာလဲ မင်း ခင်စိုးကို ရေပက်ချင်လို့ လိုက်ရှာနေတာလား"

"အေး . . ."

"ဟင်း . . . ဟင်း . . . မင်းတို့ ပုံးစုတ်နဲ့ ပက်တဲ့ရေကို ခံရမှာစိုးလို့တဲ့ မနေ့က ညနေကတည်းက မန္တလေး သင်္ကြန်ကို သွားပြီ . . ."

လှဦးက မုန့်လက်ဆောင်း ကုန်သွားပြီမို့ လက်ထဲမှ ဖန်ခွက်ကို ချထားခဲ့ပြီး ကျွန်တော့်ဘက်သို့ လှည့်လာ၍ သူ့ပါးစပ်ကို လက်ဝါးနှင့် သုတ်နေသည်။

"ဟာ . . . တကယ်လား ဟေ့ကောင်"

ကျွန်တော် မယုံချင်ပါ။

"တကယ်ပေါ့ကွ၊ ဒီရွာမှာ ရေပက်ခံရတာ အောက်တန်းကျတယ်တဲ့၊ ပုံးစုတ်တွေနဲ့တဲ့၊ ရေဖလားနဲ့တောင် မပက်နိုင်ကြဘူးတဲ့၊ ဒါကြောင့်မို့ အဆင့်အတန်းမြင့်မြင့်မန္တလေးသွား ရေပက်ခံမယ်တဲ့"

ကျွန်တော်စိတ်မကောင်းဖြစ်မိသည်။

"ငါတောင် အမြင်ကတ်လို့ ရှာလွန်ရွှတ်တိုက်တယ်ဆိုတာ နင်တို့လိုဟာမျိုးတွေတောင် ပြောလိုက်သေးတယ်၊ တိုက်သင့်ရင် တိုက်ရမှာပဲတဲ့၊ ဒီရွာကကောင်တွေ ပက်တဲ့ရေခံရမှာ သနတယ်တဲ့ . ."

"ကြီးကျယ်လိုက်တာကွာ . . ."





ကျွန်တော် မကျေမနပ် ပြောလိုက်မိသည်။

* * *

ခင်စိုးနှင့်အတူ သူတို့အိမ်နီးချင်း အပျိုကြီး မညွန့်နှင့် သူ့အဒေါ် မသန်းဆင့်တို့ မန္တလေးသင်္ကြန်သို့ ပါသွားကြသည်။

သူတို့ အိမ်မှာ လာတည်းပြီး စပါးဝယ် နှမ်းဝယ်သော မန္တလေးမှ ပွဲစား ကိုရွှေသိန်းအိမ်မှာ တည်းကြသည်။

"အမယ်လေး အိမ်ကြီးကလဲ အကျယ်ကြီးတော် . . . ကိုရွှေသိန်းက တပည့်တစ်ယောက်တည်းနေကြတာ၊ ဂရုစိုက်လိုက်တာကလဲ လိုလေသေးမရှိဘူး၊ သူတို့ ဆရာတပည့် ကိုယ်တိုင်ချက်ကျွေးလို့ ကျုပ်တို့ပါ ဝင်ပြီး ချက်ကြ၊ ခူးခပ်စားကြနဲ့ ပျော်စရာကြီး၊ နောက်နေ့တွင်ကျတော့ ကိုရွှေသိန်းနဲ့ခင်စိုးက ဈေးသွားဝယ်တယ်၊ ကျုပ်တို့က ချက်ကြပြုတ်ကြပေါ့၊ ဘာမှ အားနာစရာမရှိဘူး၊ ကိုယ့်အိမ်ကျနေတာပဲ"

သင်္ကြန်ပြီး၍ ရွာပြန်လာကြသောအခါ ခင်စိုးအဒေါ် မသန်းဆင့်တစ်ယောက် အိမ်နီးချင်းများကို အားပါးတရ ကြွားနေသည်။

"ဟုတ်ပါတော်၊ ကိုရွှေသိန်းက ဂရုစိုက်လိုက်တာ လွန်ရော၊ ရေသဘင်လဲ ကားငှားပြီး လိုက်ပြတယ်၊ အလှပြကားကြီးတွေကလဲ လှလိုက်တာနော်၊ အကမင်္ဂလာပ်တွေကလည်း အများကြီး၊ လူတွေကလည်း စည်လိုက်တာ၊ ရေပက်တာကလဲ ပိုက်ကြီး

www.burmeseclassic.com



တွေနဲ့အေရယ် . . . .

"ဒီမှာလို ပုံးစုတ်နဲ့ ပက်တာတစ်ယောက်မှ မရှိဘူး၊ တချို့က ရေခဲရေ နဲ့ပက်တယ်အေ၊ အေးလိုက်တာ အသည်းခိုက်တယ်၊ ကိုရွှေသိန်းက တဘက်တွေယူပြီး ခြုံခဲ့ကြတဲ့ ခိုင်းတယ်၊ တို့ကတော့ မသိပါဘူး၊ သူပြောတာ ဟုတ်တယ်ဟဲ့၊ ကြာတော့ ချမ်းလာတယ်၊ ခိုက်ခိုက်ကို တုန်နေတာပဲ . ."

"တချို့ရေပိုက်တွေက အတင်းပက်တော့ အမယ်လေး . . . တဘက်ခြုံထားလို့ တော်သေးတယ်၊ ခင်စိုးဆိုရင် တအားပိုင်းပက်ကြတာ၊ နောက်တော့ ဘယ်တတ်နိုင်မလဲ၊ ကိုရွှေသိန်းက သူ့ကိုယ်နဲ့ ကာပြီး ဖက်ပေးထားရတယ်၊ ဟင်း . . ဟင်း"

အပျိုကြီး မညွန့်က မသန်းဆင့်ထက်ပိုပြီး စုံသည်။ ဘေးမှ ဝိုင်း နားထောင်နေသူတွေက ပါးစပ်အဟောင်းသားနှင့် ငေးလို့ မောလို့ ပြီးမှတာင်ဝင့် သတင်းပြန်လွှင့်ကြသည်။ တစ်ရက် နှစ်ရက်နှင့် ကာပ်ရွာလုံး ပြန့်သွားကြသည်။

အချို့က အားကျသည်။ အချို့မေးငေါ့သည်။

ကာလသားတွေကတော့ ရေပုံးနှင့် ပက်သည်ကို နှိမ့်ချပြော၍ မကျေနပ်။

ရွာမှာ ကာလသားတိုင်း သင်္ကြန်ကျလျှင် ရေပုံးနှင့်သာ ရေ ပက်သည်။ ရွာနှင့်ကိုက်ညီသော ရွာစရိုက်။ ရွာထဲမှာ ရေတွင်းတွေ ပေါသည်။ အိမ်တိုင်းမှာ ရေပုံးရှိသည်။ ကိုယ့်အိမ်ကပုံးကို ယူလာ



ပြီး ကြုံရာတွင်းမှာ ရေငင်၍ ပက်သည်။ အစဉ်အဆက် လက်ခံခဲ့သောနည်း။ သူတို့ကျမှ ရေပိုက်ကြီးနှင့်ပက်စရာ။ ရွာမှာ မီးပြောင်းပင် ရှည်ရှည် မရှိ။

ဟန်ကြီးပန်ကြီးနှင့် အသားကြီးအနားကြီး နိုင်သည်။ ကာလသားများ အဲမြင်ကတ်ကြသည်။

ကျွန်တော့်စိတ်ထဲမှာတော့ ခင်စိုးနှင့်ပို၍ ပို၍ဝေးသွားသလို ခံစားရသည်။

"ဩော် . . . ခင်စိုးရယ်"

*       *       *

မန္တလေးသင်္ကြန်တွင် ပိုပြီး ခင်မင်ရင်းနှီး သွားခဲ့ကြသည် ထင်၏။ ပွဲစား ကိုရွှေသိန်း ရွာသို့ မကြာခဏ လာသည်ကို ကျွန်တော် သတိထားမိသည်။

ခင်စိုးတို့အိမ်က ကျေးဇူးရှင်ကိုရွှေသိန်းကို လိုလေသေးမရှိအောင် ဂရုစိုက်သည်။ မသိန်းဆင့်နှင့် မညွန့်တို့ကလည်း မျှားယားခတ်နေအောင် ဝိုင်းဝန်းကြသည်။

နောက်တော့ ခင်စိုးနှင့် ဘာလိုလို အသံတွေ ထွက်လာ၏။ မှန်ပါသည်။ ဝါမဝင်ခင် မင်္ဂလာဆောင်ကြသည်။

ခင်စိုးက ၁၇ နှစ်၊ ကိုယ်ရွှေသိန်းက ၃၄ နှစ်၊ အသက်ကတော့ နှစ်ဆကြီး၏။

ပိုက်ဆံရှိ မျက်နှာကြီး မင်္ဂလာဆောင်ဖြစ်ရုံမက ပက်သားဟင်း

www.burmeseclassic.com



နှင့် ထမင်းကျွေးမို့ လာသူစားသူ စည်ကားလှသည်။

ကျွန်တော်တို့ရွာခံ ကာလသားများက ရွာထုံးစံအတိုင်း မဏ္ဍပ်ထဲမှာ လက်ဖက်ရည်ပွဲချရသည်။

ကိုရွှေသိန်းနှင့်အတူ တွဲ၍ ပြုံးရွှင်စွာ ညှိခံနေသော ခင်စိုး။

ကျွန်တော် လက်ဖက်ရည်ပွဲချရင်း မကြာခဏ တိတ်တခိုး လှမ်းကြည့်မိသည်။

"လှလိုက်တာ . . ."

ကျွန်တော် ရင်ထဲမှာ နမြောတသနေသည်။

သို့သော် ကိုယ့်ချစ်သူမဟုတ် ကိုယ့်ဘာသာ တစ်ဖက်သတ် ချစ်နေမိသူသာဖြစ်၍ လှမ်းခွင့် ဆွေးခွင့်လေးပင် မရှိသော ကျွန်တော့်အဖြစ်။

မင်္ဂလာဆောင်ပြီးတော့ ရွာထဲမှာ ပြောကြဆိုကြသော စကားသံ လေးတွေ ထွက်လာသည်။

"ကိုရွှေသိန်းက လူပျို မဟုတ်ဘူးတဲ့.."

"မိန်းမနဲ့ ကွဲနေတာတဲ့.."

"ကလေး တစ်ယောက်တောင် ရှိတယ်တဲ့"

ခင်စိုး မိဘအသိုင်းအဝိုင်းဘက်ကတော့ . . .။

"မဟုတ်ပါဘူး၊ လူပျိုလူလွတ် လူပျိုကြီးပါတဲ့.."

"ခင်စိုးတစ်ယောက် ပွဲကတော်ဖြစ်သွားပြီတဲ့.."

မည်သို့ပင်ဖြစ်စေ ကျွန်တော်ခင်စိုးကို လုံးဝ ဆုံးရှုံးသွားပါပြီ။





မင်္ဂလာဆောင်ပြီး ခင်စိုး မန္တလေးကို လိုက်သွားသည်။

တစ်လခန့်သာကြာပါသည်။ ခင်စိုးရွာပြန်ရောက်လာ၏။ သို့သော် ကိုရွှေသိန်းမပါ။

ကိုရွှေသိန်းနှင့်ကွဲနေသော မိန်းမက တရားဝင်ကွာရှင်းထားသည် မဟုတ်။ ကိုရွှေသိန်း မိန်းမမှ ပွေသောကြောင့် လင်မယားရန်ဖြစ်ပြီး ရွှေဘိုမြို့မှ မိဘများထံ ပြန်သွားခြင်း ဖြစ်သည်။

နောက်အိမ်ထောင်ပြုသည်ကြားသောအခါ ဒေါသကို မောင်းတင်ပြီး သားငယ်ကိုချီ၍ အိမ်ပြန်ရောက်လာသည်။ ခင်စိုးကို ပါးရိုက်သည်။ မကြားဝံ့မနာသာ ဆဲဆို၍ အိမ်ပေါ်မှ နှင်ချသည်။

ကိုရွှေသိန်းကတော့ ခင်စိုးဘက်က ဟုဆို၏။ မဆင်းရန်တားသည်ဟု ပြောကြ၏။

သို့သော် ခင်စိုးအရှက်ကြီး ရှက်ပြီး ကိုရွှေသိန်းအိမ်မှ ဆင်း၍ ရွာ ပြန်လာခဲ့သည်။

"အဲ့ပါတော် . . . ကျုပ်တို့ကတော့ လူပျိုမှတ်နေတာ ဖွတ်ထွက် မှ တောင်ပို့မှန်းသိတယ် . . ."

အပျိုကြီး မညွန့် မကျေမနပ် လျှောက်ပြောနေပြန်သည်။

"ဟုတ်ပါတော် . . . ကျုပ်တို့က သကြိန်သွားတုန်းက စေတနာကောင်းလိုက်တာလို့ အောက်မေ့နေတာ၊ လက်စသတ်တော့ မောင်မင်းကြီးသားက ဒီယုန်မြင်လို့ ဒီချုံထွင်တာကိုး ကျုပ်တို့မလေး ပန်းကောင်း အညွန့်ကျိုး။ သေနာကောင် [illegible]ချင်းဆိုး"

www.burmeseclassic.com



မသိန်းဆင့် နာကြည်းစွာ ကျိန်ဆဲနေပြီ။

ခင်စိုး တစ်ယောက် ကိုယ့်ရပ်ကိုယ့်ရွာမှ လူငယ်များကို လေစိမ်းတွေတိုက်၍ မန္တလေးသင်္ကြန်ကို ခင်မိသောကြောင့် ရေစိမ်းတွေ စဉ်ခဲ့ပြီ။

ပြော် ဘာလိုလိုနှင့် နှစ်တစ်ပတ်လည်ခဲ့ပြီ။

*　　*　　*

သင်္ကြန်အကျနေ့တွင် ခင်စိုးသူ့မိဘများနှင့်အတူ ဥပုသ်ကျောင်းသို့ လိုက်လာသည်။

တဘက်ကလေး ခေါင်းပေါ်တင်၍ ဆံပွဲကလေး ကိုင်ထားသော ခင်စိုး မျက်နှာကလေးက ညှိုးငယ်နေရှာသည်။

''ဟော့ကောင်တွေ၊ အပြန်ကျရင် ခင်စိုးကို ရေမပက်ကြနဲ့ . . .''

လူဦးက အစထောင်သည်။

''ဟုတ်တယ် . . . ဘယ်သူမှ မပက်ကြနဲ့ . . .''

''စိန်လိုက် . . . ငါတို့က လုံးဝမပက်ဘူး၊ တို့မှာ ပုံးစုတ်ပဲရှိတယ်၊ သူသနုသွားလိမ့်မယ်''

လူငယ်များက ခင်စိုးပြောခဲ့ဆိုခဲ့သည်များကို နာနေကြဆဲဖြစ်၏။

သီလယူပြီး၍ ဘုန်းကြီးကျောင်းမှ ပြန်လာကြသောအခါ မိန်းကလေးများကို ကာလသားများက ရွာထိပ်ရေတွင်းမှ ဆီးကြို၍ ရေပက်ကြသည်။



သို့သော် ခင်စိုးကို မည်သူမျှ မပက်ကြ။

ခင်စိုးကိုယ်မှာ ရေတစ်စက်မျှ မစို။

ခင်စိုး၏ ဘေးနားမှ မိန်းကလေးများကို သီးခြားခွဲ၍ ရေလောင်း သွားကြသည်။

''ကျွန်တော်တို့မှာ ရေပိုက်တို့၊ ဖလားတို့ မရှိလို့ ရေပုံးနဲ့ ပက်ရ တာကို စိတ်မဆိုးပါနဲ့နော်''

ခင်စိုးဘေးမှ မိချောကို ရေလောင်းသော အောင်ထွန်းက စကား ကွန့်လိုက်သေးသည်။

ကျွန်တော်က သတိထား၍ ကြည့်နေမိသူမို့ မြင်ပါသည်။ ခင်စိုး မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲနေကြပြီ။

သူ့ခမျာ စိတ်မာန်ကျ၍ နောင်တရကာမှ ဒဏ်ခတ်ရမည်က သနားစရာ။

ကျွန်တော် ခင်စိုးနားသို့သွား၍ ပုံးထဲမှ တွင်းရေကြည်ကြည်အေးအေးနှင့် ခင်စိုး၏ ပုခုံးကျောပြင်ဆီသို့ ဖြည်းဖြည်း သက်သာ လောင်းချလိုက်ပါသည်။

သို့သော် ကရုဏာ၏ ရေ နှစ်သိမ့်အားပေးသောရေ။

ငွေထောရီမဂ္ဂဇင်း

၁၉၉၁-ခုနှစ်၊ ဧပြီလ။

www.burmeseclassic.com

# ကျေးရှူးပါပဲ ကိုဦးရယ်

## ကျေးရှူးပါပဲ ကိုဦးရယ်

"ဟင် ဘယ်လိုဖြစ်တာပါလိမ့်"

ဗန္ဓုလပန်းခြံလမ်းမှ အနော်ရထာလမ်းမကြီးသို့အထွက်မှာ မော်တော်ကားစက်ရပ်သွားသည်။ ဦးမြင့်ထွန်း အမြန်ပြန်နှိုးသည်။ မရ။

သော့ကို အကြိမ်ကြိမ်ဖွင့်ကြည့်ထားသော်လည်း မော်တာဆွဲသံ လုံးဝ ထွက်မလာ။

တစ်ခါမှဖြစ်ဖူးခြင်းမရှိ။ နှိုးလိုက်တိုင်း ဒေါက်ဝိုး။ ခုတော့ တုတ် တုတ်မျှမလှုပ်။

"ကားပျက်သွားပြီလား . . ."

ဦးမြင့်ထွန်း စိုးရိမ်မိသည်။

တီ . . . တီ . . . တီ . . . တီ

www.burmeseclassic.com

www.burmeseclassic.com



တီ . . . တီ . . . တီ . . . တီ

နောက်မှာရှိသော ကားတန်းရှည်ကြီးက ဟွန်းသံရှည်များ ဆူညံစွာ တီးနေကြပြီ။

စက်နှိုးရန် ထပ်ပြီး ကြိုးစားသည်မရ။ ဦးမြင့်ထွန်း ဘာလုပ်ရမည် မှန်းမသိ။

ကားဟွန်းသံများက ဆူညံစွာ ထွက်ပေါ်နေဆဲ။ တက်ဆီမောင်းသူများက အကဲဆုံး။ သူတို့ကို အစကတည်းက ဦးမြင့်ထွန်းမကျေနပ်။

အငှားယာဉ်မောင်းသူတို့သည် အမြဲတမ်း အလောတကြီး ဖြစ်နေကြသည်။ သူများယဉ်ကြောထဲဝင်လိုလျှင် လက်တစ်ချောင်းထောင်၍ အတင်းဖြတ်ဝင်သည်။ အဝင်အထွက်ကလည်း ရဲလည်းရဲသည်။ ကျွမ်းလည်းကျွမ်းသည်။ သူတို့ယာဉ်ကြောထဲကိုယ်က ဝင်ချင်ရင်တော့မရ။ မဝင်ရန် ဟွန်းတီးဟန့်တားပြီး အတင်းပိတ်မောင်းသည်။ ကိုယ်ကလည်း သူတို့လို အဝင်အထွက်မရဲ။ သူတို့လောက်လည်း မကျွမ်း။

ခံရဖန်များတော့ အငှားယာဉ်မောင်းသူများကို မကျေနပ်။

တီ . . . တီ . . . တီ . . . တီ

ဟွန်းတီးနေသော ကားများကို ဦးမြင့်ထွန်းလှည့်ကြည့်သည်။

"ခင်ဗျား . . . ဒီအတိုင်းရပ်ထားလို့ ဘယ်ရမလဲဗျ။





ကားတွေ အကုန်ပိတ်ကုန်ပြီ . . ."

နောက်မှ တက္ကဆီမောင်းသမားက မကျေမနပ်သော ဒေါသနှင့် လှမ်းအော်ပြောနေသည်။

"ကားစက်နှိုးလို့ မရတော့ဘူးခင်ဗျ။ ကျွန်တော် ဘာလုပ်လို့ရမှာလဲ ၊လမ်းပွင့်ချင်ရင်. . ခင်ဗျားတို့ လာတွန်းပေါ့. ."

ဦးမြင့်ထွန်းကလည်း မကျေမနပ်နှင့် ပြန်ပြောသည်။

အလျှင်စလို ဖြစ်နေကြသော အငှားယာဉ်မောင်းသူလေးဦး မကျေမနပ် ဆင်းလာကြသည်။ ယာဉ်ထိန်းရဲတစ်ဦး ရောက်လာပြီး လမ်းပိတ်နေသော ဦးမြင့်ထွန်း၏ကားကို ဝိုင်းတွန်းကြသည်။

ဦးမြင့်ထွန်းကားပေါ်တက်ပြီး အနော်ရထာလမ်းထဲ ချိုးကွေ့ဝင်လိုက်သည်။ လွယ်လွယ်တော့လည်းမဟုတ်။ ရှေ့မှာလည်း ကားရေစီးကြောင်းကြီးက အဆက်မပြတ် စီးဆင်းနေသည်။ သူများကားကို မတိုးမိအောင်လည်း သတိထားရသေးသည်။

တွန်းသူများတော့ သူတို့လမ်းကြောင်းပွင့်လျှင်ပြီးရော အတင်းတွန်းကြသည်။ ကားကို အနော်ရထာလမ်းဘေးမှ ကပ်ရပ်လိုက်သည်။ ကိုယ့်ကားကိုကြည့်ပြီး ဦးမြင့်ထွန်း စိတ်ပျက်နေမိသည်။ အဖော်လည်း မပါ၊ အနီးအနားမှာ အသိလည်းမရှိ။ ဤနေရာတစ်ဝိုက်မှာ ကားဝပ်ရှော့လည်း မရှိနိုင်။ မိန်းမက သိမ်ကြီးဈေးမှာ ဈေးဝယ်ရန် ကျန်ခဲ့သည်။ (၅) နာရီ လာခေါ်မည်။ သိမ်ကြီးဈေးရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရန် မှာထားခဲ့သည်။ လက်မှ နာရီကြည့်လိုက်သည်။ (၅) နာရီ ဆယ်မိနစ်တိတိ။

မိန်းမခမျာ တစ်ယောက်တည်း စောင့်နေရှာလိမ့်မည်။

''ငါ ဘယ်လုပ်ရမှာလဲ၊ ဘယ်သူ့ကို အကူအညီတောင်းရမလဲ''

ဟိုဟိုသည်သည် လျှောက်ကြည့်သည်။

လမ်းတစ်ဖက်မှာ ဗန္ဓုလပန်းခြံလမ်းထဲတွင် အငှားယာဉ်လေးစီး ရပ်ထားသည်ကို တွေ့ရသည်။ ကားများအနီးတွင် ယာဉ်မောင်းဖြစ်ဟန်တူသူ သုံးဦးရပ်လျက် စကားပြောနေကြသည်။

မတတ်နိုင်၊ သူတို့ကိုပင် အကူအညီတောင်းကြည့်ရမည်။ အငှားယာဉ်မောင်းသူများသည် ကားလေးကျွမ်းသည်။ ကားလည်း ပြင်တတ်မည် ထင်သည်။

ဦးမြင့်ထွန်း လမ်းတစ်ဖက်သို့ ကူးသွားသည်။

ရုတ်တရက် ကားစက်ရပ်သွားကြောင်း၊ ပြန်နှိုး၍မရကြောင်းနှင့် နားလည်လျှင် လိုက်ကြည့်ပေးပါရန် တောင်တောင်ပန်ပန် ပြောပြသည်။ နှစ်ယောက်က လိုက်လာကြည့်သည်။

သူတို့နှိုးကြည့်သည် မရ။ ကားစက်ဖုံးကို ဖွင့်ပြီး မော်တာကို ခွနှင့်ခေါက်သည်။ ပြန်နှိုးသည်။ ဘာသံမျှထွက်မလာ။

''မော်တာ ဖျက်သွားပြီ။ မရတော့ဘူး . . .''





အရပ်ရှည်ရှည် အသားဖြူဖြူနှုတ်ခမ်းမွှေးရေးရေးနှင့် လူငယ်က ပြောသည်။

''ဟာ အဲဒါဆိုရင် ဘယ်လိုလုပ်ရမလဲ ညီလေးရာ . . . ဒီနားမှာ ဝပ်ရှော့ရှိလား . . .''

''ဒီနားမှာတော့မရှိဘူး၊ ကျွန်တော်သိတဲ့ မော်တာပြင်ဆိုင်တော့ ရှိတယ်၊ သူတို့ကတော့ မော်တာပဲကိုင်တာ၊ လိုက်ပြင်တာတော့ မလုပ်ဘူး၊ အခက်အခဲ ဖြစ်နေတာ ပြောပြရင်တော့ လိုက်မလားမှသိဘူး . . .''

''သူတို့ လိုက်လာရင် ပြင်လို့ ရနိုင်လား . . .''

ဦးမြင့်ထွန်း ရစေချင်သောဆန္ဒနှင့် မေးခြင်းဖြစ်သည်။

လူငယ်က ခေါင်းရမ်းပြသည်။

''ရမယ် မထင်ဘူး၊ ဒါပေမဲ့ စက်နှိုးလို့ရရင်တော့ ဝပ်ရှော့အထိ မောင်းသွားလို့ ရမှာပေါ့ . . . ဟိုရောက်ရင် မော်တာလည်း ရမှာပဲ . . .''

''မော်တာလဲရင် ဘယ်လောက်ရှိလဲ . . .''

''တစ်သောင်းလောက်တော့ ရှိမယ် . . .''

''ဒီမော်တာကိုပဲ ပြန်ပြင်ရင်ရော . . .''

''သိပ်မကွာဘူး၊ ရှစ်ထောင်လောက်ကျမယ်၊ ကျွန်တော်ဆိုရင်တော့ လဲလိုက်မှာပဲ . . .''

''ဒါဆို ခင်ဗျားတက္ကစီနဲ့ ကျွန်တော့်ကို လိုက်ပို့ပါဗျာ''

www.burmeseclassic.com



"ကျွန်တော်က တက္ကဆီသိမ်းတော့မှာ . . . ငါးနာရီခွဲ နေ့တိုင်းသိမ်းတာ၊ ဒါပေမယ့် လိုက်ပို့ပေးပါမယ်၊ လိုက်ပြင်ပေးဖို့လည်း ပြောပေးပါမယ်၊ ဦးလဲ ပြောပြပါ"

နှစ်ယောက်သဘောတူညီမှုရပြီမို့ သူကားလေးနှင့် ထွက်လာခဲ့ရသည်။ ဦးမြင့်ထွန်းကားကိုတော့ လမ်းဘေးမှာပင် ထားခဲ့ရသည်။

"သိမ်ကြီးဈေး ခဏဝင်ပေးပါနော်၊ ကျွန်တော့်မိန်းမ စောင့်နေတာ ဝင်ခေါ်ချင်လို့ . . ."

"ရပါတယ် . . ."

တစ်လမ်းမောင်းဖြစ်၍ ဦးမြင့်ထွန်း၏မိန်းမရှိသော နေရာသို့ရောက်အောင် သိမ်ကြီးဈေးကို ကျော်ပြီးမှ တစ်ပတ်ပြန်လှည့်ရသည်။

ကြာနေပြီမို့ စိတ်ပူနေသော မိန်းမကို ဦးထွန်းမြင့် ခပ်မြန်မြန် ရှင်းပြပြီး ကားပေါ်တက်၍ ဝပ်ရှော့ကိုဆက်သွားကြသည်။ ရောက်နိုင်ခဲပါဘိ။ အလုံအထိ အတော်ဝေးဝေးသွားရသည်။

ရောက်ပြီ။ အငှားယာဉ်မောင်းသူက မော်တာပြင်ဆရာကို ကားမှာ မောင်း၍မရ၍ လိုက်ပြင်ပေးရန် တောင်းတောင်းပန်ပန် ပြောပေးသည်။ မော်တာပြင်ဆရာက သူ့ဆိုင်မှာ အလုပ်များနေ၍ မလိုက်နိုင်ကြောင်း ငြင်းသည်။



တက္ကဆီမောင်းသူလူငယ်က တပည့်တစ်ယောက်ကို ထည့်ပေးရန် ထပ်ပြောသည်။ နောက်ဆုံးတော့ ကောင်လေးတစ်ယောက် ထည့်ပေးလိုက်သည်။

"အလုံမော်တာပြင်ဆိုင်မှ ဘားလမ်းထိပ်အထိ ပြန်မောင်းခဲ့ကြသည်၊ လမ်းတွင် ဦးမြင့်ထွန်းခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

"တက္ကဆီခ ဘယ်လောက်ပေးရ မှာပါလိမ့်" ဟူသော အတွေးတစ်ခု ဖြစ်သည်။

ခရီးစဉ်က ဗန္ဓုလပန်းခြံလမ်းမှ သိမ်ကြီးဈေး၊ သိမ်ကြီးဈေးမှ အလုံဝပ်ရှော့ မော်တာပြင်ဆိုင်။ အလုံမော်တာပြင်ဆိုင်မှ ဗန္ဓုလပန်းခြံလမ်း၊ ဓာတ်ဆီဈေးက တစ်ဂါလံ တစ်ထောင်။

ထောင့်ငါးရာထောင်းလျှင်တန်သည်၊ ရှစ်ဆိုလည်း မဆိုးသိမ်ကြီးဈေးလှည့်ပတ်ဝင်ရသေး၍ နှစ်ထောင့်ငါးရာ တောင်းလျှင်လည်း တောင်းသင့်သည်။ အများဆုံး သုံးထောင်ဟု ခန့်မှန်းသည်။ သို့သော် ကြိုတင်ပြီး ဈေးပြောခဲ့တာမရှိ။ သူတောင်းလျှင် တောင်းသမျှ ပေးရတော့မည်။

ရင်းနှီးခင်မင်သော တက္ကဆီမောင်းသူတစ်ဦးကို ရင်းနှီးသည်ပဲ ဟူ၍ ဘာမျှ မပြောဘဲ ငှားစီးခဲ့ဘူးသည်။ သူများငှားလျှင် တစ်ထောင်သာပေးရမည့်ခရီးကို နှစ်ထောင်တောင်း၍ ပေးခဲ့ရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွှေးရေးရေးနှင့် လူငယ်ဘက်ဆီသို့ မသိမသာ လှမ်းကြည့် လိုက်မိသည်။ သူကတော့ ရှေ့ဆီသို့ ကြည့်၍ ကားကို အေးဆေးစွာ မောင်းလျက်။

''အေးလေ . . . လေးထောင်တောင်းလဲ ပေးရမှာပဲ''

သူက ဝပ်ရှော့ကိုလည်း လိုက်ပြသည်၊ ဝပ်ရှော့မှ လူငယ်မှာလည်း သူပြောပေး၍ လိုက်ပါလာခြင်း ဖြစ်သည်။

လက်မှနာရီကို ကြည့်လိုက်သည်။ ခြောက်နာရီ ဆယ်မိနစ်။ မမှောင်မီ ကားပြင်၍ ပြီးချင်သည်။ သူမောင်းသည်က မြန်သည်။ လမ်းကြောင်းပြောင်းရာ လက်တစ်ချောင်းထောင်ကာ ထောင်ကာ ကူးပြောင်းသွားသည်။ ကျွမ်းသည်။ ကိုယ်ထိုသာ မောင်းနေလျှင် စောင့်နေရသည်နှင့် ကြာဦးမည်။

ကားရပ်ထားခဲ့ရာ နေရာသို့ရောက်ပြီ။ သူက ဝပ်ရှော့ကောင်လေးကို ကားစက်ခန်းဖွင့်ပေးသည်။ ကောင်လေးက ... စွာ စက်နှိုးကြည့်သည် မရ။ မော်တာကို ခေါက်သည်။ ထိုသည် စက်နှိုး၍ရသွားပြီ။

ဝပ်ရှော့ ပြန်သွားပြီး မော်တာလဲရန်သာ ကျန်တော့သည်။

''ကားခ ဘယ်လောက်ပေးရမလဲ . .''

ဦးမြင့်ထွန်း၏လေသံက မဝံ့မရဲ။

အငှားယာဉ်မောင်းသူက တစ်ချက်မျှ စဉ်းစားဟန်ပြုသည်။





''ငါးရာပဲ ပေးပါ . .''

''ဗျာ . . . အံ့သြစရာကြီး . . .''

ဦးမြင့်ထွန်းစိတ်ထဲမှာ အံ့သြလွန်း၍ အသံထွက်ပြောလိုက်မိခြင်း ဖြစ်သည်။

အငှားယာဉ်မောင်းသူက ပြုံးသည်။

အလကားကူညီခြင်း မဟုတ်ရ၊ စတိမျှတောင်းသော ယာဉ်ငှားခ ဖြစ်ပါသည်။

အလကားကူညီခြင်းဖြစ်သည်ဟု ဦးမြင့်ထွန်း ခံစားရပါသည်။

''နာမည်လေး ပြောခဲ့ပါဦးဗျာ . . .''

အငှားယာဉ်မောင်းသူများအပေါ် မကျေမနပ် ရှိနေသည်များအားလုံး ကြေပျက်သွားသည်။

''ကျေးဇူးပါပဲ ကိုဦးရယ် . . .''

ဦးမြင့်ထွန်းကားမောင်းနေရင်း စိတ်ထဲမှာ ထပ်ပြောမိခြင်း ဖြစ်ပါသည်။

နိုဝင်ဝတ်ရည်မဂ္ဂဇင်း

၂၀၀၂–ခုနှစ်၊ ဒီဇင်ဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# ရွာကျောင်းက ခေါင်းလောင်းသံ

## ရွာကျောင်းက ခေါင်းလောင်းသံ

ယနေ့ သီတင်းကျွတ်လပြည့်နေ့။

ကျွန်မတို့ တစ်ရွာလုံး နံနက်စောစောကတည်းက သွားကြ၊ လာကြ၊ လုပ်ကြကိုင်ကြနှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

ယနေ့ည ကျင်းပသည့် မီးထွန်းပွဲတော်အတွက် ပြင်ကြဆင်ကြသည်။ ဥပုသ်ကျောင်းသွားရန်၊ ကောင်းမှုပြုလုပ်ရန်အတွက်စီစဉ်ကြရသည်။ မြို့ပေါ်နှင့် အခြားရွာများမှ ရောက်လာကြသည့် ဧည့်သည်များကို ကျွေးမွေးရန်အတွက် ချက်ပြုတ်ကြော်လှော်နေကြသည်။ အိမ်တိုင်းမှာ ညှော်နံ့သင်းနေသည်။

ကျွန်မလည်း စောစောစီးစီးချက်ပြုတ်ပြီးနေပြီ။ မြို့ပေါ်ရောက်နေသည့် သားသမီးနှင့် မြေးတို့ပြန်လာကြမည်ကို အပျော်စိတ်နှင့် မျှော်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ရွာလေးသည် စဉ့်ကိုင်မြို့၏အနောက်ဘက် ခြောက်မိုင် ခန့်မှာရှိသည်။ ကျောက်ဆည်၊ လယ်တွင်းကိုးခရိုင်အပါ အဝင် ဆည်ရေသောက်ရွာလေးဖြစ်၍ လယ်ကွင်းများနှင့် စိမ်းလန်း စိုပြေသည်။ စိမ်းညို့အုပ်ဖွဲ့သော သစ်ပင်ကြီးများနှင့် အေးချမ်း သာယာသည်။

ရွာထိပ်ရှိ ကုန်းကမူပေါ်တွင် ထုံးဖြူဖြူနှင့် စေတီလေး များရှိသည်။ ထိုကုန်း၏ခြေမှာ ရွာဦးဘုန်းတော်ကြီးကျောင်း ရှိသည်။ နဂါးလက်ရန်းပါသည့် အုတ်လှေကားကြီးနှင့် ပြာသာဒ် ဘုံဆောင်ပါသော ရှေးဟောင်း ကျောင်းကြီးသည် ရွာ၏ ဂုဏ်ယူ စရာ ကျက်သရေဆောင်ဖြစ်သည်။ ရွာအဝင်မှာ စာသင်ကျောင်း ရှိသည်။ ရှေးနှစ်ပေါင်းများစွာက တည်းက ရှိခဲ့သော ကျောင်းဖြစ် သည်။ ယခင်ကတော့ ကျောင်းအိုလေး . . . ။ ယခုတော့ အုတ်ကာသွပ်မိုး ကျောင်းသစ်ကလေး။ အစိုးရ၏ မတည်ငွေ နှင့် ရွာသူရွာသားအများ ထည့်ဝင်ငွေပေါင်းပြီး ဆောက်ထား ခြင်း ဖြစ်သည်။

ယခင်က ကျွန်မအဖေမှာ ကျောင်းအုပ်ဖြစ်၍ အဖေ မရှိသည့်နောက် ကျွန်မ က ကျောင်းအုပ်ဖြစ်သည်။ ယခုဆို လျှင် ကျွန်မပင်လျှင် အငြိမ်စားယူရန် တစ်နှစ်သာ ကျန်တော့ သည်။

ရွာသူရွာသား အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်





မွေးကြသည်။ အိုးလုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်း အနည်းအပါး ရှိသည်။

ကျွန်မတို့ ရွာလေး၏ ချစ်စရာကောင်းသော အလေ့ အထတစ်ခုမှာ သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲတော်ကို စည်ကားစွာ ကျင်းပခြင်း ဖြစ်သည်။ သီတင်းကျွတ်လဆန်းလျှင် မီးထွန်းပွဲတော်အတွက် ပြင်ကြဆင်ကြသည်။ ရွာဦးကျောင်းမှာ မီးပုံးပျံများ ပြုလုပ်နေကြပြီး မီးကျလယ်အတွက် ပန်းချီးရေးဆွဲ နေကြပြီ။

ကြိုတင်ပြင်ဆင်နေကြသော သီတင်းကျွတ်လပြည့်နေ့ ကို ရောက်လာပြီ။ ယနေ့ကိုးနာရီ ဘုရားတန်ဆောင်း၊ ကျောင်း ဇရပ်များမှာ ကုသိုလ်ပြုလုပ်ကြမည်။ သီတင်းသီလ ဆောက် တည်ကြမည်။ ဥပုသ်ကျောင်းမှ အိမ်ပြန်ရောက်လျှင် ရပ်ဝေးရပ်နီး မှ ရောက်လာကြသော သားသမီးများ၊ ဆွေမျိုးသားချင်းများ၊ ဧည့် သည်များနှင့် ပျော်ပျော်ပါးပါး နံနက်စာ စားကြမည်။

နေ့လယ်ပိုင်း၊ ညနေပိုင်းကျတော့ လူကြီးသူမများကို ကန်တော့ကြမည်။ ကန်တော့ခံရမည့် သူများကလည်း ကန် တော့သူများကို ကျွေးရန် ပေးရန် အဆင်သင့် စီစဉ်ထားကြ သည်။

ညကျလျှင် ရွာလမ်းများ၊ အိမ်များ၊ ဘုရားတန်ဆောင်း၊ ကျောင်းကန်ဇရပ်များအားလုံး မီးထွန်း၍ ဘုရားကို ပူဇော်



www.burmeseclassic.com

www.burmeseclassic.com



ကြမည်။ ဘုန်းကြီးကျောင်းမှာ မီးပုံးပျံများ လွှတ်ကြမည်။ ယခုနှစ်မှာတော့ ထူးထူးခြားခြား ရွာလယ်မှ လူငယ်များ၏ တေးသံရုပ်ဖော်ကပွဲရှိသည်။

"ဆရာမကြီး . . . ကျွန်မတို့ပြန်လာပြီ"

လမ်းမှမောင်း သွားသော မြင်းလှည်းတစ်စီးပေါ်မှ နှုတ်ဆက်သံကြား၍ ငှက်ပျောဖီးရေဆေးနေရင်းမှ လှမ်းကြည့်လိုက်ရသည်။

"ဟဲ့ . . . ဘယ်သူလဲ . . . အံမယ် မညိုး ကလေးတွေရော . . . အားလုံးပါလားဟေ့ . . ."

"ပါတယ် ဆရာမကြီး . . . နေ့ခင်းမှ လာကန်တော့မယ်"

"အေး . . . အေး လာကြ . . . လာကြ"

"သမီးနဲ့မြေးတွေ မလာကြသေးဘူးလား . . . ဆရာမကြီး"

"အေး . . . မလာသေးဘူး၊ လာမှာ ရောက်တော့မှာပါ"

မြင်းလှည်း၊ နွားလှည်းများ တစ်စီးပြီးတစ်စီး ဝင်လာတိုင်း ကျွန်မ စောင့်ပြီးနှုတ်ဆက်နေရသည်။ နေအတော်မြင့်မှ သမီး၊ သားမက်နှင့် မြေးများရောက်လာသည်။ တစ်အိမ်လုံး ဆူဆူညံညံ ဖြစ်သွားသည်က ပျော်စရာ။ ခပ်မြန်မြန် ပြင်ဆင်ကြပြီး ဘုန်းကြီးကျောင်းသို့ သွားကြရသည်။

နေ့လယ်တွင် တပည့်များ တစ်ယောက်ပြီးတစ်ယောက်





ရောက်လာကြသည်။ ပါလာသော ပစ္စည်းလေးများနှင့် ကန်တော့ကြသည်။ တပည့်များက သူတို့၏ဇနီးနှင့် သားသမီးများကို ပြသည်။ တပည့်မများက သူတို့၏ ခင်ပွန်းနှင့် သားသမီးများကို ပြသည်။ ကန်တော့ကြသည်။ ကျွန်မမှာ တစ်နေ့လုံး မမော နိုင် မပမ်းနိုင် ဆုပေးနေရသည်က ကြည်နူးစရာ . . . ။ ညည်ခံကျွေးမွေးပြီး လက်ဆောင်ပြန်ပေးရသည်က ပျော်စရာ . . . ။

"ဟဲ့ . . . ငတိုး . . . လာစမ်း၊ နင်ငယ်ငယ်တုန်းက အလွန်ဆိုးတယ်၊ ခုတော့လိမ္မာနေတဲ့အကြောင်း ကြားရလို့ ဝမ်းသာလိုက်တာ"

"ဟဲ့ . . . မြသန်း . . . နင်လေးခွပစ်လို့ အရိုက်ခံရတာ မှတ်မိသေးရဲ့လား . . ."

"မိရွှေရီ . . . နငယ်ပြောင်းပြန်ရေးကောင်မ . . . လာခဲ့ စမ်း"

စသည် စသည်ဖြင့် ပြောဆိုရင်း နှုတ်ဆက်ရသည်က ကျေနပ်စရာ။

သူတို့ကလည်း သားများသမီးများရသည့်တိုင် ကျွန်မ ရှေ့ရောက်လျှင် ကလေးစိတ်ပြန်ပေါက်နေကြသည်။ ကြောက်သလိုလို၊ ရွံ့သလိုလို ဖြစ်နေကြသည်။ သူတို့ကို ကြည့်၍ ကျွန်မပင် အသက်နှစ်ဆယ် သုံးဆယ်ပြန် ငယ်သွားသလို ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့တပည့်များမှာ ကြီးပွားတိုးတက်နေကြ၍ ဝမ်းသာရသည်။ ချီးမွမ်းစကားဆိုရသည်။ အဆင်မပြေသော တပည့်များနှင့်တွေ့လျှင်ကား ကရုဏာသက်ရသည်။

ညစာစားပြီးသောအခါ အိမ်မှာ အလှထွန်းရန် မီးပုံးရောင်စုံတို့ကို ကျွန်မနှင့် မြေးကလေးများ ပြင်ဆင်ကြသည်။

ညပိုင်းတွင်ကား တစ်ရွာလုံး မီးရောင်စုံတို့ဖြင့် အလှကြီးလှနေသည်။

သီတင်းကျွတ်လပြည့်နေ့ညမှာ မြတ်စွာဘုရား တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်လာသည်ကို ရည်မှန်း၍ ဘုရားကို ပူဇော်ကြခြင်းဖြစ်ကြောင်း မြေးကလေးတွေကို ရှင်းပြရသည်။

"ဟော . . . သားတို့ . . . သမီးတို့ ဟိုမှာကြည့်ကြစမ်း အလှဆုံး မီးပုံးကြီးတစ်လုံး"

ကျွန်မ၏သားမက် ညွှန်ပြရာသို့ ကလေးများနှင့်အတူ ကျွန်မပါ ကြည့်မိသည်။ ဟုတ်ပါသည်။ အရှေ့ဘက်ကောင်းကင်တွင် လှပသော မီးပုံးကြီးနှင့်တူသည့် ဖိုးလမင်းကြီးကို တွေ့ရသည်။

"ဟုတ်တယ်ဟော့ . . . ဟုတ်တယ်၊ အဲဒီမီးပုံးကြီးက ပိုလှတယ်"

ကလေးများ လက်ခုပ်တီး၍ ပျော်ရွှင်နေကြသည်။





"ကဲ . . . ကဲ လာကြဟော့ မီးကြည့်လည်ကြရအောင်"

ကျွန်မက ဆော်ဩလိုက်သည်။ ထို့နောက် ကျွန်မသည်။ သားသမီး မြေးများနှင့်အတူ ရွာလမ်းများတွင် မီးကြည့်လည်ကြသည်။ ရွာလမ်းများအားလုံး မီးစောင်းတန်းသဖွယ် သွယ်ထားသည်။ အိမ်တိုင်းမှာလည်း မီးပုံး ရောင်စုံများဖြင့် ထွန်းထားကြသည်။

ကျွန်မတို့ကဲ့သို့ မီးကြည့်လည်သူအများအပြားကိုလည်း တွေ့ရသည်။ လမ်းထောင့်များတွင် ဆီးဖြူသီး သားရေစိမ်အိုးများ တွေ့ရသောအခါ မြေးကလေးများ ဝမ်းသာအားရ နှိုက်ယူစားကြသည်။

အချို့အိမ်များရှေ့တွင် ဆီးယိုပန်းကန်များ တည်ခင်းထားကြသည်။ အချို့အိမ်များရှေ့တွင် နဘူးရွက်သုပ်ပန်းကန်များ ကုသိုလ်လုပ်ထားကြသည်။ အချို့က သောက်ရေအိုးတည်ထားသည်။ စားစရာတွေ့လျှင် စားလိုက်ကြ။ ရေအိုးတွေ့လျှင် သောက်လိုက်ကြနှင့် ကျွန်မတို့အဖွဲ့မကြာမီ ဗိုက်တင်းလာသည်။ ရွာလမ်းများမှာလည်း စုံပြီ။

ရွာဦး ဘုရားများကို သွား၍မီးပူဇော်ကြသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်းသို့လည်း သွားကြသည်။ ဘုန်းကြီးကျောင်းတွင် မီးပုံးပျံများ လွှတ်သည်ကို လာကြည့်သူများနှင့် စည်ကားနေသည်။

www.burmeseclassic.com



မှိုင်းတိုက်နေသော မီးပုံးပျံကြီးက မှိုင်းဝ၍ အပေါ်သို့ တက်ရန်၊ ရုန်းကန် ယိမ်းထိုးနေသည်။

ဦးပဥ္စင်းများ၊ ကိုရင်များ၊ လူငယ်များက မီးပုံးပျံကြီးကို လွတ်ထွက်မသွားအောင် အားစိုက်၍ ဆွဲထားကြသည်။

"ကဲ . . . ကဲ . . . နောက်ဆုတ်ကြ . . . လွှတ်တော့မယ် . . ."

ဘုန်းတော်ကြီးက အားလုံးကို သတိပေးပြီး မီးပုံးပျံအားကောင်းအောင် နောက်ဆုံးလောင်စာခွက်နှင့် ပက်ထည့်လိုက်သည်။

"ဝုန်း"ဟူသောအသံနှင့်အတူ မီးပုံးပျံကြီးထဲမှာ မီးတောက်ကြီး ထလာသည်။ မှိုင်းများကလည်း တစ်ဟုန်ထိုးတက်သွား၍ ထိန်းထားသူများ မနည်းအားစိုက်နေကြရသည်။

"ကဲ . . . တညီတည်း လွှတ်မယ်နော် . . . တစ် . . . နှစ် . . . သုံး . . . လွှတ် . . ."

ဆရာတော်အမိန့်ပေးသံဆုံးသည်နှင့် မီးပုံးပျံကြီး ကောင်းကင်သို့ ထိုးတက်သွားသည်။

"ဟေး . . . ဟေး . . . ဟေး . . ."

ကလေးများသာမက လူကြီးများပါ ဝမ်းသာအားရ အော်ဟစ်၍ လက်ခုပ်တီးပြီး မီးပုံးပျံကြီးကို အားပေးလိုက်ကြသည်။

မီးပုံးရောင်စုံများ အတွဲလိုက်သယ်ဆောင်သွားသည့် မီး





ပုံးပျံကြီးကို ကောင်းကင်မှာ လှပစွာ တွေ့မြင်ရသည်။

"အမေ . . . ပွဲကြည့်ဖို့ အမေတပည့်တွေက ဖိတ်ထားကြသေးတယ်"

သမီးက ကလေးများနှင့်အတူ ပျော်နေသော ကျွန်မကို သတိပေးသည်။

"ဟုတ်တယ် . . . အမေကြီး ပွဲသွားကြည့်မယ် . . ."

မြေးလေးများက ကျွန်မကို လက်ဆွဲခေါ်နေကြပြီ။ ကျွန်မတို့ ရွာလယ်ပွဲခင်းဆီသို့ သွားကြသည်။ ဇာတ်ခုံနဖူးစည်းတွင် "လူငယ်များ၏ ပဒေသာကပွဲ"ဟူသော စာတန်းကို ရွှေရောင်စာလုံးကြီးများဖြင့် ရေးထားသည်။ ဇာတ်ခုံရှေ့မှာ ပွဲကြည့်ပရိသတ်များ စည်ကားနေပြီ။

"ဟော ဆရာမကြီးလာပြီ၊ ဆရာမကြီး . . . ဒီဘက်ကြွပါခင်ဗျ"

ကျွန်မတပည့်များက ကျွန်မကို ရှေ့တန်းအလယ်မှာ နေရာချထားပေးသည်။

"ရွှေပွဲလာ ပရိသတ်များ ခင်ဗျား၊ အခုအချိန်မှ စတင်ပြီး ကျွန်တော်တို့ လူငယ်များရဲ့ ကပွဲအစီအစဉ်များ စတင်တော့မှာ ဖြစ်ပါတယ်"

ဆူညံနေသော ပရိသတ်များ ငြိမ်သွားပြီ။

www.burmeseclassic.com



''ရှေးဦးစွာ တင်ဆက်မယ့် အစီအစဉ်ကတော့ မန္တလေးမြို့မှ အလည်ရောက်ရှိနေတဲ့ ကိုးဓာန်းကျောင်းသူလေး မဝင်းမာရဲ့ တပင်တိုင်အက ဖြစ်ပါတယ်''

ကျွန်မတို့ရွာမှ ဆိုင်းအဖွဲ့၏ မြိုင်ဆိုင်သောတီးလုံးနှင့် မဝင်းမာလေး၏တပင်တိုင်အကမှာ ကြည့်၍ကောင်းလှသည်။

ဒုတိယအစီအစဉ်မှာ ဂျမ်းပုံတေးသရုပ်ဖော် ဖြစ်ပါသည်။

''မိဂျမ်းပုံလို့ခေါ်ကြသတော့ . . . '' ဟူသော သီချင်းသံနှင့်အတူ ကားလိပ်ဖွင့်လိုက်သောအခါ ဇာတ်ခုံပေါ်မှာ မိန်းမလို့ဝတ်ထားသော တင်အောင်၏ မူရာမာယာ လုပ်နေပုံကြောင့် တဝါးဝါးရယ်ကြရသည်။

တတိယအစီအစဉ်မှာ ''မောင်ဒေါနနှင့် ကွမ်းတောင်ကိုင်''တေးသရုပ်ဖော်ဖြစ်သည်။

''အကော်ဒီယံ အုန်းကျော်''၏ ''ရောင်ပေရွှေး''သီချင်းဖြင့်လည်း သရုပ်ဖော်ကပြကြသည်။

မခင်ချိုနှင့် အောင်မြင့်တို့၏ ဦးလေးကြီးတေးသရုပ်ဖော်မှာလည်း တဝါးဝါးပွဲကျနေသည်။

ဖော်ဝင်းထွန်း သီချင်းသီဆိုကြသည်များကိုလည်း နားထောင်ရသည်။

လွှမ်းမိုးသီချင်း၊ စိုင်းထီးဆိုင် သီချင်းများ၊ လေးဖြူသီချင်းကိုလည်း လူငယ်များ သီဆိုကြသည်။





ကိုယ့်ရွာနှင့် ကိုယ့်ပွဲ ကိုယ့်ဘဝ ခံစားချက်ကလေးများနှင့်မို့ ကြည့်ရသည်မှာ ကြည်နူးစရာ၊ ပျော်စရာ။

ရွှေပွဲလာ ဧည့်ပရိသတ်များခင်ဗျာ . . . အခု နောက်ဆုံးအစီအစဉ်ကတော့ အားလုံးမျှော်လင့်တောင့်တနေကြတဲ့ ရွာကျောင်းက ခေါင်းလောင်းသံတေးသရုပ်ဖော် ဖြစ်ပါတယ်ခင်ဗျား''

လက်ခုပ်သြဘာသံများ ထွက်ပေါ်လာပါသည်။

ထိုအချိန်တွင် ဇာတ်ခုံ၏အနောက်ဘက်မှ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

''× × × ခေါင်းလောင်းသံ တညံညံပေးတဲ့ × × × ရွာကျောင်းကို ပြေးမြင်မိပေ × × × သတိရနေတယ် × × × တို့များ ငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီကနေ × × ×''

တွံတေးသိန်းတန်၏ သီချင်းသံက ပွဲကြည့်ပရိသတ်ကို သာမက ရွာကိုပါ လွှမ်းသွားသည်။

သီချင်းသံနှင့်အတူ ဇာတ်စင်ပေါ်မှာ ကျောင်းစိမ်းလုံချည် အကျႌဖြူနှင့် လွယ်အိတ်လွယ်ထားသော ကလေးငယ်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ချင်းတွဲလျက် ပြေးထွက်လာကြသည်။ နောက်ထပ် မိန်းကလေးနှစ်ယောက် ပြေးထွက်လာ၍ ရွာကျောင်းဆီသို့ သွားနေပုံ သရုပ်ဆောင်ကြသည်။

''လက်ချင်းတွဲကာ ပြေးကာလွှားကာ ကျောင်းတက်လာကြတာတွေ × × × မေ့နိုင်ပါ့မလား × × × မင်းတို့

www.burmeseclassic.com



ငါတို့ ငယ်ငယ်တုန်းကလေ × × ×"

သီချင်းသံဆက်လက်ထွက်ပေါ်နေပါသည်။

လူငယ်များ၏ စိတ်ကူးကောင်းပုံကို ကျွန်မ အံ့သြသဘောကျ ဖြစ်ရသည်။ ရပ်ဝေးရောက်နေသူများ ရွာပြန်လာချိန်မှာ ဤတေးသရုပ်ဖော်သည့် လိုက်ဖက်ညီလှသည်။

ရင်ထဲမှာ ခံစားရသည်။ ကျွန်မလိုပင် အားလုံးလည်း ခံစားရမည် ထင်ပါသည်။

ကလေးများ လှုပ်ရှားပြေးလွှားနေကြသည်ကို ကြည့်ပြီး ရယ်သံမောသံ ထွက်ပေါ်လာခြင်းမရှိ။ တိတ်ဆိတ်စွာ ကြည့်နေကြသည်။

သီချင်းသီဆိုသွားသည့်အတိုင်း သူငယ်ချင်းများ ပျော်ရွှင်စွာ ဆော့ကစားရင်းမှ ကြီးပြင်းလာသောအခါ မြို့ရောက်သူကရောက်၊ ရွာမှာ ကျန်ခဲ့သူက ကျန်ခဲ့၊ နိုင်ငံတာဝန်ကိုကျေရာနေရာမှာ အသီးသီး ထမ်းရွက်ကြပုံ၊ ကလောင်းကိုင်သူ၊ တံစဉ်ကိုင်သူ၊ နိုင်ငံကာကွယ်ရေးအတွက် တပ်မတော် ထဲဝင်သူ၊ လှံကိုင်တူကိုင်၊ စက်ရုံအလုပ်ရုံမှာ အလုပ်လုပ်ကြသူများ၏ပုံကို သရုပ်ဖော်ပြသကြသည်။

ထိုကဲ့သို့ ငယ်ရာမှ ကြီးပြင်းလာသည့် သူငယ်ချင်းများ ဘဝအခြေအနေ အမျိုးမျိုးပြောင်းလဲခဲ့ကြသော်လည်း ရွာကျောင်းမှ ခေါင်းလောင်းသံကမူ မပြောင်းမလဲ တလွင်လွင်





သာနေဆဲဖြစ်ကြောင်း . . . ။

ဇာတ်ခုံနောက်ဘက်မှ ခေါင်းလောင်းသံ ပြန်လည်၍ ထွက်ပေါ်လာပါသည်။

ကလေးများ ကျောင်းသို့ ပြေးသွားနေသည်ကို တွေ့မြင်ကြရပြီး သီချင်းသံဆုံးသွား၍ ကားလိပ်ချပြီးသည်အထိ ခေါင်းလောင်းသံက ဆက်လက် ထွက်ပေါ်နေဆဲ။

ပရိသတ်များ သဘောကျစွာ လက်ခုပ်တီးကြသောအသံမှာ ရွာကျောင်းလေးမှပင် ကြားလောက်သည်ဟု ကျွန်မစဉ်းစားနေမိသည်။

ဇာတ်စင်ပေါ်မှ ကပွဲအဖွဲ့ခေါင်းဆောင် မောင်အောင်မင်းကားလိပ် ချထားသည့် ရှေ့သို့ထွက်လာပါသည်။ သူလက်ထဲမှာ နှင်းဆီပန်းတစ်ပွင့်ကို ကိုင်လျက် . . .

"လေးစားအပ်တဲ့ ဧည့်သည်တော်များနှင့် ရွာသူရွာသားများခင်ဗျာ . . . ကျွန်တော်တို့ နောက်ဆုံးတင်ဆက်လိုက်တဲ့ ရွာကျောင်းက ခေါင်းလောင်းသံ တေးသရုပ်ဖော်ကတော့ တစ်မြို့ ဆီကွာ၊ တစ်ရွာစီရောက်နေကြတဲ့ ကျွန်တော်တို့ရဲ့ သူငယ်ချင်းများ ရွာပြန်လာကြတဲ့အခါမှာ ပျော်ဖြေတင် ဆက်ရင်းအလွမ်းဖြေခြင်း ဖြစ်ပါတယ်။ ခေါင်းလောင်းသံမှန်မှန်ပေးပြီး နိုင်ငံအတွက် သားကောင်း၊ သမီးကောင်းများ မွေးထုတ်ပေးနေတဲ့ ကျွန်တော်တို့ရဲ့ဆရာမကြီးကို ဂုဏ်ပြုတင်ဆက်ခြင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ် . . . "

လက်ခုပ်သံများနှင့်အတူ သူကားလိပ်ဖွင့်လိုက်သော အခါ ဇာတ်စင်ပေါ်မှာ ကပွဲအစီအစဉ်တွင် ပါဝင်ခဲ့သူများ၊ သီချင်းဆိုသူများအားလုံး ရောက်နေကြသည်။ သူတို့အားလုံး၏ လက်ထဲမှာ နှင်းဆီပန်းတစ်ပွင့်စီကို ရိုးတံရှည်ရှည်လေးများမှ ကိုင်ထားကြသည်။

ရှေးဦးစွာ မောင်အောင်မင်းက ဇာတ်စင်ရှေ့လှေကား အတိုင်း ဆင်းလာပြီး ကျွန်မကို ဦးညွှတ်၍ နှင်းဆီပန်းကို လက်နှစ်ဖက်ဖြင့် တရိုတသေပေးပါသည်။ နောက်မှာတော့ တစ်ယောက် ပြီးတစ်ယောက် စင်ပေါ်မှ ဆင်းလာ၍ ကျွန်မကို နှင်းဆီပန်း တစ်ပွင့်စီပေးကြသည်။

"သြော် . . . ဒါကြောင့် သူတို့ ငါ့ကို အထူးအစီ အစဉ်နဲ့ ဖိတ်ထားတာကိုး . . ."ဟုလည်း ကျွန်မနားလည် လိုက်ပါသည်။

နောက်မှ ပရိသတ်မှာ မပြန်ကြသေးဘဲ သဘောကျစွာ လက်ခုပ် ဩဘာပေးနေကြသည်။

နှင်းဆီပန်းပေးသူများက မပြီးသေး။ နှင်းဆီပန်းကို လှမ်း ယူရသော ကျွန်မလက်များ တုန်နေကြသည်။ ပါးပေါ်မှလည်း မျက်ရည်များက စီးကျနေသည်။ လူငယ်အားလုံး ကုန်သွား သောအခါ ကျွန်မလက်ထဲမှာ အလွန်လှပသော နှင်းဆီပန်းစည်းကြီး



တစ်ခု ပွေ့ပိုက်လျက်သား ဖြစ်နေသည်။ ကျွန်မ ကြည်နူးနေပါသည်။ ဝမ်းသာနေပါသည်။ သို့သော် ရင်ထဲမှာ ဆို့နင့်နေသည်။ မျက်ရည်များက အဆီးအတားမရှိ ကျနေဆဲ။

ကျွန်မတပည့်များမှာလည်း မျက်ရည်ရစ်ဝဲလျက် ကျွန်မ ကို ကြည့်နေကြသည်။

ကျွန်မသမီး ကျွန်မအနီး ရောက်လာသည်။

"အမေ . . . မငိုနဲ့လေ . . ."

အားပေးပါသည်။ သို့သော် သူ့ပါးပေါ်မှာ မျက်ရည်များ နှင့် . . . ။

ကျွန်မ၏ တစ်သက်တာ လုပ်အားအလှူအတွက် ရရှိ သော ဤနှင်းဆီပန်းစည်းကို ကျွန်မ တန်ဖိုးမဖြတ်နိုင်ပါ။

"အိမ်ပြန်ကြစို့အမေ . . . ဟိုမှာ မြေးတွေ စောင့်နေပြီ"

သမီးထူပေး၍ ကျွန်မ ထိုင်နေရာမှ ထလိုက်သည်။

နားထဲမှာတော့ ခေါင်းလောင်းသံချိုချိုကို ကြားယောင် နေဆဲ။

နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း

၂၀၀၁ ခုနှစ်၊ အောက်တိုဘာ။



www.burmeseclassic.com

www.burmeseclassic.com

# ပေးသည့်ယူသည့် ပြန်ပေးသည့်

## ပေးသည် ယူသည် ပြန်ပေးသည်

မြစ်ကျိုးရွာသို့ ဒွေးတာ ဘယ်က ရောက်လာသည်ကို မည်သူမျှမသိ၊ ဘယ်အချိန်လောက်က ရောက်လာသည်ကိုလည်း တိတိကျကျ သိသူမရှိ၊ လူကြီးများကို မေးလျှင်လည်း "ကြာပါပြီ" ဟုသာ ပြောကြသည်။

သေချာသည်မှာ ဒွေးတာသည် မြစ်ကျိုးရွာသူ မဟုတ်။ မြစ်ကျိုးရွာတွင် သူ့မိသားစုမရှိ။ ဆွေမျိုးသားချင်းလည်း တစ်ယောက်မျှ မရှိ။ သို့သော် တစ်ရွာလုံးက ဒွေးတာကို မြစ်ကျိုးရွာသူ ဟု လက်ခံထား ကြသည်။ တစ်ရွာလုံးကလည်း သူ့ကို ဆွေမျိုးသားချင်း အရင်းအချာလို ချစ်ခင်ကြသည်။

ဒွေးတာမှာ နေစရာ အိမ်မရှိ။ မြစ်ကျိုးရွာလယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝတ် တက်စင်ရှိသည်။ ဝတ်တက်စင်က ခြေတံရှည် အမြင့်ဖြစ်၍ ဝတ်တက်စင်အောက်မှာ ဝါးကွပ်ပျစ်လေးနှင့်နေ သည်။ ကွပ်ပစ်လေးပျက်သွားလျှင် ရွာသားတို့က ဒွေးတာ အတွက် ကွပ်ပျစ်အသစ် လုပ်ပေးကြသည်။

ဒွေးတာက အနေအထိုင် သန့်ရှင်းသည်။ ဝတ်တက် စင်မှာ ဘုရားပန်းလဲသည်။ ဝတ်တက်စင် သန့်ရှင်းရေးနှင့် ဝတ်တက်စင်ပတ်ဝန်းကျင် သန့်ရှင်းရေး နေ့စဉ်လုပ်သည်။

ဒွေးတာမှာ မီးဖိုမရှိ။ ချက်ပြုတ်စားခြင်းလည်းမရှိ။ ဒွေးတာ သည် စိတ်မူမမှန်သူမဟုတ်။ သို့သော် ဒွေးတာကို ရူးနေသည်ဟု မည်သူမျှ မထင်၊ မည်သူမျှမပြော။ ဒွေးတာ အသက်ခြောက်ဆယ်ခန့်ရှိပြီ။ ဖြူဖြူ သွယ်သွယ် ဖြစ်သော်လည်း ကျန်းမာသည်။ မည်သူ့ကိုမျှ စိတ်အနှောင့် အယှက်ဖြစ်အောင်မလုပ်။ သူ့ဘာသာ အေးအေးဆေးဆေး နေတတ်သည်။

စားဖို့အတွက် ဒွေးတာမပူရ။ မြစ်ကျိုးရွာရှိနေသမျှ ဒွေးတာ စားရမည်။ သို့သော် ဒွေးတာက မည်သူ့ထံမျှ လက် ဖြန့်ခံမတောင်း။ ဒွေးတာမှာ ဝါးဗန်းလေးတစ်ချပ်ရှိသည်။ ဝါးဗန်းလေးထဲမှာ စားစရာ မုန့်မျိုးစုံ ရှိနေတတ်သည်။

မနက်လင်းလျှင် အကြော်သည် ဒေါ်သန်းက အကြော် လာ ပေးသည်။ မုန့်ဖက်ထုပ်သည် ကိုစံသောင်းက မုန့်ဖက်ထုပ် ပေးသည်။ ဒွေးတာက ပေးသမျှမုန့်များကို သူ့ဘာသာစားသည်



မဟုတ်။ ဝါးဗန်းလေးကို ခေါင်းပေါ်ရွက်ပြီး ကလေးရှိသော အိမ်များ သို့ အိမ်ပေါက်စေ့လိုက်ပေးသည်။

'ဟေ့ ... ဖိုးကြီးတို့ ဖိုးငယ်တို့ လာကြဟေ့ ... မုန့်ဖက် ထုပ်ပါတယ်။ အကြော်ပူပူလေးပါတယ်။ နမ်းပျစ်တို့ မရွှေးတို့လည်း ရှိသေးတယ်၊ လာယူလှည့်ကြ ...'

အိမ်ထဲမှ အမှာကလေးနှစ်ယောက် ပြေးထွက်လာ ကြသည်။

'ရော့ ... မုန့်ဖက်ထုပ် စားမလား ယူလိုက်။ ဘာ လဲ မုန့်ဖက်ထုပ် မကြိုက်ဘူးလား ... အကြော်စားမလား။ စားလေ ...'

ကလေးများကို ချစ်ခင်ကြင်နာ၍ စေတနာကောင်း သော ဒွေးတာကို ကလေးများသည် ချစ်ခင်ကြသည်၊ ညာကြသည်။

'တော်ပြီ ... ဒွေးတာ စားပါ'

'ဟယ် ... မဟုတ်တာ ...

ရော့ ... ယူလေ ... စားကြ'

ဒွေးတာအတင်းပေး၍ ယူရလျှင်လည်း ကလေးများ က အိမ်မှာရှိသော ဆီးထုပ်ဖြစ်စေ၊ မုန့်ပဲဆုပ်ဖြစ်စေ ရှိရာမုန့်ယူလာ ပြီးလျှင် ဒွေးတာ၏ ဗန်းလေးမှာ ပြန်ထည့်ပေးကြသည်။

''အေး ... အေး ...၊ သာဓုတော် ... သာဓု ... သာဓု ...'



www.burmeseclassic.com

www.burmeseclassic.com



ဒွေးတာ နောက်တစ်အိမ်သို့ ကူးသွားပြန်သည်။

'ဟဲ့ . . . ဒီဘက်က . . . မိသေးတို့ . . . အေးမတို့ ရှိကြလား . . ဟဲ့ . . . မုန့်တွေပါလာတယ် ဟေ့ . . . လာယူလှည့်ကြ . . .

ဤနည်းအားဖြင့် ဒွေးတာက ကလေးများကို မုန့် လိုက်ပေးသည်။ ကလေးများက စားချင်သောမုန့်ကိုယူပြီး သူတို့မှာရှိသော မုန့်များကို ဒွေးတာ ဗန်းထဲ ပြန်ထည့်ပေးကြသည်။ ဒွေးတာဗန်းထဲမှာ မုန့်များ လျော့သွားလိုက် ပြန်ပြည့်လာလိုက်။

အချို့က မုန့်ယူပြီး ထမင်းကို ဖက်နှင့်ထုပ်ပေးသည်။ အချို့က မုန့်ယူပြီး ဟင်းထည့်ပေးသည်။ ဒွေးတာသလျှင် ရောက် သည့်နေရာမှာ စားသည်။ ဗန်းထဲမှာ သူစားချင်သော မုန့်ပါလျှင် လည်း သူချစ်သော ကလေးများနှင့်အတူ စားသည်။

ဒွေးတာသည် အသက်မွေးဝမ်းကျောင်းအတွက် ဘာအလုပ်မျှ မရှိသော်လည်း တစ်ဝမ်းတစ်ခါးအတွက် စားစရာ မပူရ။ သို့သော် ဒွေးတာ မည်သူ့ထံကမျှ ဘာစားချင်၍ ဘာပေး ပါဟု တောင်းဘူးသည် မရှိ။

သူ့မှာရှိသော စားစရာကလေးများကို စေတနာ ရက်ရောစွာ ပေးသည်။ ကလေးများကလည်း ဒွေးတာကို ပြန် ပေးကြသည်။

တစ်နေရာမှာ ထိုင်မိလျှင် ဒွေးတာကြာသည်။ ကလေး





များနှင့် ပေးလိုက်၊ ယူလိုက်၊ စကားပြောလိုက် တော်တော်နှင့် မထ ဖြစ်။

'ဒွေးတာ . . . ကျော်ဖိုးတို့ မောင်နှမက ထန်းလျက် ဖြူဆုပ် စားချင်လို့တဲ့ မပါဘူးလား . . .'

တစ်ယောက်ယောက်က ပြောလိုက်လျှင် သူ တမေ့ တမော ထိုင်နေရာမှ ချက်ချင်းထသည်။

'ဟုတ်လား . . . ရှိပါ့တော် . . .

သွားကျွေးလိုက်ဦးမယ် . . .'

ဗန်းလေးကို ရွက်ပြီး ခြေလှမ်းသွက်သွက်နှင့် ထွက် သွားတတ်သည်။

'ဟဲ့ . . . ကျော်ဖိုးတို့ မြရွှေတို့ ရှိလားဟေ့ . . . လာ ကြ . . . လာကြ . . . ထန်းလျက်ဖြူဆုပ် စားချင်လို့ဆို . . . ဒီမှာ ပါတယ်ဟေ့ . . .'

ကျော်ဖိုးနှင့် မြရွှေသခမက အိမ်နီးချင်းကလေးများပါ ဒွေးတာ အသံကြားလျှင် အပြေးအလွှား ရောက်လာကြသည်။

သူတို့ စားချင်သည်ကို ဒွေးတာက ကျွေးသည်။ ကိုယ့်ဘာသာလည်း ဒွေးတာ ဗန်းထဲမှ နှိုက်ယူစားနိုင်ကြသည်။

'ဒွေးတာလဲ စားအုံးလေ . . .'

ကလေးများက သူတို့ယူလာသော မုန့်များကို ဒွေးတာ စားစေချင်၍ အတင်းကျွေးလျှင် ကလေးများကျေနပ်အောင် ဒွေးတာ



www.burmeseclassic.com

www.burmeseclassic.com



စားပြသည်။

ဘယ်ကလေးမဆို ဒွေးတာကို ပေးချင်ကျွေးချင်ကြသည်။ ကလေးမိဘများကလည်း ဒွေးတာပေးဖို့ဆိုလျှင် မတွန့်တိုကြ။

အိမ်မှာ ဘာမုန့်မှုမရှိ၍ ဘာမုန့်မှ ပါမလာသော ကလေးများ ကိုလည်း ဒွေးတာက ခွဲခြားခြင်းမရှိ။ အတင်းပေး၍ အတင်းကျွေးသည်။

ဤနည်းအားဖြင့် ဒွေးတာ၏ တစ်နေ့တာသည် အိမ်လည်ရင်း ကလေးများနှင့် ကျွေးမွေးစားသောက်ရင်း ကုန်ဆုံးရသည်။

ညပိုင်းရောင်လျှင်လည်း ကြုံရာအိမ်များက ထမင်းပေးကြသည်။

ညကျလျှင် ဝတ်တက်စင်ပေါ်မှာ လူကြီးများ ဘုရားဝတ်တက်ကြသည်။ ဒွေးတာ ဝတ်ရွတ်စဉ်များကိုမရ၍ လိုက်မဆိုသော်လည်း ဝတ်တက်စင်အောက်မှ ငြိမ်သက်စွာနေသည်။ ဝတ်တက်ပြီး၍ အမျှဝေတိုင်း သာဓုခေါ်သည်။ တိုးတိုးလေးမဟုတ်။ အားပါးတရ ကျယ်ကျယ်ခေါ်သည်။ ဝတ်တက်ပြန်သူများက ဒွေးတာကို နှုတ်ဆက်ကြသည်။

နှစ်စဉ် ဝါဆို ဝါခေါင် ရေကြီးချိန်ကျလျှင် ရွာအနောက်ဘက်မှ မြစ်ကြီးအင်းကြီးထဲမှာ ရေများဝင်ပြီး မြစ်ကြီးလို [illegible]လာသည်။ အင်းဓောင်းမှ သပြေဖြူ သပြေနီပင်များလည်း သပြေသီးများ တဖြုတ်ဖြုတ် ကြွေနေကြသည်။





ထိုအချိန်တွင် ရွာထဲမှ ကလေးများ သပြေသီးကောက်ရန် အင်းစောင်းသို့ ရောက်လာကြသည်။ ကလေးချစ်သော ဒွေးတာကလည်း ကလေးများနှင့်အတူ အင်းစောင်းသို့ ရောက်နေသည်။ ဒွေးတာက သပြေသီးကောက်၍ ကလေးများကို ကျွေးသည်။ သူလည်း ကလေးများနှင့်အတူ သပြေသီးစားသည်။

အင်းထဲရေ ဆင်းချိုးသော ကလေးတွေ့လျှင်တော့ ဒွေးတာ စိတ်ဆိုးသည်။ တုတ်တစ်ချောင်းနှင့် လိုက်ရိုက်သည်။

'တင်စမ်း ... ခုတက် ... ဟင်း ...

ဟင်း ... သေချင်လို့လား ...'

ကလေးများ တက်ပြေးရသည်။

'ဒွေးတာရှိတာ ... ကလေးတွေအတွက် ... စိတ်ချရတယ်ဟေ့ ...'

မိဘများ ကျေးဇူးတင်ကြသည်။

သို့သော် ဒွေးတာ ပြောမရသော ကလေးများလည်း ရှိသည်။ တစ်နေ့တွင် ဒွေးတာမရှိခိုက် ကလေးတစ်သိုက် မြစ်ကျိုးအင်းထဲမှာ ရေဆင်း ကူးနေကြသည်။ ထိုအချိန်မှာ ဒွေးတာ မုန့်ဗန်းလေးရွက်ပြီး ရောက်လာသည်။

'ဟဲ့ ... ဟဲ့ ... ကြည့်စမ်း ဒီကလေးတွေ ရေကူးနေကြတာ ... သေချင်လို့ ... တက်စမ်း ... ခု တက်စမ်း ...'

ဒွေးတာ မုန့်ဗန်းလေးချပြီး တုတ် ... တစ်ချောင်းနှင့်

www.burmeseclassic.com



ပြီးချောက်ပြီး အတက်ခိုင်းသည်။

အခြားကလေးများက တက်ပြေးကြသော်လည်း ရွာအရှေ့ပိုင်းမှ လူချမ်းသာကျောင်းဒကာ ဦးရေချမ်း၏မြေး သံချောင်းက မတက်။

'ဟဲ့ ...ဟိုဟာ ဘယ်သူလဲဟင်။ ခု မတက်ဘူးလား ...တက်မှာလား'

ဒွေးတာ လှမ်းအော်နေသည်။

အဲဒါ ...သံချောင်းရယ် ဒွေးတာ ...'

ဒွေးတာဘေးမှ ကလေးတစ်ယောက်က ပြောသည်။

'ဟင်း ...သံချောင်း ဟုတ်လား ...ကြည့်စမ်း။ သူ့အဖေ သူ့အမေက ကလေးအဖတ်မတင်လို့ သံချောင်းလို့ မှည့်ထားတာ ... ဒုက္ခပါပဲ။ ဟဲ့ ...သံချောင်း ...နဲတက်စမ်း ...'

'မတက်ဘူး ...'

သံချောင်းက အလိုလိုက်ထား၍ ဆိုးသည်။

ဒွေးတာ တုတ်တစ်ချောင်းနှင့် သပြေပင်အောက်မှ ထိုင်စောင့်ရင်း ဗျစ်တောက် ဗျစ်တောက် ဆိုပြောနေသည်။

သံချောင်းကတော့ ဒွေးတာကို ဂရုမစိုက် တစ်ယောက်ထဲ စိတ်ကြိုက်ကူးခတ်ဆော့ကစားနေသည်။

'ဟာ ...ဒွေးတာ ...ဟိုမှာ ...သံချောင်း ရေနစ်



နေပြီ ...'

'ငါမြင်တယ် ...ငါမြင်တယ်'

ဒွေးတာပြေးသွားပြီး ရေထဲခုန်ဆင်းလိုက်သည်။ သံချောင်း နစ်နေရာသို့ ရောက်အောင်ကူးသွားပြီး သံချောင်း လက်ကိုဆွဲသည်။ သံချောင်းပါလာသည်။ ဒွေးတာက ရေကူးရင်း သံချောင်းကို ကမ်းဘက်သို့ ရောက်အောင် တွန်းပို့သည်။

ကြီးသော ကလေးများက ကမ်းစပ်ရေထဲသို့ဆင်း၍ သံချောင်းကို ဆွဲယူကြသည်။ သံချောင်းကမ်းပေါ်သို့ ရောက်သွားသည်။ သို့သော် ရေမွန်းပြီး မရှုနိုင်မကယ်နိုင်၍ ရေများအံထုတ်နေသည်။

'ဟာ ...ဒွေးတာရော ...'

ကလေးတစ်ယောက်ကက အလျင်သတိရသည်။

'ဒွေးတာ ...မရှိတော့ဘူး'

'ဒွေးတာ ...ရေနစ်သွားပြီ ...လုပ်ကြပါဦး'

ကလေးများ အော်ကြ ဟစ်ကြ ဆူညံသွားသည်။

'ဒွေးတာ ...ရေနစ်လို့ ...'

'ဒွေးတာ ...ရေနစ်လို့ ...'

ရွာထဲမှ လူများပြေးထွက်လာကြသည်။

ရေကျွမ်းသော ယောကျ်ားသန်သန်များက မြစ်ကျိုးအင်းထဲသို့ဆင်း၍ ဒွေးတာကို ဆယ်ယူနိုင်ရန် ကြိုးစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းရေနစ်သည့် နေရာအနီးမှာပင် ဒွေးတာကို အလွယ်တကူ ရှာတွေ့ကြပါသည်။ သို့သော် သံချောင်းအတွက် ဒွေးတာ အသက်နှင့် လဲသွားရှာသည်။

ကလေးများ ဝမ်းပမ်းတနည်း ငိုကြွေးကြသည်။ မိဘများလည်း ဒွေးတာအတွက် မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။

ဒွေးတာ၏ ဈာပနကို ကျောင်းဒကာ ဦးရေချမ်းက အကုန်အကျခံ၍ သံချောင်း၏မိဘများက တာဝန်ယူပြီး ခမ်းခမ်းနားနား သင်္ဂြိုဟ်သည်။ တစ်ရွာလုံး ကလေးလူကြီးမကျန် လိုက်ပို့ကြသည်။ ဘုရားဝတ်အဖွဲ့က ဝတ်ရွတ်စဉ်များဆို၍ လိုက်ပို့ကြသည်။ အလွန်ချစ်ခင်သော မိဘဆွေ မျိုးသေဆုံးသကဲ့သို့ တစ်ရွာလုံး ယူကျုံးမရ ဖြစ်ကြသည်။

မြေချခါနီးတွင် သံချောင်း ကန်တော့သည်ကို မြင်ရသောအခါ အားလုံး ငိုကြွေးကြသည်။ သံချောင်းလည်း ဒွေးတာ့နာမည်ကို ခေါ်၍ ငိုရှာသည်။

မြစ်ကျိုးရွာမှာ ဒွေးတာ မရှိတော့ပါ။ ကလေးများလည်း ဒွေးတာ၏မုန့် ဗန်းထဲမှ မုန့်များကို ကြိုက်နှစ်သက်စွာ လဲလှယ်စားခွင့် မရတော့ပါ။

မနက်လင်းလျှင် မုန့်ဗန်းလေးရွက်ပြီး ရောက်လာချိန် ခေါ်ကာ ပြောကာ ပေးတတ်၊ ကျွေးတတ်သော ဒွေးတာအသံ





ကလေးများ ကြားယောင်နေကြသည်။

ဘုရားဝတ်တက်အဖွဲ့ကလည်း အမျှဝေတိုင်း သာဓုကျယ်ကျယ်ခေါ်တတ်သော ဒွေးတာအသံကို ကြားယောင်နေကြသည်။

အချို့ပြောကြသည်။

'ဒွေးတာမှာ ...သားရှိဖူးလိမ့်မယ်။ သူ့အလွန်ချစ်တဲ့ သားလေး ရေနစ်သေလို့ စိတ်ဖောက်ပြန်ပြီး ဒီရွာကို ရောက်လာတာနေမှာ ...'

'ဖြစ်နိုင်တယ်ကွ ...ဒါကြောင့် ကလေးတွေ မြစ်ကျိုးအင်းထဲ ရေဆင်းချိုးတာမြင်တိုင်း လိုက်ရိုက်တာဖြစ်မှာ ...'

'အင်း ...မင်းတို့ ပြောသလိုသာဟုတ်ရင်တော့ သံချောင်း မိဘတွေ သူ့လို မခံစားရအောင် သူ့အသက်နဲ့ လဲသွားတာနေမှာ ...'

ထိုစကားများသည် ရွာထဲမှာ ပျံ့နှံ့သွား၏။

သို့သော် ထို့ထက်ပို၍ ရွာသူရွာသားများ ကြိုက်နှစ်သက်သော စကားရှိသေးသည်။ ဘုရားဝတ်တက်အဖွဲ့မှ ဖွားအိမ်သာပြောသော စကားဖြစ်သည်။

'ဒွေးတာ ...ဘယ်က လာတယ်ဆိုတာ ဘယ်သူမှ မသိပေမယ့် ဒွေးတာ သွားမယ့်နေရာကတော့ အထက်ဘုံကောင်းရာမွန်ရာဖြစ်မှာ သေချာပါတယ်တော် ...'

ဏ္ဍ မြိုးပန်းတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖွားအိမ်သာ စကားကြောင့် ရွာသူရွာသားများ စိတ်ချမ်းသာစရာ ရကြသည်။

နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း

၂၀၀၃ ခုနှစ်၊ မတ်လ။



www.burmeseclassic.com

www.burmeseclassic.com

# အပျောက်နှင့်အသစ်

## အဟောင်းနှင့် အသစ်

ရန်ကုန်မြို့ပေါ်မှ ကုမ္ပဏီကြီးတစ်ခုသို့ ကိုသောင်းထွန်း အလုပ်ကိစ္စတစ်ခုအတွက် ခဲ့သွားရသည်။ ကုမ္ပဏီမှ အရေးပါအရာရောက်သော ဒါရိုက်တာကြီးတစ်ဦးနှင့် တွေ့ရသည်။

ဒါရိုက်တာကြီးတစ်ဦး၏ ရုံးခန်းမှာ ခမ်းနားလှ၏။ အလိုအလျောက် ပြန်ပိတ်သော မှန်တံခါးကြီးကို တွန်းဖွင့်ဝင်ရသည်။ လေအေးပေးစက်ဖွင့်ထား၍ အခန်းထဲမှာ အေးစိမ့်နေ၏။ ကြမ်းပြင်မှာ အပြာနုရောင် ကော်ဇောခင်းထားသည်။ လခြမ်းဝိုင်းပုံ စားပွဲကြီးနောက်ရှိ သားရေဖုံးဆိုဖာ ကုလားထိုင်ကြီးမှာ ဒါရိုက်တာကြီးထိုင်နေသည်။

လူပုံက ဖြူဖြူသန့်သန့် ခန့်ခန့်ညားညား။

ဝတ်ဆင်ထားသည်ကလည်း ဖြူလွှနေသော စတော်

www.burmeseclassic.com

www.burmeseclassic.com



ကော်လာနှင့် နံ့သာရောင်တိုက်ပုံနှင့် သန့်သန့်ပြန့်ပြန့်။

"ထိုင်ပါ . . ."

ခွင့်ပြုချက်အရ ဒါရိုက်တာကြီး၏ စားပွဲရှေ့မှ ကုလားထိုင်မှာ ကိုသောင်းထွန်း ထိုင်လိုက်သည်။

"ကိစ္စပြောပါ . . ."

ကိုသောင်းထွန်းက သူတင်ပြထားသည့် ကုန်ကြမ်းတင်ဒါ သွင်းရန် ကိစ္စပြောပြသည်။

"ဟုတ်ကဲ့ . . . ခဏစောင့်ပါ"

ဒါရိုက်တာကြီးက သူ့စားပွဲပေါ်မှ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သည်။

လူငယ်တစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

ဒါရိုက်တာကြီးက ကုန်ကြမ်းတင်ဒါသွင်းထားသော လျှောက်လွှာများပါသည့် ဖိုင်ကိုတောင်းသည်။

လူငယ်က အရာရှိကြီး အခန်းထဲရှိ ဖိုင်စင်ပေါ်မှ ဖိုင်တစ်ခုကို ယူပေးသည်။ အရာရှိကြီးက ဖိုင်ကို လှန်ကြည့်လိုက်သည်။

"မင်းတို့ကလဲ ဘယ်လိုပြောပြော မှတ်မထားဘူး။ အလုပ်လုပ်တာ စည်းစနစ်ကို မရှိဘူး။ လျှောက်လွှာတွေကို အရင်ဟာအရင်၊ နောက်ဟာ နောက်ရောက်လာတဲ့ ရက်စွဲအတိုင်း တွဲပါ ပြောထားတာ၊ ငါပြောတဲ့အတိုင်း မလုပ်ဘူး၊ ရော့ ခုပြန်တွဲ"



"ဟုတ်ကဲ့ပါ ဆရာ . . ."

လူငယ်က ဖိုင်တွဲကို ပြန်ယူပြီး ဘေးနားမှ စားပွဲငယ်ပေါ်မှာ ပြန်တွဲနေ၍ ကိုသောင်းထွန်း စောင့်နေရသည်။

ထိုအချိန်တွင် လူတစ်ယောက် မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာသည်။

"ဆရာ့အိမ်က မော်တော်ကား အလိုင်းမင်းလုပ်ပြီး ပြန်လာတာဆရာ၊ လိုတာလေးတွေ ပြင်ရတာ။ အားလုံး နှစ်ထောင့်ခုနစ်ရာ့ငါးဆယ် ကျတယ်။ ဒါက ငွေပေးပြေစာပါ ဆရာ"

ဝင်လာသူက စာရွက်လေးကို ဆရာ့ရှေ့မှ စားပွဲမှာ တင်ပြလိုက်သည်။

ဒါရိုက်တာကြီးက ပြေစာကို အသေအချာ စစ်ဆေးကြည့်ပြီး ဘေးရှိ စတီးစားပွဲလေးပေါ်မှ သားရေအိတ်ကြီးကို ဖွင့်လိုက်သည်။ အထဲမှ ပိုက်ဆံများ ထုတ်ယူသည်။

တစ်ထောင်တန်များထဲမှ အဟောင်းဆုံး နှစ်ရွက်ယူသည်။ ငါးရာတန်များထဲမှလည်း အဟောင်းစာရွက်ကို အသေအချာ ရွေးထုတ် လိုက်သည်။ နှစ်ရာတန်နှင့် ငါးဆယ်တန်မှာလည်း သူ့မှာရှိတဲ့အထဲက အဟောင်းဆုံးများဖြစ်သည်။

"ဘာရယ်လို့ မဟုတ်ပါဘူး . . .

ပိုက်ဆံပေးတိုင်း အဟောင်းဆုံးတွေ ရွေးပေးတာ၊ ငါ့အကျင့်ပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကြီးက သူ့လူကို ပြောရင်းနှင့် ကိုသောင်းထွန်းကိုပါ လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

ကိုသောင်းထွန်း ပြန်ပြုံးပြလိုက်သည်။ ဒါရိုက်တာကြီး၏ စည်းစနစ်ရှိမှုကိုလည်း . . . အတုယူစရာ တစ်ခုနှယ် မှတ်ယူလိုက်သည်။

ဖိုင်တွဲသူ လူငယ်က လျှောက်လွှာများကို အစီအစဉ်တကျ ပြန်လည်တင်ပြသည်။ ဒါရိုက်တာကြီးက ကြည့်ရှုစစ်ဆေးပြီး ကိုသောင်းထွန်းနှင့် လိုအပ်သည်များကို မေးမြန်းညှိနှိုင်းပြီး ဒါရိုက်တာများ အစည်းအဝေးမှာ တင်ပြဆုံးဖြတ်မည့်အကြောင်း ပြော၍ သုံးရက်ခွာချိန်းလိုက်သည်။

ကိုသောင်းထွန်း ပြန်လာခဲ့သည်။

လမ်းထောင့်ကို ရောက်သောအခါ လူအများ ဝယ်သောက်နေသော ဥသျှစ်သီးဖျော်ရည်ဆိုင်ကို တွေ့ရသည်။ ရေကလည်းငတ်နေ၍ ဥသျှစ်သီး ဖျော်ရည်တစ်ခွက် ဝယ်သောက်လိုက်သည်။

ဥသျှစ်သီးနံ့ မွှေးမွှေးလေးနှင့် ချိုချိုအေးအေး အရသာရှိသည်။

ကိုသောင်းထွန်းက အိတ်ထဲမှ ပိုက်ဆံများကို ထုတ်လိုက်ပြီး ဒါရိုက်တာကြီးလို အဟောင်းဆုံး နှစ်ရာတန်ကိုရွေး၍ ဖျော်ရည်ရောင်းသူသို့ ပေးလိုက်သည်။



ဖျော်ရည်ရောင်းသူက ပိုက်ဆံများကို အလွယ်တကူ ပြန်အမ်းနိုင်ရန် အပြန့်ကျယ်သော လေးထောင့်ဘောင်ခတ် သစ်သားခွက်ကြီးထဲမှာ ထည့်ထားသည်။

ဥသျှစ်သီး ဖျော်ရည်က တစ်ခွက်ငါးဆယ်ကျပ်ဖြစ်၍ ကိုသောင်းထွန်းကို ငွေတစ်ရာ့ငါးဆယ် ပြန်အမ်းရမည်။ သစ်သားခွက်ကြီးထဲမှ အသစ်ဆုံး ရာတန်တစ်ရွက်နှင့် အသစ်ဆုံး ငါးဆယ့်တန်တစ်ရွက်ကို ပြန်အမ်းသည်။ မတော်တဆပါလာသည်ကို အမ်းခြင်းမဟုတ်။ အကောင်းဆုံးကို တမင်ရွေး၍ ပြန်အမ်းခြင်း ဖြစ်သည်။

"ဟုတ်လှပါလား . . ."

ကိုသောင်းထွန်း စိတ်ထဲမှာ သဘောကျသွားသည်။ ကိုယ်က အဟောင်းဆုံးရွေးပေးလိုက်မိသည့်အတွက်လည်း စိတ်မကောင်းဖြစ်သည်။

"ငါ့ကိုပဲတမင် အမ်းတာလား . . .

ကျန်တဲ့လူတွေရော . . ."

ကိုသောင်းထွန်း ခဏစောင့်ကြည့်သည်။

"သြော် . . ."

ကိုသောင်းထွန်း သဘောကျရုံသာမက ဖျော်ရည်ရောင်းသူကို လေးစားစိတ်ပါ ဖြစ်ရသည်။

လူတိုင်းကို ပိုက်ဆံအမ်းတိုင်း အကောင်းဆုံးများကို



www.burmeseclassic.com

www.burmeseclassic.com



ရွေးအမ်းခြင်း ဖြစ်သည်။ ခပ်နွမ်းနွမ်းများသာ အများစုအဖြစ် ကျန်ရစ်သည်။

"စိတ်ထားကောင်းတဲ့ လူပဲ . . ."

ရင်ထဲမှ အလိုလို ပြောလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ပတ်ခန့် ကြာသောအခါ ဗဟန်း၊ ဝက်ဘာလမ်းဘက်ရောက်၍ ကီးတော်ကျန်ဆိုင်တွင် ခေါက်ဆွဲကြော်တစ်ပွဲ ဝယ်စားသည်။

ဆိုင်နာမည်က ပြောင်ချော်ချော်မို့ ကိုသောင်းထွန်း ပြုံးမိသေး သည်။

ကန်တော်ကြီးကို စကားလိမ်ပြု၍ ကီးတော်ကျန် ဆိုင်နာမည် တပ်ထားခြင်းဖြစ်သည်။ သို့သော် ဈေးနှုန်းသက်သာ၍ အစားအသောက် ကောင်းသောကြောင့် စားသူများသည်။

ခေါက်ဆွဲကြော်တစ်ပွဲ စားပြီး ငွေငါးရာတန် ပေးလိုက်သည်။ ဥသျှစ်သီးဖျော်ရည်သည်နှင့် တွေ့ပြီးသည်မှာစ၍ အဟောင်းဆုံးကို ရွေးပေးခြင်း မပြုရက်တော့ပါ။ သူ့လို အသစ်ဆုံးကိုလည်း ရွေးမနေနိုင်၍ ဟောင်းဟောင်းသစ်သစ် လက်ထဲမှာ အဆင်ပြေရာကို ပေးလိုက်ခြင်းဖြစ်သည်။

စားပွဲထိုးက ငွေငါးရာယူသွားပြီး မန်နေဂျာကြီး ထိုင်နေသော ငွေသိမ်းကောင်တာသို့ သွားပေးသည်။ ပြန်အမ်းငွေ ငါးဆယ်တန်တစ်ရွက် ယူလာပြီး ကိုသောင်းထွန်းကို ပေးသည်။





ငါးဆယ်တန်မှာ နည်းနည်းဟောင်းပါသည်။ သို့သော် စုတ်ပြဲခြင်း၊ စွန်းထင်နေခြင်း မရှိပါ။ အသင့်အတင့်ပင် အရောင်လတ်ပါသေးသည်။

မကြာမီမှာပင် ငွေသိမ်းကောင်တာမှ မန်နေဂျာကြီး ကိုသောင်းထွန်းစားပွဲသို့ ရောက်လာသည်။

"ခုနအမ်းတဲ့ ငါးဆယ်ပြန်ပေးပါ"

"ဗျာ . . . ဘာဖြစ်လို့လဲ . . ."

ခေါက်ဆွဲကြော်ဈေးတက်ပြီး ငါးရာဖြစ်သွားလို့လားဟု ကိုသောင်းထွန်း ထင်လိုက်သည်။

"ဟိုကောင် စိတ်ရင်းမကောင်းဘူး။ အံဆွဲထဲမှာ ငါးဆယ်တန် နှစ်ရွက် ရှိရက်သားနဲ့ သစ်တာကို ယူမသွားဘူး။ ဟောင်းတာကို ယူသွားတယ်။ ရော့ . . . ဒါနဲ့လဲဗျာ . . ."

စောစောက ပေးထားသော အဟောင်းကိုတောင်းပြီး ငါးဆယ်တန်တစ်ရွက် ပြန်ပေးသွားသည်။

"ဩော် . . ."

စားပွဲပေါ်မှ ငါးဆယ်တန် အသစ်ကလေးကို ငေးကြည့်ရင်း ကိုသောင်းထွန်း စဉ်းစားနေမိသည်။

အသစ်နှင့်ဟောင်း . . .

စိတ်ရင်းကောင်းနှင့် စိတ်ရင်းမကောင်း . . .။

လယ်တွင်းသား စောချစ်



www.burmeseclassic.com

www.burmeseclassic.com

# ပန်းနှင့် ဥယျာဉ်မှူး

## ပန်းနှင့်ဥယျာဉ်မှူး

ထန်းတောရွာသည် မျိုးမျိုးအေး နေထိုင်ရာ စဉ့်ကိုင်မြို့နှင့် ခြောက်မိုင်ဝေးသည်။ အဖေနှင့်အမေက စိတ်မချ၊ စိတ်မကောင်း။ သူငယ်ချင်းအပေါင်းအသင်းများကလည်း ဝေးလွန်းသည်ဟု မြို့ပေါ်ရအောင် ပြန်ပြောင်းဖို့ အကြံကောင်းပေးကြသည်။

မျိုးမျိုးအေး မပြောင်းချင်ပါ။ ရေများရာ မိုးမရွာချင်။ ရေငတ်နေသောကလေးများကို စေတနာနှင့် ပညာရေအေးတိုက်ကျွေးချင်သည်။

ခြောက်မိုင်ဝေးသော ခရီးကို နေ့စဉ်သွားလျှင် ပင်ပန်းမည်မို့ ထန်းတောရွာမှပင် နေရမည်။ အဖေနှင့်အမေကိုလည်း အစစအရာရာ စိတ်ချရန်နှင့် ကျောင်းပိတ်ရက်မှာ ပြန်လာမည်ဖြစ်ကြောင်း ပြောရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့်အမေက ထန်းတောရွာလိုက်လာပြီး ဆရာမကြီးကို အပ်ပေးသည်။ ကျောင်းဝင်းထဲမှာပင် ဆရာများနေရန် ရွာက အဆောက်အအုံတစ်ခု ဆောက်ပေးထားသည်။ ဆရာမကြီးနှင့် အတူနေရမည်။ ကိုယ်လိုဆရာမလေးတွေ သုံးယောက်ရှိသည်။ တစ်ယောက်မှာ ပုလိပ်က ကျန်တစ်ယောက်ဆိုလျှင် မန္တလေးက ကိုယ့်ထက်ပိုဝေးကြသည်။

ရွာကလေးက သာသာယာယာ၊ ရွာအနောက်ဘက်မှာ မြစ်ကျိုးအင်းကြီးနှင့် ရေကျေးရေငှက်များနှင့် ရွာမဘုန်းကြီးကျောင်းသို့ သွားရာလမ်းမှာ ဦးပိတ်တံတားလို သစ်သားတံတားအရှည်ကြီးနှင့် ရွာကလေးသို့ လိုက်လာပြီးမှ အဖေနှင့်အမေ စိတ်အေးချမ်းသာ ဖြစ်သွား ကြသည်။

ရွာသူရွာသားများက ရိုးသားကြသည်။ ကိုယ့်ရွာမှာ ပညာသင် ပေးသော ဆရာဆရာမများကို လေးစားကြသည်။ ကလေးများကလည်း ဆရာ၊ ဆရာမများကို ချစ်ကြသည်။ ရိုသေကြသည်။ မြို့ပေါ်မှကလေးများ လို ငွေပေးပြီးယူရသော ကျူရှင်ကို အထင်ကြီးကြသူများမဟုတ်၊ ရွာတွင် ကျူရှင်မရှိ ကျောင်းမှ သင်ပေးသမျှကိုသာ တန်ဖိုးထား၍ သင်ယူကြရသည်။

ထို့ကြောင့် ဆရာ၊ ဆရာမများကလည်း စေတနာအပြည့် ထား၍ သင်ပေးကြသည်။ အများစုမလိုက်နိုင်လျှင် အချိန်ပို သင်ပေးကြသည်။ ဆရာ ဆရာမတို့ စေတနာကို ကလေးများကလည်း





တုံ့ပြန်ကြသည်။ နံနက်ကျောင်းလာလျှင် ဆရာမတို့အတွက် ပန်းကလေးများ ဆွတ်လာပေးကြ၏။ ညနေကျလျှင် စိုက်ခင်းထွက် အသီးအနှံများ လာပို့ကြသည်။

ပဲသီး၊ ပဲရွက်၊ ဘူးသီး၊ ဘူးရွက်၊ ခရမ်းသီး၊ ရုံးမတီသီး၊ ငရုတ်သီးစိမ်း၊ နံနံပင်စသည်၊ ဝယ်စားရသည်မရှိ၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ ပဲမြစ်၊ ထန်းဖင်မြစ် စသည်တို့ကိုလည်း ပို့ပေးကြသည်။

ရွာထဲမှာ အလှူရှိတိုင်းလည်း ဆရာဆရာမများကို ဖိတ်ကြ၊ ကျွေးကြ၏။

နေရင်းထိုင်ရင်းနှင့် မျိုးမျိုးအေး ရွာကလေးကိုချစ်လာသည်။ ကလေးများကို သံယောဇဉ်ဖြစ်လာသည်။ စာသင်ရသည်မှာလည်း ပျော်သည်၊ စေတနာထားရင် ထားသလောက် ခရီးရောက်၍ ဝမ်းသာအားတက်ဖြစ်ရသည်။

မျိုးမျိုးအေး သင်ရသည်က မြန်မာစာ၊ အတန်းပိုင်ကိုင်ရသည်က ခြောက်တန်း ကျောင်းသားငါးဆယ်ကျော်ရှိသည်။

"မင်္ဂလာပါ ဆရာမ"

အတန်းထဲ ဝင်လိုက်သည်နှင့် ကြားရသည်က ကြည်နူးစရာ။ ဆရာမဆိုသည်မှာ နေ့စဉ်မင်္ဂလာရှိနေသော ဘဝ။

* * *

ကလေးများကို တူညီစွာ စေတနာထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတော်စေချင်သည်။ တတ်စေချင်သည်၊ စားမေးပွဲအောင်ရုံမက လိမ္မာကြစေချင်သည်။

'ကဲ . . . ဒီနေ့ သင်ခန်းစာ အသစ်မသင်ခင် မနေ့က သင်ခဲ့တာကို ပြန်မေးမယ်လို့ ဆရာမမှာလိုက်တယ်မဟုတ်လား'

'မှာလိုက်ပါတယ် ဆရာမ'

'ကြည့်ခဲ့ကြရဲ့လား'

'ကြည့်ခဲ့ပါတယ် ဆရာမ'

'လူဦးမင်းရေးတဲ့ ကွမ်းယာအကြောင်းကဗျာ ဘယ်သူရသလဲ'

'ရတယ် ဆရာမ။ ရတယ်'

အရင်ဆုံး လက်ညှိုးထောင်သူမှာ နွယ်နွယ်ဝင်း။ ထောင်ထားသော လက်ညှိုးကို တ ယှုပ်လှုပ်လုပ်၍ အသံစာစာလေးနှင့် အော်ပြောနေသည်။

မေးလိုက်လျှင် မြင်ကောင်းစိုင်းသလို ရွတ်ပြမည်ကို မျိုးမျိုး အေးသိပါသည်။

အလုပ်သမားနေ့ အကြောင်းပြန်မေးစဉ်ကလည်း သူချည့် ဖြေနိုင်သည်။ ခုနစ်သက္ကရာဇ်များအားလုံးကို အလွတ်ရသည်။

နွယ်နွယ်ဝင်းမှာ အတန်းထဲတွင် စာအတော်ဆုံး အတက်ကြွဆုံးဖြစ်သည်၊ လပတ်စားမေးပွဲတိုင်းမှာလည်း ပြိုင်ဘက် မရှိ၊ ပထမချည်းဖြစ်သည်။





စာတော်သည်နှင့်အမျှ ဆရာဆရာမများကိုလည်း ချစ်ခင်သည်။ ညနေမှာ လယ်ထွက်ယာထွက် အသီးအနှံများကို ဆရာများအတွက် အများဆုံးလာပေးသူလည်းဖြစ်သည်

နွယ်နွယ်ဝင်း၏ မိဘများမှာ တောင်သူကြီးဖြစ်သည်။ နွယ်နွယ်ဝင်းက တစ်ဦးတည်းသောသမီး၊ အစ်ကိုကြီးက အိမ်ထောင်ကျပြီး အစ်ကိုလတ်က မိဘကူ၍ လယ်သမားဖြစ်နေပြီ၊ နွယ်နွယ်ဝင်းတို့ လေးတန်းအောင်မှ ထန်းတောရွာတွင် အလယ်တန်းကျောင်းရသည်။ သူ့မိဘများက တစ်ဦးတည်းသောသမီးလေးကို ပညာတတ်ဘွဲ့ရ ဆရာမကြီးဖြစ်စေချင်သည်။ ကျောင်းအုပ်ဆရာမကြီးနှင့် မျိုးမျိုးအေးတို့ ဆရာမ လေးများကို အိမ်မှဖိတ်ပြီး ထမင်းကျွေးရင်း ပြောဖူးသည်။ နွယ်နွယ်ဝင်း၏ ကြိုးစားမှုနှင့် ပညာတော်သည်ကို မျိုးမျိုးအေး သဘောကျသည်။ နွယ်နွယ်ဝင်းကလည်း အတန်းပိုင်ဆရာမဖြစ်သော မျိုးမျိုးအေးကို ဆရာ/ဆရာမ အားလုံးထဲမှာ ချစ်ခင်ရင်းနှီးဆုံးဖြစ်သည်။

'လက်ထောင်တာက နည်းလှချည်လား'

မျိုးမျိုးအေး အားမရ။ ဤကဗျာကိုကျက်ခဲ့ရန် တစ်တန်းလုံးကို မှာလိုက်ခြင်းဖြစ်သည်။ ခုတော့ လက်ထောင်သူမှာ အားလုံးမှ ခြောက် ယောက်သာရှိသည်။

'ကျန်တဲ့လူတွေက မကျက်ခဲ့ဘူးလား'

'ကျက်ခဲ့ပါတယ် ဆရာမ'



www.burmeseclassic.com

www.burmeseclassic.com



မြမြဌေးအသံ။ သူလည်း စာတော်သည်။ လပတ်စာမေးပွဲများမှာ နွယ်နွယ်ဝင်းပြီးလျှင် ဒုတိယ။

'သမီးရပါတယ် ဆရာမ။ ဆိုပြပါမယ် ဆရာမ'

နွယ်နွယ်ဝင်းက ထပ်ပြောနေပြန်သည်။

သို့သော်

မျိုးမျိုးအေး အတွေးပြစ်မိသည်။ ရသူကိုချည်းမေးနေလျှင် မရသူများက အချောင်လွတ်နေမည်။ နောက်ဘက်မှ ယောက်ျားလေးများဆီသို့ လှမ်းကြည့်လိုက်သည်။ အများစုမှာ ခေါင်းငုံ့လျက်။ အချို့ကတော့ စာရေးသလို၊ စာအုပ်ကြည့်သလို၊ ခဲတံရှာသလို လုပ်နေကြသည်။

'တစ်တန်းလုံး နွယ်နွယ်ဝင်းလို တက်တက်ကြွကြွ ပါဝင်လာအောင် ငါလုပ်ရမယ်'

ကလေးများကို ချီးမွမ်းခြင်းဖြင့် စိတ်ဓာတ်တက်ကြွစွာ ပါဝင် လာအောင် ဆွဲဆောင်နိုင်ကြောင်း ကလေးစိတ်ပညာမှာ သင်ကြားခဲ့ရသည်။ ရသူများကိုချည်းမေးပြီး ချီးကျူးနေလျှင် ထိုကလေးများသာ တော်သည် ထက်တော်မည်။ ကျန်ကလေးများပါ တက်ကြွစွာပါဝင်လာစေချင်သည်။

'မောင်အောင်မင်း ထစမ်း'

နောက်ဆုံးခုံမှ အောင်မင်း ခေါင်းမော့ကြည့်လိုက်သည်။ နေရာမှ မထသေး'





'ဟော့ကောင် ထလေ . . . . . . . ဆရာမ ခိုင်းနေတယ်'

ဘေးမှကလေးများ ပြောသံကြောင့် အောင်မင်း ဖြည်းလေးစွာ ထသည်။

'လူဦးမင်းရေးတဲ့ ကွမ်းယာကဗျာရလား'

'မ . . . မရပါဘူး ဆရာမ'

ဆရာမကို လှမ်းကြည့်ပြီး အောင်မင်းကြောက်နေသည်။ သို့ သော် မျိုးမျိုးအေးက စိတ်ဆိုးဟန်မပြ။

'ဒါဖြင့် ကွမ်းက ဘယ်ကထွက်တာလို့ ကဗျာမှာ ပြောထားသလဲ'

'တံတားဦးကပါ ဆရာမ'

အောင်မင်း ကဗျာကို မကျက်ခဲ့သော်လည်း သင်ခဲ့စဉ်က မှတ်မိထားဟန်တူသည်။

'ဟုတ်တာပေါ့။ ငါတပည့်က မှတ်မိသားပဲ။ ကွမ်းက ဘယ်လို ကွမ်းလဲ'

'သိတယ် ဆရာမ၊ သိတယ်'

နွယ်နွယ်ဝင်းထံမှ အသံစာစာထွက်လာ၍ လက်ညှိုး ထောင်နေသည်။

မျိုးမျိုးအေးက မသိယောင်ပြု၍ လှည့်မကြည့်ဘဲ အောင်မင်း၏ အဖြေကို စောင့်နေသည်။

'ကွမ်းက အစိမ်းလား၊ အကြမ်းလား၊ အနုလား'



www.burmeseclassic.com

www.burmeseclassic.com



အဝါလား'

အောင်မင်းထံမှ အဖြေထွက်မလာ၍ မျိုးမျိုးအေးက ခွဲခြား မေးသည်။

'ကွမ်းနုဝါပါ ဆရာမ'

အောင်မင်း မှတ်မိသွားသည်။

'အဲဒီတော့ တံတားဦးက ဘာလဲ'

'တံတားဦးက ကွမ်းနုဝါပါ ဆရာမ'

နွယ်နွယ်ဝင်း၏ ထောင်ထားသော လက်ညှိုးချသွားသည်။

'မောင်မောင်မင်းဘေးက မောင်လှရွှေ ထပါဦး'

လှရွှေထရပ်လိုက်သည်။

'ဆေးက ဘယ်ကလဲ'

'သိတယ် ဆရာမ'

နွယ်နွယ်ဝင်းအသံ။ လက်ထောင်သည့် မိန်းကလေးသုံးယောက်၊ ယောက်ျားလေးတစ်ယောက်၊ ဆရာမက လှရွှေ၏အဖြေကို စောင့်နေသည်။

'မြောကပါ ဆရာမ'

'ဟုတ်တာပေါ့ကွယ်။ အဲဒီတော့ ဘယ်ကဆေးလဲ'

'မြောကဆေးပါ ဆရာမ'

'ကွမ်းသီးကကောကွယ်။



မောင်ခင်အောင်မြင့် ပြောပါ'

လှရွှေဘေးမှ ခင်အောင်မြင့် ထရပ်လိုက်သည်။

'တောင်ငူကပါ ဆရာမ'

'အဲဒီတော့ . . . .

'ကွမ်းသီးတောင်ငူပါ ဆရာမ'

'ကဗျာထဲကအတိုင်းဆိုရင် ကွမ်းသီးတောင်ငူနဲ့ . . ပေါ့။ ဆိုကြည့်ပါဦး'

'ကွမ်းသီးတောင်ငူနဲ့'

'နောက်တစ်ယောက် မောင်ညိုတင်'

'ကိုင်းထုံးဖြူ ပြည်ရှားပါ ဆရာမ'

ညိုတင်က တိုက်ရိုက်ဖြေလိုက်၍ မိန်းကလေးများ ရယ်ကြ သည်။

'အစိပ္ပယ်က'

'စစ်ကိုင်းကထုံးနဲ့ ပြည်ကရှားပါ ဆရာမ'

'မောင်ညိုတင်က တယ်တော်ပါလား . . . အဲဒီတော့ မောင်အောင်မင်းက စဆိုကြည့်ရအောင်'

'တံတားဦးက ကွမ်းနုဝါဝါ'

'မောင်လှရွှေ'

'မြောက ဆေး'

'မောင်ခင်အောင်မြင့်'

www.burmeseclassic.com

www.burmeseclassic.com



'ကွမ်းသီး တောင်ငူနဲ့'

'မောင်ညို့တင်'

'ကိုင်းထုံးဖြူ ပြည်ရှား'

'နောက်ဆုံး ကျန်တာ ဘာလဲ။ အားလုံးပြောပါ'

'သာဝါးလို့ထွေး'

တစ်တန်းလုံးမှ သံပြိုင်ဖြေလိုက်ကြသည်။

'ကဲ ကဗျာကို အားလုံးရသွားပြီ အစအဆုံး လိုက်ဆိုကြပါ'

'တံတားဦးက ကွမ်းနုဝါ'

မြောကဆေး

ကွမ်းသီးတောင်ငူနဲ့

ကိုင်းထုံးဖြူပြည်ရှား

သာဝါးလို့ထွေး

'တပည့်တို့အားလုံး တော်တယ်။ ကဗျာကိုရသွားပြီ။ နောက် ကို ဆရာမခိုင်းလိုက်ရင် အိမ်ကကျက်ခဲ့ကြမှာလား'

'ကျက်ခဲ့ပါမယ် ဆရာမ'

'ဆရာမက ပြန်မေးမှာနော်'

'မေးပါ ဆရာမ'

ကလေးများအားလုံး တက်တက်ကြွကြွ ဖြစ်နေကြသည်။



'ဆရာမက ကျက်ခဲ့ရမယ်လို့မှာရင် တစ်တန်းလုံး ကျက်ခဲ့ရမှာပေါ့။ ဆရာမက တစ်ယောက်တစ်လေ တော်တာကို သဘောမကျဘူး။ တစ်တန်းလုံးတော်မှ သဘောကျတာ။ သူများတော်ရင် ကိုယ်လဲတော်ရ မှာပေါ့။ သူများ ပထမရရင် ကိုယ်လဲ ပထမရအောင် ကြိုးစားရမှာပေါ့။ ပထမနေရာဟာ ငါနဲ့မဆိုင်ပါဘူးလို့ သဘောမထားရဘူး။ ပထမနေရာကို လုနိုင်အောင် ကြိုးစားရမယ်။ ကြိုးစားကြမှာလား။

'ကြိုးစားပါ့မယ် ဆရာမ'

ဖြေသူများထဲတွင် နွယ်နွယ်ဝင်းမပါ။

နောက်နေ့များမှာ မျိုးမျိုးအေးက ပြောထားသည့်အတိုင်း ကျက်နိုင်းသည်တို့ကို မေးသည်။ တက်တက်ကြွကြွမရှိသူများ၊ စာကျက်သူ၊ စာညံ့သူများကို အဓိကထားပြီးမေးသည်။

စာမကျက်သူ၊ မတက်ကြွသူများ ချောင်ခိုနေ၍ မရတော့ပါ။ စာကျက်လာရသည်။ မျိုးမျိုးအေးကလည်း ညံ့သူများကို မေးရာတွင် သူနှင့်တန်ရုံ ခပ်လွယ်လွယ်မေးခွန်းများကိုသာ ဖြေနိုင်အောင် မေးသည်။ ဖြေနိုင်တိုင်းလည်း ချီးကျူးစကားပြောသည်။

တစ်ပတ်ခန့်ကြာသောအခါ ကျောင်းသားအားလုံး သိသိသာသာ တက်ကြွစွာပါဝင်လာကြသည်။ လူတိုင်းစာကျက်လာကြသည်။

ကိုယ်လုပ်သည့် အောင်မြင်မှုအတွက် မျိုးမျိုးအေး

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်အားရ ဖြစ်နေသည်။

* * *

'မမျိုးရေ . . . ခုတလော ငါတို့မှာ ဟင်းချက်စရာ အသီးအရွက်နည်းသွားပြီနော်'

ညနေကျောင်းဆင်းချိန်မှာ အတူနေအတူစားသူ ဆရာမ ကြည်ကြည်ဝေက ပြောခြင်းဖြစ်သည်။

'မမျိုးသတိထားမိလား မသိဘူး။ မမျိုးအတန်းက နွယ်နွယ် ဝင်း ဘာမှ မပေးတာကြာပြီ။ သူကမှ များများပေးတာ'

မျိုးမျိုးအေး သတိမထားမိ။

'သူလဲ ပေးစရာမရှိလို့ ဖြစ်မှာပေါ့'

မျိုးမျိုးအေး ခပ်ပေါ့ပေါ့တွေးလိုက်မိသည်။ ပြီးမှ သူ စကားစိမ်းပန်း မပန်ရသည်မှာ ရက်အတော်ကြာသွားပြီကို သတိထား လာသည်။ နွယ်နွယ်ဝင်းတို့အိမ်မှာ စကားစိမ်းပင်ကြီးရှိသည်။ နွယ်နွယ်ဝင်းက နေ့စဉ် စကားစိမ်းပန်းခူးလာ၍ ပေးလေ့ရှိသည်။ စကားစိမ်းပန်းမှာ ပန်ထားလျှင် တစ်နေ့လုံး သင်းသင်းလေးမွှေးနေ သည်ကို မျိုးမျိုးအေး သဘောကျသည်။ မပန်ရသည်မှာ ရက်အ တော်ကြာသွားပြီ။

နံနက် ကျောင်းမတက်မီ အတန်းထဲသို့ ဝင်သွားသော အခါ နွယ်နွယ်ဝင်းကို တွေ့ရသည်။ အခြားသူများ ပန်းပေးကြ



သော်လည်း နွယ်နွယ်ဝင်းထံမှ ဘာပန်းမျှမရ။

'နွယ်နွယ်ဝင်း ဆရာမကို စကားစိမ်းပန်း မပေးတာ အတော်ကြာပြီနော်'

'ဆရာမမှာ ပန်းပေးမယ့်လူတွေ အများကြီးရှိတာပဲ'

အဲဒီတော့ မောင်အောင်မင်းက
စဆိုကြည့်ရအောင်
တံတားဦးက ကွမ်းနှဝါ'
'မောင်လှရွှေ'
'မြောက်ကဆေး'
'မောင်ခင်အောင်မြင့်'
'ကွမ်းသီးတောင်ငူနဲ့'
'မောင်ညိုတင်'
'ကိုင်းထုံးဖြူပြည်ရှား'
'နောက်ဆုံးကျန်တာက ဘာလဲ။
အားလုံးပြောပါ
'သာဓိးလို့တွေး'
တစ်တန်းလုံးမှ
သံပြိုင်ဖြေလိုက်ကြသည်။

နွယ်နွယ်ဝင်း ဖြေပုံမှာ တစ်မျိုးဖြစ်နေသည်ကို မျိုးမျိုးအေး သတိထားမိသည်။ သို့သော် မသိချင်ယောင်ဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

'သူ ဘယ်သူ့ကို မကျေနပ်လို့ပါလိမ့်။ ဘာကို မကျေနပ်တာပါလိမ့်'

မျိုးမျိုးအေး စဉ်းစားမရ။ ကျောင်းတက်ခေါင်းလောင်းထိုးပြီး သောအခါ ကျောင်းသားကျောင်းသူအားလုံး မတ်တတ်ရပ်၍ နှုတ်ဆက်ကြသည်။

'မင်္ဂလာပါ ဆရာမ'

'မင်္ဂလာပါ ကလေးတို့'

မျိုးမျိုးအေး မတ်တပ်ထ၍ ကလေးများကို တုံ့ပြန်မင်္ဂလာပြုသည်။ ပြီးတော့ ထုံးစံအတိုင်း မနေ့က သင်ခဲ့သော သင်ခန်းစာများကို ပြန်မေးသည်။

'ငယ်တော့ကာ ချိုကိုင်းလို့ ကြီးတော့ကာ ချိုမပါဆိုတဲ့ အင်းလေးစကားထာကို ဖြေပါ'

အားလုံး လက်ညှိုးထောင်ကြသည်။ သို့သော် နွယ်နွယ်ဝင်း မပါ။

'နွယ်နွယ်ဝင်း ဖြေပါ'

နွယ်နွယ်ဝင်းအတွက် အလွယ်တကူဖြေနိုင်မည့် မေးခွန်းဖြစ်ပါသည်။ သို့သော် -

'ကျွန်မ မသိပါဘူး ဆရာမ'

နွယ်နွယ်ဝင်းက ဆရာမကို မကြည့်ဘဲ ခေါင်းငုံ့ထား



သည်။

'ပြောင်းပြန်တွေတော့ ဖြစ်ကုန်ပြီ'

မျိုးမျိုးအေးစိတ်ထဲမှာ ပြောလိုက်မိခြင်းဖြစ်သည်။ ယခင်ကဆိုလျှင် ဘာမေးမေး နွယ်နွယ်ဝင်းလက်ထောင်သည်။ မေးခွန်းအားလုံးကို ဒိုင်ခံဖြေခဲ့သည်။ ခုတော့ တစ်တန်းလုံးသိ၍ လက်ထောင်နေကြသည်ကိုပင် နွယ်နွယ်ဝင်း မဖြေနိုင်။

'နွယ်နွယ်ဝင်း နေမှ ကောင်းရဲ့လား'

'ကောင်းပါတယ် ဆရာမ'

မျိုးမျိုးအေး နားမလည်နိုင်အောင် ဖြစ်သွားရသည်။

'သူ့အိမ်မှာ ဘာပြဿနာများရှိလို့လဲ။ သူ စာမကျက်နိုင်ဘူးလား'

တပည့်ငယ်အတွက် မျိုးမျိုးအေး စိတ်မကောင်းဖြစ်မိသည်။

ညနေတွင် နွယ်နွယ်ဝင်းတို့ အိမ်သွားလည်ရန် ဆုံးဖြတ်ထားလိုက်သည်။

* * *

'ဪ . . . ဆရာမ လာပါ။ ထိုင်ပါ'

နွယ်နွယ်ဝင်း၏မိခင် ဒေါ်ခင်ထွေးက ဆရာမ မျိုးမျိုးအေး ရောက်လာသည်ကို ဝမ်းသာအားရကြိုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'နှယ်နှယ်ဝင်းရေ . . . ဆရာမ လာတယ်ဟေ့'

သမီးကို လှမ်းခေါ်သည်။

နှယ်နှယ်ဝင်း ထွက်လာသည်ကို မတွေ့ရ။

'ခုနပဲ အိမ်ထဲမှာ ရှိသေးတယ်။ နောက်ဘက်အပေါက်ကနေ သူ့ သူငယ်ချင်း မြမြဌေးတို့အိမ်များ သွားလားမသိပါဘူး။ လှမ်းခေါ်လိုက်ဦးမယ် ဆရာမ'

'နေပါစေ ဒေါ်ဒေါ်၊ မခေါ်ပါနဲ့။ ကျွန်မ ဒေါ်ဒေါ်တို့ မိဘတွေနဲ့ တွေ့ချင်လို့ လာတာပါ'

'ဟုတ်ကဲ့ ဆရာမ ပြောပါ။ ဘာများရှိလို့လဲ'

'နှယ်နှယ်ဝင်း နေလို့မှ ကောင်းရဲ့လားလို့'

'ကောင်းပါတယ် ဆရာမ'

'သူ ညကော စာကြည့်ရဲ့လား'

'ကြည့်ပါတယ်ဆရာမ။ သမီးက စာကြည့်ဖို့တော့ မနိုင်းရဘူး'

'သူ့အရင်ကဆိုရင် အတန်းထဲမှာ စာအတော်ဆုံးပဲ။ ဘယ်သူမှ မဖြေနိုင်ရင် သူပဲ ဒိုင်ခံဖြေတာပဲ။ ဒီနေ့တော့ အများစုသိတာတောင် သူ့ကိုမေးတော့ မဖြေနိုင်ဘူး။ သူ့အိမ်မှာ မကျေနပ်စရာ၊ စိတ်အနှောင့်အ ယှက်ဖြစ်စရာ ဘာများရှိလဲလို့'

'ဒီလိုတော့ ဘာမှမရှိပါဘူး ဆရာမ။ ဒါပေမယ့် ခုတလော ညညကျရင် မြမြဌေးတို့အိမ် သွားသွားနေတယ်။ အဲဒီမှာ





စာမကြည့်ဖြစ် ဘူးလား မသိဘူး'

ထိုအချိန်မှာပင် နှယ်နှယ်ဝင်း၏ဖခင် ဦးတင်ဆောင်နှင့် အစ်ကို လှည်းဖြင့်ပြန်ရောက်လာသည်။ သားအဖနှစ်ယောက် တောမှပြန်လာကြခြင်း ဖြစ်သည်။

'ဟော . . . ဆရာမ ရောက်နေပါလား'

ဦးတင်ဆောင် လှည်းပေါ်မှ ဆင်းလာသည်။ သူ့သားက လှည်းမှ နွားများကို ဖြုတ်ကျန်ခဲ့သည်။

'သမီးရော ဆရာမရောက်နေတာ မသိဘူးလား'

ဦးတင်ဆောင်က သမီးကို မမြင်၍မေးသည်။

ဒေါ်ခင်ထွေးက ဆရာမရောက်လာသည့်အကြောင်းကို ဦးတင်ဆောင်သိအောင် ပြန်ပြောပြသည်။

ဦးတင်ဆောင်က ဆရာမမျိုးမျိုးအေးကိုကြည့်ပြီး စဉ်းစားနေ သည်။

'တစ်ခုတော့ရှိတယ် ဆရာမ။ မနေ့ညနေ သူကျောင်းက ပြန်လာတော့ အိပ်ရာပေါ်မှာ ရှိုက်ကြီးတငင် ငိုနေတယ်'

'ဟင် ဘာဖြစ်လို့လဲ'

ဦးတင်ဆောင် အံ့သြသွားသည်။ ဒေါ်ခင်ထွေး၏ ထုတ်ပြောသောစကားကို မျိုးမျိုးအေး စိတ်ဝင်စားသွားသည်။

ဒေါ်ခင်ထွေးက ဘာမှမပြောသေးဘဲ ဦးတင်ဆောင်ကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ ဘာဖြစ်လို့ ငိုတာလဲ ဒေါ်ဒေါ်'

ဒေါ်ခင်ထွေးက ပြောရာမှာ အားနာနေသည်။

'သူ ဆရာမကို စိတ်ကောက်နေတာထင်တယ်'

'ရှင်'

မျိုးမျိုးအေး အံ့ဩသွားသည်။

'သူ ဘာပြောလို့လဲ ဒေါ်ဒေါ်၊ ကျွန်မကို ပြောပြပါ'

ဒေါ်ခင်ထွေး ဘယ်လိုပြောရမှန်းမသိ။ အပြောခက်နေသည်။

'ဟုတ်တယ်ဆရာမ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကလဲ ကျွန်တော့ကို ပြောဖူးတယ်'

'ရှင် . . . ဘယ်လိုပြောလဲ'

မျိုးမျိုးအေး ဦးတင်ဆောင်ပြောမည့်စကားကို ကြားချင်နေသည်။

'ဆရာမက မျက်နှာလိုက်တယ်တဲ့'

'ရှင်'

မျိုးမျိုးအေး အံ့ဩနေသည်။

'ဘယ်လို မျက်နှာလိုက်တယ်လို့ သူပြောတာလဲ ဦး'

'သူ့ကို စာလဲမမေးဘူးတဲ့။ စာမတော်တဲ့လူတွေကို မဖြေနိုင် တာတောင် ဆရာမက ဖြေနိုင်အောင် မေးပြီး ချီးမွမ်းတယ်တဲ့။ သူ့ကိုတော့ နှိမ်ထားတယ်တဲ့'





'ဪ'

မျိုးမျိုးအေး စိတ်မကောင်းဖြစ်ရသည်။

'ဒေါ်ဒေါ်ကိုပြောတာလဲ ပြောပါဦး ဒေါ်ဒေါ်။ ဘာမှ အားမနာ ပါနဲ့။ အမှန်အတိုင်းသိရမှ ကျွန်မဖြေရှင်းနိုင်မှာပါ'

'ဒီနေ့တော့ ဆရာမက သူ့ကို စာမေးတယ်တဲ့။ သူက မသိဘူး လို့ပြောလိုက်တယ်တဲ့'

မျိုးမျိုးအေး ခေါင်းညိတ်ပြသည်။

'ဒါပေမယ့် သူသိပါတယ်တဲ့။ မဖြေချင်လို့ မဖြေတာတဲ့'

'ရှင်'

'ဆရာမကို မကျေနပ်လို့တဲ့'

နွယ်နွယ်ဝင်း မျက်နှာလေးကို မျိုးမျိုးအေး မြင်ယောင်မိသည်။ ဤသို့ မကျေနပ်ဖြစ်နေသည်ကို မသိခဲ့သည့်အတွက်လည်း ကိုယ့်ဘာသာ မကျေနပ်ဖြစ်ရသည်။

'ဆရာမက ပြောတယ်တဲ့။ အားလုံး ပထမနေရာကို လုနိုင်အောင် ကြိုးစားရမယ်တဲ့။ သူချည်းပထမရနေတာကို ဆရာမ မကျေနပ်လို့ ပြောတာတဲ့'

ဦးတင်ဆောင်က ဆက်ပြောပြသည်။

'ဪ . . . နွယ်နွယ်ဝင်းရယ်'

မျိုးမျိုးအေး နားလည်သွားပါပြီ။ မကျေမနပ် ခံစားနေရှာမည့် တပည့်ငယ်အတွက်လည်း စိတ်ကောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးများမှာ ပန်းကလေးများနှင့် တူသည်ဆိုသော်လည်း သက်မဲ့ပန်းကလေးများမှာ ခံစားချက်မရှိ၊ ကလေးတို့မှာ ခံစားတတ်သော နှလုံးသားရှိသည်။ ထိုနှလုံးသားလေးကလည်း နုနယ်လွန်းသည်။ အတိမ်းမခံ၊ အမှားမခံ၊ ကိုင်တွယ်ရသည်မှာ သိမ်မွေ့လွန်းသည်ကို မျိုးမျိုးအေး သတိထားမိလာသည်။

'နွယ်နွယ်ဝင်းက လိမ်မာတဲ့ကလေးပါ။ စာလဲကြိုးစားတော့ စာတော်ပါတယ်။ ကျွန်မကိုလဲ သိပ်ခင်ခဲ့တာပါ။ ကျွန်မအပြစ်ပါ။ ကျွန်မ သတိမထားမိခဲ့တာ'

မျိုးမျိုးအေး ဝန်ခံစကားဆိုသည်။

ဦးတင်ဆောင်နှင့် ဒေါ်ခင်ထွေးက ဆရာမျိုးမျိုးအေး၏ စိတ် မကောင်းဖြစ်နေသော မျက်နှာကို ကြည့်နေမိကြသည်။

'နွယ်နွယ်ဝင်း အပေါ်မှာ ကျွန်မ မကောင်းတဲ့ စိတ်မရှိဘူးဆိုတာကိုတော့ ဦးနဲ့ဒေါ်ဒေါ်က ယုံပါ'

မျိုးမျိုးအေး၏ အသနားခံသော လေသံဖြစ်သည်။

'ဟုတ်ကဲ့ပါ ဆရာမ'

'ယုံပါတယ် ဆရာမရယ်'

ဦးတင်ဆောင်ရော ဒေါ်ခင်ထွေးပါ တကယ်ယုံကြည်ကြပါသည်။

'ကျွန်မစေတနာက ကလေးတွေအားလုံး စာတော်စေချင်တာ၊ ကြိုးစားချင်တာပါ။ ကျွန်မ မေးလိုက်တိုင်း နွယ်နွယ်ဝင်း





နိုင်ခံဖြေ နိုင်တာပါ။ ပြီးမှ မြန်မြန်ဖြေပါ။ ဒါပေမယ့် ကျန်တဲ့ကလေးတွေက သူတို့ဖြေလိုက်ရင် ပြီးသွားပြီထင်ပြီး ရေသာခိုနေကြတယ်။ ဖြေနိုင်အောင်လဲ မကြိုးစားကြဘူး။ ဖြေလဲမဖြေနိုင်ဘူး'

ဦးတင်ဆောင် ခေါင်းညိတ်သည်။

'အဲဒါကို ကျွန်မ သတိထားမိလာတော့ ဆရာဖြစ်သင်ကောလိပ်မှာ ကလေးတို့ကို ချီးကျူးခြင်းဖြင့် သင်ကြားမှုမှာ တက်ကြွစွာပါဝင်လာအောင် ဆောင်ရွက်ပါလို့ ဆရာမကြီးတစ်ယောက်မှာတဲ့စကားကို သတိရလာတယ်။ အဲဒါနဲ့ မေးခွန်းမေးတိုင်း ရေသာခိုခေါင်းငုံ့ပြီး လက်မထောင်နိုင်တဲ့ ကလေးတွေကို ကျွန်မက မေးခွန်းလွယ်တာလေးတွေမေးတယ်။ မဖြေနိုင်ရင်လဲ ဖြေနိုင်အောင် ကူညီပေးတယ်။ ဖြေနိုင်တဲ့အခါကျတော့လဲ သာသာထိုးထိုး ချီးမွမ်းပေးတယ်'

ဦးတင်ဆောင်ရော ဒေါ်ခင်ထွေးပါ ခေါင်းညိတ်ကြသည်။

'အခုဆိုရင် သူတို့က အမြဲတန်း အမေးခံရမှန်းသိတော့ စာမကျက်ဘဲ မနေဝံ့ကြဘူး။ စာကျက်လာတယ်။ ဖြေနိုင်တိုင်း ချီးမွမ်းခံရ တော့လည်း အားတက်လာကြတယ်။ ဒါပေမဲ့ ကျွန်မ သတိမထားမိတာက ညံ့တဲ့လူတွေ တော်လာအောင် ဆွဲတင်နေတဲ့အချိန်မှာ တော်တဲ့လူတွေကို စာမမေးဖြစ်ဘူး။ သူတို့ကိုနှိမ်တာ မဟုတ်ပါဘူး။ သူတို့က တော်ပြီးသား တွေမို့ စိတ်ချလို့ပါ။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလုပ်တာက ညံ့တဲ့လူတွေ တော်လာပေမယ့် တော်ပြီးသား လူတွေကို ညံ့အောင်လုပ်သလို ဖြစ်နေတယ်။ အဲဒီလိုတော့ ကျွန်မ အဖြစ်မခံနိုင်ပါဘူး။ တော်တဲ့လူကိုလဲ တော်တာထက် ပိုတော်အောင် လုပ်ရမှာပါ'

ဦးတင်ဆောင် ခေါင်းညိတ်သည်။

'ပထမရအောင် အားလုံးကြိုးစားကြဖို့ ပြောတာလဲ နွယ်နွယ်ဝင်းချည်း ပထမရနေတာကို သဘောမကျလို့ မဟုတ်ပါဘူး။ ကျန်တဲ့ကလေးတွေလဲ အပြိုင်အဆိုင် ကြိုးစားစေချင်လို့ပါ။ ဒါမှ ပထမ ရပြီးသားလူကလဲ သူ့နေရာအတွက် ပိုကြိုးစား ပိုတော်စေချင် တာပါ'

'ကျွန်တော် နားလည်ပါပြီး ဆရာမ'

'နွယ်နွယ်ဝင်းရဲ့ နာကျင်နေတဲ့စိတ်ကလေး ပုံမှန်ပြန် ကောင်းအောင် ကျွန်မ ကြိုးစားပါမယ်'

'ကျွန်တော်တို့လဲ သူနားလည်အောင် ရှင်းပြပါ့မယ် ဆရာမ'

'ဒီနေ့ညတော့ သူ့ကို စာကြည့်ဖို့ နိုင်းပေးပါဦး။ မနက်ဖြန်ခါ သူ့ကိုစာပေးမယ်။ သူများမဖြေနိုင်တာတွေ မေးမယ်လို့'

'ဟုတ်ကဲ့ပါ ဆရာမ'

* * *





'မင်္ဂလာပါ ဆရာမ'

'မင်္ဂလာပါ ကလေးတို့'

နွယ်နွယ်ဝင်း ရှေ့ဆုံးတန်းမှာရှိသော်လည်း ဆရာမကို မကြည့်၊ ခေါင်းငုံ့လျက်၊ ကျောင်းမတက်မီက အခြားကလေးများ ပန်းလာ ပေးကြသော်လည်း နွယ်နွယ်ဝင်းထံမှ မျှော်လင့်မိသော စကားစိမ်းပန်းကို မျိုးမျိုးအေး မရ။

'စိမ်းကားနေတုန်းပါလား တပည့်ရယ်'

မျိုးမျိုးအေး စိတ်မကောင်း။

'ကဲ . . . မနေ့ကသင်ခဲ့တဲ့ တိုင်းရင်းသားစကားပုံများကို ပြန်မေး မယ်နော်။ အားလုံး ကြည့်ခဲ့ကြရဲ့လား'

'ကြည့်ခဲ့ပါတယ်'

ကလေးများ သံပြိုင်ဖြေကြသည်။ သို့သော် ထိုအထဲမှာ နွယ်နွယ်ဝင်းမပါသည်ကို မျိုးမျိုးအေး ပသိမသာ အကဲခတ်ကြည့်နေ၍ သိပါသည်။

'တိုင်းရင်းသားလူမျိုး ဆယ့်ရှစ်မျိုးရဲ့ စကားပုံတွေဖြစ် တယ်။ အဲဒီအထဲက တိုင်းရင်းသားလူမျိုး ငါးမျိုးကို ပြောရမယ်'

'သိပါတယ်ရှင့်'

'သိပါတယ်ခင်ဗျာ'

တစ်တန်းလုံး လက်ညှိုးထောင်သည့်အထဲတွင် နွယ်နွယ်ဝင်း လည်းပါသည်။ ယောက်ျားလေးတစ်ယောက်ကို

www.burmeseclassic.com



မေးလိုက်သည်။ ဖြေနိုင်သည်။

'နောက်ကျန်တဲ့အထဲက ငါးမျိုး'

နောက်တန်းမှ တစ်ယောက်ကိုမေးသည်။ ဖြေနိုင်သည်။

'တယ်တော်ပါလား'

မျိုးမျိုးအေး ချီးကျူးလိုက်သည်။

'နောက် သုံးမျိုးပဲ ကျန်တော့တယ်'

လက်ညှိုးများ လျော့နည်းသွားသည်။ နွယ်နွယ်ဝင်း လက်ညှိုးပါသည်။ သို့သော် သူ့ဘေးမှ လက်ညှိုးထောင်နေသော မြမြဌေးကို မေးလိုက်သည်။ ဖြေနိုင်သည်။

'ကချင်စကားပုံ သုံးမျိုးကို ပြောရမယ်'

တစ်တန်းလုံး လက်ညှိုးထောင်သည်။ ယောကျ်ားလေး တစ်ယောက်ကိုမေးသည်။ ဖြေနိုင်သည်။

နောက်ထပ်၊ တိုင်းရင်းသားစကားပုံများကို လူမျိုးအ လိုက် တစ်မျိုးစီခွဲ၍မေးသည်။ ဖြေနိုင်ကြသည်။

'ငါ့တပည့်တွေ သိပ်တော်ကြပါလား။ အားလုံးတကျ ကြတယ်။ ဆရာမဝမ်းသာပါတယ်ကွယ်'

'ကဲ ဒီတစ်ခါ ကချင်စကားပုံထဲက ကလေးကျ လှေကားထောင်၊ ရန်သူပြန်မှ ဒူးလေးပြင် . . . ဆိုတဲ့ စကားပုံ ဆင်တူတဲ့ မြန်မာစကားပုံကိုပြောပါ'

တအုပ်ထဲမှာ ပါသည်မဟုတ်။ မျိုးမျိုးအေး တသင်ရှ





ပြောခဲ့သည်။ လိုက်မှတ်သားသူများသာ ဖြေနိုင်သည်။

လူဆယ်ယောက်ခန့် လက်ညှိုးထောင်သည့်အထဲမှာ နွယ်နွယ်ဝင်းပါသည်။ ဘေးဘက်အစွန်မှ မိန်းကလေးတစ်ယောက်ကို မေးလိုက်သည်။

'သူခိုးပြေးမှ ထိုးကွင်းထပါ ဆရာမ'

'ဟုတ်ပါတယ်။ နောက်ထပ်ရှိသေးတယ်'

'စစ်ရောက်မှ မြားချွန်ပါဆရာမ'

'မှန်ပါတယ်။ ကဲ ဒီတစ်ခါ ကရင်စကားပုံထဲက အတူတူ လုပ်က အလုပ်တွင်ဆိုတာနဲ့ညီတဲ့စကားပုံပြောရမယ်'

လက်ညှိုးဆယ်ယောက်ထဲမှာ နွယ်နွယ်ဝင်းပါသည်။ ယောကျ်ားလေးတစ်ယောက်ကိုမေးသည်။

'စုပေါင်းညီညာ အောင်ကြောင်းဖြာပါ ဆရာမ'

'ဟုတ်ပါတယ်။ ချင်းစကားပုံမှာ သူတစ်ပါးလက်နဲ့ မြွေဖမ်းချင် ဆိုတာပါတယ်။ သူနဲ့ဆင်တူတဲ့ မြန်မာစကားပုံပြောပါ'

လက်ညှိုးသုံးချောင်းမှာ နွယ်နွယ်ဝင်းပါသည်။ ကျန်နှစ် ချောင်းက မြမြဌေးနှင့် မောင်ခင်ဦး။

မောင်ခင်ဦးကို မေးလိုက်သည်။

'သူများဗိုက်ငှားပြီး ဓားထိုးခံပါ ဆရာမ'

'ဟုတ်ပါတယ်။ မောင်ခင်ဦး တော်တယ်'

'မန္တလေးစကားပုံမှာ အနှင်းခံသော ဝပါးသန်သည်။ အဝေဖန်

www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်သော သူလိမ္မာသည် . . . ဆိုတာနဲ့ ဆင်တူမြန်မာစကားပုံကို ပြောရမယ်'

လက်ညှိုးနှစ်ချောင်းသာ တွေ့ရသည်။ မြမြငွေးနှင့် နွယ်နွယ်ဝင်း။ မြမြငွေးကို မေးသည်။

'နာနာဖွပ်မှ အဝတ်ဖြူသည်။ နာနာထောင်းမှ ဆန်ဖြူသည်'

'ဟုတ်ပါတယ်။ မြမြငွေးက တော်တော် တော်တာပဲ။ ကဲ . . . နောက်တစ်ခု ရပ်မိစကားပုံက ခွေးဟောင်၍တောင်မရွေ့'

'သိပါတယ်ဆရာမ'

လက်ညှိုးဆယ်ခုခန့် ပြန်ဖြစ်လာသည်။ ယောကျ်ားလေး တစ်ယောကကို မေးသည်။

'ခွေးလေးခုန်၍ ဖုန်မထ'

'မှန်ပါတယ်ကွယ်။ ဒီတစ်ခါ အဆီးစကားပုံ တောင်ယာခုတ် မှားတစ်နှစ်၊ မယားယူမှား တစ်သက်တဲ့။ အဲဒါနဲ့ညီတဲ့ မြန်မာစကားပုံ'

လက်ညှိုးတစ်ချောင်းသာ တွေ့ရသည်။

'ကဲ . . . နွယ်နွယ်ဝင်းတစ်ယောက်ပဲ လက်ထောင်နိုင်တယ်။ နွယ်နွယ်ဝင်း ဖြေပါ'

'ကုန်ရှုံးလျှင်တစ်ခေါက်၊ လင်ယူမှားလျှင် တစ်သက်လုံး



မှောက်။ ဆရာမှားလျှင် တစ်သံသရာလုံး မှောက်ပါ ဆရာမ'

'ဟုတ်ပါတယ်ကွယ်။ ဇါတပည့်က သိပ်တော်တာပဲ'

'ဆရာမှားလို့ တစ်သံသရာလုံးမှောက်တဲ့အကြောင်း ဆရာမ ပြောခဲ့ပါတယ်။ ဘယ်သူက ဘယ်သူ့ကို ဆရာတင်လို့လဲ။ ဘယ်သူသိလဲ'

နွယ်နွယ်ဝင်းတစ်ယောက်သာ လက်ညှိုးထောင်နိုင်ပါသည်။

'ဖြေပါ . . .'

'အဇာတသတ်က ဒေဝဒတ်ကို ဆရာတင်လို့ပါ ဆရာမ'

'ဟုတ်ပါတယ်ကွယ်။ ဇါတပည့်က အသေအချာမှတ်ထားတာပဲ။ တော်လိုက်တာ။ ဆရာဆိုတာ တပည့်အတွက် မျက်မှောင်ဘဝရော၊ သံသရာပါကောင်းအောင် လုပ်ပေးနိုင်မှ ဆရာကောင်း။ ဟုတ်လား နွယ်နွယ်ဝင်း . . .'

'ဟုတ်ပါတယ် ဆရာမ'

နွယ်နွယ်ဝင်း ဆရာမကို လှမ်းကြည့်လိုက်သည်။ စာမေးခြင်း ပြီးသွား၍ နောက်ထပ်သင်ခန်းစာ အသစ်သင်ပါသည်။

* * *

ညနေကျောင်းဆင်းတော့ –

'ဆရာမ ဒီနေ့ညနေ အိမ်လာခဲ့ပါဦးနော်'



www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်ဝင်းက ဆရာမကို ဖိတ်ခေါ်သွားသည်။

ကျောင်းဆင်းပြီးနောက် မကြာမီမှာပင် မျိုးမျိုးအေးတစ်ယောက် နွယ်နွယ်ဝင်းတို့အိမ်ရောက်သွားသည်။

'သမီးရေ . . . ဆရာမ လာတယ်ဟေ့'

ဒေါ်ခင်ထွေး လှမ်းပြောလိုက်၍ နွယ်နွယ်ဝင်း အိမ်ထဲမှ ပြေး ထွက်လာသည်။

'လာ . . . ဆရာမ ထိုင်ပါ'

နွယ်နွယ်ဝင်းက ဝမ်းသာအားရ ဆီးကြိုသည်။

အိမ်ရှေ့ကပြင်မှ တန်းလျားခုံမှာပင် မျိုးမျိုးအေး ထိုင်လိုက် သည်။ နွယ်နွယ်ဝင်းမျက်နှာက ပြုံးလို့ ချိုလို့။

တန်းလျားခုံရှေ့မှ စားပွဲပေါ်မှာ စကားစိမ်းပန်းပွင့်များကို ငှက်ပျောဖက်ပေါ်မှတင်ထား၍ စကားစိမ်းပန်းနံ့ သင်းသင်းမွှေးနေ သည်။

နွယ်နွယ်ဝင်း ဤမျှလွယ်လွယ်ကူကူနှင့် စိတ်ကောက်ပြေးသွားသည်ကို မျိုးမျိုးအေး ဝမ်းသာနေသည်။

'ငါတပည့်ကို ဖေဖေနဲ့မေမေက ပြောပြလို့လား'

'မဟုတ်ပါဘူးဆရာမ။ မနေ့က ဖေဖေနဲ့မေမေကို ဆရာမပြော ပြနေတော့ ကျွန်မအိမ်ထဲမှာရှိတယ်'

'ဟင် . . . ဟုတ်လား'

'ဟုတ်တယ် ဆရာမ။ ကျွန်မ နောက်ဘက်အပေါက်က



အိမ်ထဲဝင်လာပြီး ဆရာမပြောတာတွေကို နားထောင်ပြီးတော့ စိမ်မကောင်းလို့ ငိုနေတာ။ အသံမထွက်အောင် မနည်းထိန်းထားရတယ်'

နွယ်နွယ်ဝင်းပြောရင်းမှ မျက်ရည်များ ကျလာရုံမက ရှိုက်သံ ပါထွက်လာသည်။

'ဩော် . . . . မငိုပါနဲ့တော့ သမီးရယ်'

'သမီး ဆရာမကို ကန်တော့ပြီး တောင်ပန်းပါရစေ'

နွယ်နွယ်ဝင်း မြေကြီးပေါ်မှ ဒူးတုပ်လျက် ကန်တော့ သည်။

'ဆရာမ ခွင့်လွှတ်ပါတယ်ကွယ်။ လာ . . . လာ ထပါ။ ဆရာမကလဲ သတိထားရမှာပါကွယ်။ ဆရာမကြောင့် ငါတပည့်စိမ်မကောင်း ဖြစ်ရတာ။ ဆရာမကိုလဲ ကျေနပ်နော်။

မျိုးမျိုးအေးက နွယ်နွယ်ဝင်း ပခုံးလေးကိုကိုင်၍ ထူပေးသည်။

နွယ်နွယ်ဝင်းကတော့ ဝမ်းပန်းတနည်း ငိုနေဆဲ။

'ဒီစကားစိမ်းပန်းတွေက ဆရာမအတွက် သူ့ရူးထားတာ'

ဒေါ်ခင်ထွေးက ပြေလည်သွားကြပြီဖြစ်သော်လည်း ငိုရှိုက်ဆဲဖြစ်သော သမီးကိုကြည့်၍ ဆရာမကို ပြောပြနေသည်။

'စကားစိမ်းပန်းတွေကလဲ ပွင့်လိုက်တာ။ ဆရာမကို သိပ်ပေးချင်တာပဲ။ ဒါပေမဲ့ ဆရာမကို မကျေနပ်တော့ တအားပွင့်

www.burmeseclassic.com



နေတဲ့ စကားစိမ်းပင်ကိုလဲ မကျေနပ်ဘူး'

နှယ်နှယ်ဝင်း၏ ပွင့်လင်းသောစကားကြောင့် မျိုးမျိုးအား အသံထွက်မြိုး ရယ်မိသည်။

နှယ်နှယ်ဝင်း၏ မျက်နှာလေးပေါ်မှာလည်း မျက်ရည်စ များနှင့်အတူ အပြုံးပန်းလေးပွင့်လန်းလျက်။

မြတ်ဆရာမဂ္ဂဇင်း
၂၀၀၂ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

# ဂူကြီးသုံးလုံး

ဂူကြီးသုံးလုံး

ပင်းယမြို့ကြီး မင်းနေပြည်တော်ဖြစ်စဉ်က ညီမသုံးယောက် တည်ထားခဲ့ကြသော ပုထိုးဂူကြီးသုံးခုကို ယခုတိုင်ပင် ကျောက်ဆည်တံတားဦး ကားလမ်းဘေးမှာ တန်းစီလျက် ထင်ရှားစွာ တွေ့မြင်နေရ၏။ တစ်လုံးမှာ အကြီးဆုံးဖြစ်၍ အလယ်ဂူမှာ အလတ်ဖြစ်သည်။ နောက်တစ်လုံးမှာ အသေးဆုံးဖြစ်၏။ ချမ်းသာကြွယ်ဝသော မိဘများ ကွယ်လွန်ကြသောအခါ ညီမသုံးယောက် မိမွေဖမွေ အညီအမျှ ရကြသည်။ ထိုအမွေမှ တစ်ပုံစီကိုဖယ်၍ မိဘများအား ရည်စူးပြီး ကောင်းမှုပြုရန် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ညီမသုံးယောက် တစ်ယောက်လျှင် ပုထိုးဂူကြီးတစ်လုံးစီ တည်ဆောက်ကြသည်။ ထိုသို့တည်ဆောက်နေစဉ် အစ်မကြီး၏ စိတ်ထဲမှာ အတွေးတစ်ခုဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှုပြုတဲ့ ငွေက အတူတူဆိုတော့ ဂူကြီးတွေပြီးတဲ့အခါ အရွယ်တူဖြစ်နေမှာပေါ့။ ငါက အကြီးဆုံး . . . ငါ့ဂူက ပိုကြီးမှကောင်းမယ်၊ ဟုတ်တယ် . . . ငါ့ဂူက အကြီးဆုံးဖြစ်ရမယ် . . ."

တစ်ညတွင် လကလေး ထိန်ထိန်သာနေ၏။

ညီမအငယ်ဆုံးသည် အိပ်မပျော်သည်နှင့် ဆောက်လုပ်ဆဲဂူကြီးများ၏ အခြေအနေကို သွားကြည့်၏။ လရောင်အောက်မှာ ဆောက်လက်စ ဂူကြီးများကို မြင်ရသည်။

နေ့ခင်းမှာ အုတ်သယ်သူ၊ အင်္ဂတေဖျော်သူ၊ အင်္ဂတေသယ်သူ၊ ပန်းရံလုပ်သူများနှင့် စည်ကားနေသော်လည်း ယခုတော့ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေ၏။ ညဉ့်နက်နေပြီမို့ သွားသူလာသူလည်း မရှိ။

"ဟင် . . . အစ်မလတ် ဂူဘက်က အုတ်တွေကို အစ်မကြီးဂူဘက် သယ်ပို့နေတာပါလား . . . ဘယ်သူပါလိမ့် . . ."

ညီမငယ်သည် သစ်ပင်ရိပ်များကို အကာအကွယ်ယူ၍ အစ်မလတ် ဂူဘက်သို့ ချဉ်းကပ်၏။

"အကို အစ်မကြီးပါလား"

ညီမငယ် နားလည်လိုက်ပြီ။

"ဟုတ်တောပေါ့၊ ညီမသုံးယောက်မှာ အစ်မကြီးက အကြီးဆုံး၊ သူ့ဂူက အကြီးဆုံးဖြစ်သင့်တာပေါ့"

ညီမငယ်မှာ ကူသယ်ပေးချင်စိတ်ဖြစ်လာ၍ သစ်ပင်ရိပ်မှ ထွက်မည်ပြုသည်။ သို့သော် အတွေးတစ်ခုဝင်လာ၍ သစ်ပင်အကွယ်မှာ ရပ်နေလိုက်သည်။

"သူ့ခဗျာ . . . ငါသိတာကို သိရင် ရှက်မှာပေါ့၊ ဟုတ်တယ်၊ ငါမသွားသေးဘူး"

ညီမငယ် ရပ်လျက် ဆက်ကြည့်နေသည်။

"ဟင် ဒါဆိုရင် အစ်မလတ် ဂူက ငါ့ဂူထက် ငယ်သွားမှာပေါ့"

အစ်မလတ်အတွက် စိတ်မကောင်းဖြစ်သည်။

"ငါ ဘယ်လိုလုပ်ရမလဲ . . ."

ညီမငယ် စဉ်းစားသည်။

"ဟုတ်ပြီ၊ အဲဒီအတိုင်း လုပ်ရမယ်၊ ငါက အငယ်ဆုံးဆိုတော့ ငါ့ဂူက အသေးဆုံးဖြစ်သင့်တာပေါ့"

သစ်ပင်ရိပ်မှာ ညီမငယ်ရပ်စောင့်နေလိုက်သည်။

သန်းခေါင်ယံ ကြက်တွန်ချိန်တွင် အစ်မကြီး ပင်ပန်းသွားပြီ၊ အုတ်ခဲလည်း အတော်သယ်ပြီးပြီမို့ အိမ်ပြန်သွားသည်။

ညီမငယ် ပြုံးလိုက်သည်။ သူ့လုပ်ငန်း စရမည့်အချိန်ဖြစ်သည်။

သူ့ဂူဘက်မှ အုတ်များကို အစ်မလတ်ဂူဘက်သို့ သယ်ပို့သည်။

နောက်တစ်နေ့ညမှာ စောစောမလာတော့ပါ။ သန်းခေါင်







www.burmeseclassic.com

www.burmeseclassic.com



ကြက်တွန်သံကြားမှ အိပ်ရာမှ ထွက်လာခဲ့သည်။ အစ်မကြီး ပြန်သည် နှင့် ကိုယ့်အလုပ်ကို လုပ်သည်။ ဘုန်းကြီးကျောင်းက အုန်းမောင်း ခေါက်မှ ပြန်လာသည်။

နေ့ခင်းတွင် ပန်းရံဆရာများက ဆက်၍ တည်ဆောက်သည်။ ညဦးပိုင်းတွင် အစ်မကြီးက အစ်မလတ် ဂူဘက်မှ အုတ်များကို သူ့ဂူဘက်သို့ သယ်ပို့သည်။

ဂူကြီးသုံးလုံးဆောက်လုပ်၍ ပြီးစီးသွားလေပြီ။ အစ်မလတ်က ဘာမျှမသိ။ အစ်မကြီးနှင့် ညီမအငယ်ဆုံး၏ဂူမှာ အကြီးဆုံးဖြစ်နေသောကြောင့်တည်း။

ဘာကြောင့် ဤသို့ဖြစ်ရသည်ကို မည်သူမျှ ဖရှင်းပြနိုင်သော်လည်း ဤပုံပြင်ကို ကြားသူတိုင်း သဘောကျသည်။ ပုံပြင်လေးအခြေပြုရာ ဂူကြီးသုံးလုံးကလည်း ယခုတိုင် အထင်အရှားရှိသည်။

မနော့ကြာဖြူ

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ။



www.burmeseclassic.com

www.burmeseclassic.com

# ထီ..ထီ..ထီ

# ထီ...ထီ...ထီ

မိုးကအဆက်မပြတ် ရွာနေသည်။ ရာသက်ပန် လက်ဖက်ရည်ဆိုင် ရောက်နေသူများ မပြန်နိုင် မထွက်နိုင်ဖြစ်နေကြသည်။ အချိန်ကလည်း နေ့ခင်း ၂ နာရီအချိန်ခန့်မို့ မိုးအေးအေးမှာ စကားဝိုင်းဖွဲ့နေကြသည်။

အောင်ဘာလေထီ နောက်ဆုံးဖွင့်ရက်ဖြစ်၍လည်း ထီအကြောင်း ပြောကြရာမှ တစ်ယောက်က –

"ထီဆိုတာလဲ တိုက်မှရတာပါဗျာ၊ မန္တလေးက ဆာမိသိန်းဆုပေါက်တာတောင် မခံစားလိုက်ရဘူး . . ."

"ဘာဖြစ်လို့လဲ . . ."

တစ်ယောက်က မေးလိုက်ခြင်းဖြစ်သည်။

အဲဒီအချိန်က ထီတစ်သိန်းဆိုတာ တိုက်ရော၊ ကားရော

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အပြင် ငါးသောင်းလောက်ပိုသေးတယ်ဆိုတော့ ငါလိုလူ ရှိသေးလားကွဆိုပြီး သူအလုပ်လုပ်နေတဲ့ တိုက်ပေါ်ကနေ ငုံ့ထိုးချလိုက်တာ ကားလမ်းပေါ်ကျပြီး သေရောတဲ့''

တချို့က ရယ်ကြသည်။ တစ်ယောက်ကတော့ ...

''ဒီလူနှယ် ...ကံကောင်းလို့ ထီပေါက်ပြီးမှ ကံဆိုးသွားရတယ်''

''ခင်ဗျားပြောသလိုပဲ သိန်းထီပေါက်ပြီး မခံစားရတဲ့ လူရှိသေးတယ်''

တခြားတစ်ယောက်က တခြားတစ်ခု တင်ပြလာခြင်းဖြစ်သည်။

''လုပ်ပါဦး''

တစ်ယောက်က တောင်းဆိုလိုက်သည်။

''ဖြစ်တာက ပြည်မြို့မှာ''

ထီပေါက်တာက ရေထမ်းသမား။ ထီထိုးဖို့ နှစ်ကျပ် တောင် မနည်းစုရတာ။ ထီလက်မှတ်ကို ရေထမ်းတဲ့ ထမ်းပိုးမှာ အပေါက်ဖောက်ပြီး အဲဒီအပေါက်ထဲ အလိပ်လေးလုပ် ထည့်ထားတာ။ ထီလက်မှတ်ရဲ့ အက္ခရာနဲ့ ဂဏန်းကိုတော့ သူ့အိမ်က သစ်သားတန်းမှာ မြေဖြူနဲ့ ရေးထားတယ်တဲ့''

ထီပေါက်စဉ်လဲ ထွက်ရော ခါးပန်းက နံပါတ်နဲ့ တိုက်ကြည့်တော့ သိန်းဆုပေါက်နေရော။ ဝမ်းသာလွန်းလို့ ငါသူဌေးဖြစ်ပြီ



ဒီနေ့စပြီး ရေမထမ်းတော့ဘူးကွဆိုပြီး ရေထမ်းတဲ့ထမ်းပိုးကို ဧရာဝတီ မြစ်ထဲ လွှင့်ပစ်လိုက်တယ်တဲ့ ပြီးတော့ သူငယ်ချင်းတွေ လိုက်ပြော ဆိုင်တစ်ဆိုင်မှာ ပျော်ပျော်ပါးပါး စားသောက်ကြတယ်တဲ့။ နောက်မှ သူငယ်ချင်းက မင်းထီလက်မှတ်ကိုရော သေသေချာချာ သိမ်းရဲ့လား။ ထီပေါက်ပြီးမှ လက်မှတ်ပျောက်နေဦးမယ်လို့ ပြောတယ်တဲ့။ ဒါနဲ့ သူက ဘယ်ပျောက်မလဲကွ။ ငါက သေသေချာချာ ထမ်းပိုးထဲ ထည့်ထားတာလို့ ပြောပြီးမှ အမယ်လေးဗျ။ သေပါပြီ၊ သွားပါပြီ လုပ်ကြပါဦး ဆိုအော်သတဲ့။ ထမ်းပိုးကို မြစ်ထဲ လွှင့်ပစ်လိုက်မိတာ သတိရပြီး သူငယ်ချင်းတွေ ပြောပြတယ်''

သူနဲ့ သူငယ်ချင်းတွေ လှေတွေငှားပြီး မြစ်ရိုးတစ် လျှောက် ထမ်းပိုးလိုက်ရှာကြတယ်။ အောက်ဘက်က မြို့ရွာတွေကို ကုန်းလမ်းက ကြိုသွားပြီးတော့လဲ မြစ်ပြင်အနှံ့ရှာကြတယ်တဲ့။ ဒါပေ မယ့် ထမ်းပိုးက ရှာမတွေ့တော့ဘူး။

''ဖြစ်မှ ဖြစ်ရလေကွာ ... ဘယ်လောက်များ မောလိုက် မလဲ''

တစ်ယောက်က ကြားမှ မောနေသည်။

''ဆင်းရဲတုန်းက ရေထမ်းစားရတဲ့ ထမ်းပိုးကို အမြတ် တနိုး သိမ်းထားမယ်ဆိုရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး ...''

တစ်ယောက်က ထမ်းပိုး၏ကျေးဇူးကို မေ့၍ ဤသို့ဖြစ် ရသည်ဟု အပြစ်တင်လိုသော သဘောဖြစ်သည်။

''သူလဲ အပျော်လွန်ပြီး မေ့သွားတာနေမှာပေါ့ကွာ ...''



www.burmeseclassic.com

www.burmeseclassic.com



''မထိုက်လို့ပေါ့ကွာ ...''

မှတ်ချက် အမျိုးမျိုး ထွက်ပေါ်လာသည်။

''ကျွန်တော့်ဟာက ရယ်စရာလဲ ကောင်းတယ် ...''

သင်ခန်းစာယူဖို့လည်း ကောင်းတယ်ဗျ ဖြစ်တာက ဒီဂံလာဒုံ ဈေး အပြင်ဘက်တန်းမှာ''

တစ်ယောက်က ဖြစ်ရပ်အသစ်တစ်ခုကို တင်ပြနေပြန် သည်။

''ကျွန်တော်က အဲဒီတုန်းက မင်္ဂလာဒုံဈေးအပြင်တန်းမှာ နာရီပြင်ဆိုင်လေး ဖွင့်ထားတာ ...'' ကျွန်တော့်ဆိုင်မှာ ရာသီစာ အသီးအနှံတွေ ရောင်းတဲ့ သစ်သီးဆိုင်လေး ရှိတယ်၊ ဒေါ်မြတဲ့ အသက်က ငါးဆယ်လောက်၊ သူ့ဆိုင်အမိုးမှာ မန္တလေး ပုခက်လေး ဆွဲထားတာ ရှိတယ်၊ အထဲမှာ မန္တလေးပုံနဲ့ပေါ့၊ နေ့တိုင်း ပန်းပွင့် လေးတွေ ပူဇော်တယ်၊ ဈေးရောင်းကောင်းအောင်လို့ပေါ့။ တစ်ခါတစ် လေ ကြက်ဥပူဇော်တယ်၊ သူကတော့ ကြက်ဥလို့ မခေါ်ဘူး။ မမနဲ့ ရွှေမင်းသမီးဆက်ပါတဲ့ ...'' တစ်နေ့တော့ နှစ်ကျပ်တန် ထီလက်မှတ် ပယ်ပြီး မန္တလေးရဲ့ ပုခက်လေးထဲ ထည့်သိမ်းထားတယ်၊ မမနဲ့ထီ ပေါက်အောင် မနော် ... ပေါက်ရင် မမနဲ့ကို ရွှေဖရုံသီးတွေ များများ ဆက်မယ်၊ အင်္ကျီလှလှလေးလဲ ဝယ်ပေးမယ်လို့ ပြောတယ်။

ဒါနဲ့ ထီဖွင့်တော့ နှစ်သောင်းဆု ပေါက်တဲ့အကြောင်း ထီထိုး ထားတဲ့ဆိုင်က လာပြောတယ်။ အဲဒီတုန်းက နှစ်သောင်းဆုဆိုရင် နည်းတာ မဟုတ်ဘူး။ ရွှေတစ်ကျပ်သား ငါးရာခေတ်က ...





နားထောင်သူအချို့ ခေါင်းညိတ်ပြသည်။

''ဒေါ်မြလည်း ဝမ်းသာအားရ နဲ့မမနဲ့ရေ ... ထီပေါက်ပြီဟေ့ ... မမနဲ့ကို ပြောထားတဲ့အတိုင်း ဆက်မယ်ဟေ့ ... ထီလက်မှတ် ပေးပါဦးဆိုပြီး မန္တလေးပုခက်ထဲမှာ ထီလက်မှတ်ရှာတယ်၊ မရှိတော့ဘူး။ ပုခက်က လေဒလဟောထဲမှာပဲ။ ပုခက်လေးလဲ လေ တိုးတိုင်းလှုပ်နေတော့ ဘယ်အချိန် လွင့်ပါသွားလဲ မသိဘူး''

ဒေါ်မြ မန္တလေး ပုခက်ကိုဖြုတ်ပြီး အမောတကော ကြည့်တယ်၊ ရှာတယ် မတွေ့တော့ဘူး။ စိတ်ဆိုးပြီး ဟင် ... ငါကဖြင့် ပန်းဆက်ရ ရွှေဖရုံသီးဆက်ရနဲ့ အားကိုးလိုက်ရတာ ... နင်ကတော့ ထီလက်မှတ် လေး တစ်စောင်တောင် မပျောက်အောင် ထိန်းမပေးနိုင်ဘူး။ သွားရော့ ဆိုပြီး မန္တလေး နတ်ရုပ်လေးရော၊ ပုခက်ရော လမ်းပေါ်လွှင့်ပစ်လိုက် တယ်။ နှစ်သောင်းလဲ မရတော့ဘူး။

ရယ်သံများ ထွက်ပေါ်လာသည်။

''သူလည်း အသိမ်းမတတ်တာပဲ ...''

''အားကိုးမှားတာပေါ့ဗျာ ...''

မှတ်ချက်များ ထွက်ပေါ်လာကြပြန်သည်။

''ကျွန်တော်ဟာကတော့ ပိုထူးဆန်းတယ်ဗျ ကံတရားရဲ့ ဆန်း ကြယ်ပုံပေါ့''

တစ်ယောက်က ဖြစ်ရပ်အသစ်ကို တင်ပြန်ရန် စကားစနေပြန် သည်။ မှတ်ချက်ပေးသည်များ ရပ်စဲသွားပြီး အကြောင်းအရာသစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ကြရပြန်သည်။ မိုးကလည်း သဲသဲမဲမဲရွာနေဆဲ။

''အဲဒီတုန်းက ကျွန်တော်က စဥ့်ကိုင်မြို့မှာ နေတာဗျ။ ပေါက် လဲပေါက်တယ်၊ ဦးလေးလွင်က သူ့ဆိုင်မှာ ထီထိုးရင် လိပ်စာအသေ အချာရေးမှတ်တယ်'' အဲဒီတုန်းက ထီဖွင့်ရင် ညမှာ ရေဒီယိုက ပေါက်ဂဏန်းတွေ ကြေငြာတယ်။ ဦးလေးလွင်က သူ့ဆိုင်က လက် မှတ်တွေနဲ့ ရေဒီယိုကြေငြာတာကို ညတိုင်းတိုက်တယ်။ ပေါက်ရင် နောက်တစ်နေ့ကျ သင်ပုန်းကြီးမှာ ဆုငွေ၊ ပေါက်ဂဏန်း၊ လိပ်စာ အကုန်ရေးထားတယ်။ တစ်ခါတော့ စဥ့်ကိုင်အနောက်ပိုင်းရွာတစ်ရွာ က အဘွားကြီးတစ်ယောက် ငါးသောင်းဆုပေါက်တယ်။ အဲဒီတုန်းက ရွှေဈေးက ငါးရာတောင် မဟုတ်ဘူး။ သုံးရာလောက်က . . .''

မြန်မြန်ရှေ့ဆက်ရန် ခေါင်းမြန်မြန်ညိတ်သည်။

ရွာနာမည်နဲ့ လူနာမည်နဲ့ ဘောမှာ ကြေငြာထားတာတွေ့တော့ အဲဒီရွာက လူတစ်ယောက်တွေ့ပြီး အဘွားကြီးကို သွားပြောတယ်။ အဘွားကြီးခမျာ ဝမ်းသာလွန်းလို့ နောက်နေ့မနက်မှာ ထီလက်မှတ် လေးယူပြီး စဥ့်ကိုင်မြို့သွားတာပေါ့။ မြင်းလှည်းနဲ့သွားတော့ မြို့အဲ နောက်ဖက်ထိပ် မြင်းလှည်းဂိတ်ကနေ ဦးလွင်ထီဆိုင်ကို ဆိုက်ကား နဲ့သွားရတယ်။

လမ်းမှာ ဆိုက်ကားသမားနဲ့ စကားပြောရင်း ထီငါးသောင်း ဆုပေါက်လို့ဆိုတာ ဆိုက်ကားသမားသိသွားတာပေါ့ . . . မြို့ထဲမှာ ဈေးနားရောက်တော့ ဆိုက်ကားသမားက အဘွားထီလက်မှတ်





ခဏပြပါ . . . ဟုတ်မဟုတ် ဈေးမှာ ဝင်တိုက်ပေးမယ်လို့ ပြောတယ်။ အဘွားကြီးကလဲ ရိုးရိုးအအနဲ့ ထုတ်ပေးလိုက်တာပေါ့။ ဆိုက်ကားသ မားက ဈေးထဲဝင်ပြီး ခဏကြာတော့ ပြန်လာတယ်။ သူ့မိတ်ဆွေများ မရှိလို့ ထီပေါက်စဥ်မတိုက်ခဲ့ရဘူးဆိုပြီး ထီလက်မှတ်ပြန်ပေးတယ်။

ဦးလွင်ဆိုင်မှာ အဘွားကြီးလာပြီဆိုပြီး ဝမ်းသာအားရကြိုတာ ပေါ့။ အဘွားကြီးက ထီလက်မှတ်ထုတ်ပေးတယ်။ ဒါပေမယ့် ဘော ပေါ်မှာ ရေးထားတဲ့ ပေါက်ဂဏန်းနဲ့ လွဲနေတယ်။

ဒီလက်မှတ်က ပေါက်ဂဏန်းမဟုတ်ဘူးဆိုတော့ အဘွားကြီး လည်း ဘာမှမသိဘူးပေါ့။ နောက်မှ မေးရင်းမြန်းရင်းနဲ့ ဆိုက်ကား သမား လဲယူလိုက်ပြီး တွက်မိကြပါတယ်။ ဒါပေမယ့် ဘယ်လိုလုပ် မလဲ။ လက်မှတ်က သူ့ဆီ ရောက်သွားပြီ။ တိုင်ရမယ်။ ဆိုက်ကား ဂိတ်လိုက်ရှာတော့လဲ မတွေ့တော့ဘူး။ ထီဥပဒေကလည်း လက်မှတ် တင်ပြနိုင်သူသာ ငွေထုတ်ခွင့်ရမှာ။ အဘွားလည်း လက်မှတ်အလဲခံ ရတာသိပြီး ငိုလို့ သူ့ရွာ ပြန်သွားတယ် . . .''

ဒါပေမယ့် အဲဒီနေ့ညမှာ ရေဒီယိုက ပေါက်ဂဏန်းတွေ ကြေ ညာတော့ အဘွားကြီးဆီ ရောက်နေတဲ့ ထီလက်မှတ်က သိန်းဆု ထွက်လာတယ် . . .။

''ကောင်းတယ် . . . ယုတ်မာတဲ့ ဆိုက်ကားသမား သိန်းဆုရ မှာကို ငါးသောင်းဆုနဲ့ လဲယူသွားတယ် . . .''

''အဘွားကြီးက ငါးသောင်းအစား တစ်သိန်းရသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



...''

ဝမ်းသာသော မှတ်ချက်များ ဖြစ်သည်။

''အင်း ... ခင်ဗျားတို့ ထိအကြောင်းလေးတွေက စိတ်ဝင်စား စရာကောင်းလို့ ... ကျွန်တော် ဟိုဘက်စားပွဲက နားထောင်နေတာ ... ကျွန်တော့်မှာလည်း ပြောစရာတစ်ခုရှိတယ်''

အငြိမ်းစားအရာရှိကြီးကို ဘေးစားပွဲမှ မိုင်းကူးလာသည်။

''ကောင်းတယ်ဗျာ ... လုပ်ပါ ပြောပါဦး ...''

အငြိမ်းစားအရာရှိကြီးကို ခုံတစ်ခုံထိုးပေးရင်း ထိအကြောင်း ပြောနေသော စားပွဲမှ လူများက ကြိုဆိုလိုက်ကြသည်။

''ကျွန်တော့်ဟာက ခင်ဗျားတို့ပြောသလို ထိအကြောင်း မကောင်းတာတွေ စိတ်ညစ်စရာတွေတော့ မဟုတ်ဘူးဗျ။ ကောင်းတဲ့ အကြောင်း ပြီးတော့ သိန်းထီခေတ်လဲ မဟုတ်ဘူး။ အခု မင်္ဂလာစုံ တွဲခေတ်မှာ ဖြစ်တော့ ...''

''မကြာသေးဘူးပေါ့ ....''

တစ်ယောက်က ခပ်မြန်မြန် ဖြတ်ပြောလိုက်သည်။

ဖြစ်တာက မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့ဗျ ... မြောင်းမြ မြို့လား၊ ဝါးခယ်မလားတော့ မသေချာဘူး။ မြောင်းမြပဲ ဖြစ်မယ် ထင်တယ်။ ကျွန်တော်ကလဲ တစ်ဆင့်ကြားတော့ ပြန်ပြောရတာ ...''ဒါပေမယ့် အရေးကြီးတဲ့ အကြောင်းတွေကိုတော့ မှတ်မိပါတယ်။

အငြိမ်းစားအရာရှိကြီး ဆိုလိုသည်ကို နားထောင်သူများ





သဘောပေါက်ပါသည်။

မြို့ပေါ်က ဈေးနားမှာ တိုင်းရင်းဆေးလဲရောင်း၊ ကုလဲကုတဲ့ တိုင်းရင်းဆေးဆရာကြီးရဲ့ အိမ်ရှိတယ်။ တောက လူတစ်ယောက် ဆရာကြီးအိမ် ရောက်လာပြီး သူနဲ့ဆရာကြီးနဲ့ ကံစပ်တဲ့အကြောင်း ပြောနေတုန်း ထီရောင်းတဲ့လူ ရောက်လာပြီး မင်္ဂလာစုံတွဲ ကံစပ်ဖို့အ ကြောင်း ပေါက်မှာ သေချာကြောင်း ထုံးစံအတိုင်း တိုက်တွန်းပြီး အထိုးခိုင်းတယ်။ ဆေးဆရာကြီးကတော့ စိတ်မဝင်စားပါဘူး။ ဒါပေ မယ့် ဆေးကုတဲ့လူက တိုက်တိုက်ဆိုင်ဆိုင် သူရှိတုန်း လာရောင်းတာ ဆရာကြီးနဲ့ ကံစပ်လို့ပဲလို့ ထင်လိုက်တယ်။ ဒါနဲ့ ဆရာကြီးနဲ့ ကျွန်တော် ဆေးလည်း ကံစပ်တယ်။ ထီလည်း ကံစပ်မယ်ထင်တယ်။ မင်္ဂလာ စုံတွဲစပ်တူထိုးရအောင်လို့ ပြောတယ်။ ဆရာကြီးက စိတ်မဝင်စားပါ ဘူး။

ထုံးစံအတိုင်းပေါ့ ထီရောင်းတဲ့လူကတော့ ကံစပ်မှာ သေချာ ကြောင်း စပ်ထိုးဖို့ကောင်းကြောင်း အတင်းပြောတယ်။ မင်္ဂလာစုံတွဲ က ထောင့်ငါးရာကျတယ်။ ဆရာကြီးက ငါးရာပဲ ထည့်ပါ။ ကျွန်တော် တစ်ထောင်ထည့်ပါမယ်။ ဆရာကြီးနဲ့ ကံစပ်ချင်လို့ပါ ဆိုပြီး အတင်း ပြောတာနဲ့ ဆရာကြီးလဲ အားနာပြီး ငါးရာထုတ်ပေးလိုက်တယ်။

မင်္ဂလာစုံတွဲ ထီလက်မှတ်အိတ်ကလေးရတော့ တစ်ထောင် စိုက်တဲ့ လူက အိတ်ကလေးကို ဆရာကြီးသိမ်းထားပါလို့ ပေးတယ်။ ဆရာကြီးက ခင်ဗျား အများကြီးစိုက်ရတာ ခင်ဗျားပဲ ယူထားပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးတယ်။ ဟိုလူက မယူဘူး။ ဆရာကြီးဆီမှာပဲ အပ်ထားခဲ့တယ်။ သူလိုတဲ့ ဆေးဝယ်ပြီး သူ့ရွာပြန်သွားတယ်။ ထီဖွင့်တော့ အဲဒီမင်္ဂလာစုံတွဲက သိန်းတစ်ရာ့ငါးဆယ် ပေါက်တယ်။ ထီရောင်းတဲ့လူက ဝမ်းသာအားရ လာပြောတယ်။ ဆရာကြီးက ထီလက်မှတ်ထုတ်ပြီး တိုက်ကြည့်တော့ မှန်နေတယ်။ မင်္ဂလာစုံတွဲပေါက်ပြီ၊ ဆရာကြီးရဲ့ မိသားစုတွေလည်း ပျော်ကြတာပေါ့။ ဒါပေမယ့် ဆရာကြီးက မပျော်ဘူး။ သူနဲ့ စပ်ထိုးတဲ့လူကို နာမည်တောင် မသိလိုက်ရဘူးတဲ့။ အဲဒီလူ ရသင့်ရထိုက်တာ ခွဲပေးချင်တယ်''

နားထောင်သူများ ခေါင်းညိတ်ကြသည်။

''အဲဒါနဲ့ ဆရာကြီးက အကြံဉာဏ်ထုတ်ပေးပြီး စဉ်းစားတာပေါ့၊ နောက်ဆုံးတော့ သူစိတ်ကူးရတဲ့အတိုင်း ထီရောင်းတဲ့လူကို အကူအညီတောင်းပြီး ဈေးထဲလူစည်တဲ့ မနက်ပိုင်းမှာ အသံချဲ့စက်နဲ့ အအော်ခိုင်းတယ်၊ မင်္ဂလာစုံတွဲစပ်ဘူ ပေါက်ထားကြောင်း၊ ပေါက်တဲ့လူက အသက်လေးဆယ်လောက်ဖြစ်ကြောင်း ရွာကနေ တိုင်းရင်းဆေးဆရာကြီးနဲ့ စပ်တူထိုးခဲ့တာဖြစ်ကြောင်း၊ နာမည်မသိ၊ ရွာမသိကြောင်း။ သက်ဆိုင်သူက ကြားသိရင် လာရောက်ဆယ်သွယ်ဖို့ အကြောင်း အအော်ခိုင်းတာပေါ့။ ရွာတွေက ဈေးဝယ်လာသူများတဲ့အချိန်မှာ အော်တာဆိုတော့ ရွာတွေကို ဒီသတင်းရောက်အောင် လုပ်တာပေါ့။ နှစ်ရက်အော်ပြီးတဲ့အထိ မလာလို့ ဆရာကြီး စိတ်မကောင်းဖြစ်မိတယ်။ သုံးရက်ဆက်အော်တယ်။ လေးရက်မှာ





အဲဒီလူ ဆရာကြီးဆီ ရောက်လာတယ်။ ဆရာကြီး သိပ်ဝမ်းသာသွားတယ်။

နားထောင်နေသူများလည်း ဝမ်းသာသွားကြတယ်။

''ဆရာကြီးက အဲဒီလူကို ထီလက်မှတ်တွေ ပြန်အပ်တယ်၊ ထီဆုငွေထုတ်ပြီးရင် သူ့အတွက် သိန်းငါးဆယ်ပေးဖို့ ပြောတယ်။ တောကလူက လက်ကာပြတယ်။ မဟုတ်တာ ဆရာကြီးရယ် ... ကျွန်တော် တစ်ယောက်တည်းထိုးရင် ပေါက်မှာ မဟုတ်ဘူး။ ဆရာကြီးနဲ့ ကံစပ်လို့ပေါက်တာ နှစ်ယောက်ညီတူညီမျှ ခွဲယူရမှာပေါ့လို့ ပြောတယ်။ ဆရာကြီးကလည်း မယူလိုကြောင်း၊ သူ့အတွက် ကျပ်သိန်းငါးဆယ်ပဲ ယူလိုကြောင်း အကြောက်အကန် ငြင်းတယ်တဲ့''

နားထောင်သူများ စိတ်ကောင်းရှိသူနှစ်ဦး အကြောင်းကြားသည်မှာ နှစ်သက်စရာ ဖြစ်သည်။

တောကလူကလည်း ဆရာကြီးက ထိုးချင်တာမဟုတ်ဘူး။ အတင်းထိုးခိုင်းလို့ သူ့ဆန္ဒကို လိုက်လျောပြီး ထိုးရတာ ဆရာကြီးသာ စပ်မထိုးရင် သူလည်း ထိုးဖြစ်မှာမဟုတ်လို့ ပေါက်မှာမဟုတ်ဘူး။ ဆရာကြီး ကံစပ်လို့သာ သူလည်း ထိုးဖြစ်တာ ... ကံစပ်တယ်ဆိုတာ တစ်ဝက်ဆီခွဲမှ မှန်မှာဖြစ်ကြောင်း အတင်းပြောသည်။

နောက်ဆုံး ထီဆုငွေထုတ်ပြီးတော့ ဆရာကြီးက ငွေတစ်ဝက်သာမကဘူး ငွေအားလုံး လက်ခံယူထားရတယ်၊ လိုသလောက်သာ သုံးရပါစေလို့ပြောတယ်၊ ဆရာကြီးက မြို့ပေါ်မှာ အိမ်ဝယ်ပေးမယ်ဆို

www.burmeseclassic.com



တော့ သူမြို့ပေါ်မှာ မနေနိုင်ဘူးတဲ့ ရွာမှာ သူ့ဆရာ ဘုန်းကြီးကို ပြုစုဖို့ ရှိတယ်တဲ့။ သူက လူပျိုကြီးမို့ အိမ်ထောင်ပြုဖို့ ပြောတော့လည်း၊ အိမ်ထောင်သားမွေး လုံးဝစိတ်မဝင်စားကြောင်း၊ ရဟန်းဝတ်ဘဝမှာ လေနာရောဂါကြောင့် လူထွက်ရတာဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းရင် ရဟန်းပြန်ဝတ်လိုကြောင်း ပြောတယ်တဲ့။

ဒါနဲ့ ဆရာကြီးက သူ့ရွာကို လိုက်သွားပြီး သူ့အတွက် အိမ်ကောင်းကောင်းတစ်လုံး ဆောက်ပေးတယ်၊ သူ့ဆရာဘုန်းကြီးကျောင်းကိုလည်း ပြုပြင်ပေးတယ်။ လိုအပ်သော စိစဉ်ဆောင်ရွက်ပြီး ပြည့်စုံအောင် လှူဒါန်းပေးတယ်၊ အဲဒီလူအတွက်လဲ မြို့နဲ့သွားဖို့ လာဖို့လည်းလွယ်အောင် နေ့စဉ် ဝင်ငွေရှိရအောင် စက်တပ်လှေတစ်စင်း ဝယ်ပေးလိုက်တယ်တဲ့''

ခုတော့ သူတို့ ဆွေမျိုးသားချင်း အရင်းအချာတွေလိုဖြစ်ပြီးတစ်ယောက်ကိုတစ်ယောက် ချစ်ခင်အားကိုးနေလိုက်ကြတာတဲ့။

ဒေါ်ငြိမ်းစားအရာရှိကြီးက သူ့စကားကို အဆုံးသတ်ပြီး ရေနွေးကြမ်း တစ်ပန်းကန် ကောက်မော့ပါသည်။

ပြောသူ၏မျက်နှာ ကြည်လင်ရွှင်လန်းနေသကဲ့သို့ နားထောင်သူတို့၏ မျက်နှာလုံးများမှာလည်း ပြုံးပျော်အေးချမ်းလျက် ...။

နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း
၂၀၀၂ ဇူနှစ်၊ စက်တင်ဘာလ၊

www.burmeseclassic.com

www.burmeseclassic.com

# မြေမှုန့်ကစားဖော်

## မြေမှုန့်ကစားဖော်

ဘိုအေးနှင့် ကျွန်တော်မှာ သက်တူရွယ်တူ အိမ်နီးချင်း။ ကလေးကတည်းက မြေမှုန့်အတူ ကစားဖော်။

ကျွန်တော်တို့ အိမ်ခြံဝင်းထဲမှာ ညောင်ပင်ကြီးရှိသည်။ အရိပ်အာဝါသကောင်း၍ ကလေးများ လာရောက် ကစားရာဖြစ်သည်။

ဘိုးအေးကတော့ မနက်လင်းသည်နှင့် ညောင်ပင်အောက် ရောက်လာပြီ။ ကျွန်တော်နှင့်အတူ ဆော့ကစားကြသည်။ တစ်ခါတစ်ရံ ရန်ဖြစ်ကြသည်လည်းရှိသည်။ သို့သော် တစ်နေ့ကျော်အောင် မခေါ်ဘဲ မနေကြ။

ကျွန်တော့် မိဘများက ရွာမှာ ကျောင်းဆရာ။ လယ်ပိုင်ယာပိုင်လည်းရှိတယ်။ ချမ်းသာသည် မဟုတ်သော်လည်း ရွာမှာတော့ နေနိုင်စားနိုင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအေးမိဘများမှာ လက်လုပ်လက်စားမို့ ဆင်းရဲသည်။ ကျွန်တော် မုန့်စားလျှင် ငေးကြည့်နေတက်သော ဘိုအေးကို အမြဲလိုလို တစ်ဝက်ခွဲကျွေးရသည်။ ဘိုအေးကလည်း ကျွန်တော့်ကို အနွံတာခံပါသည်။

ဆယ်နှစ်သား အရွယ်မှာတော့ ဘိုအေးလက်ချက်နှင့် မျက်လုံးကန်းလုနီးပါး ဖြစ်ခဲ့ရသည်။ လောက်စာလုံးများကို ထွေးခင်းကစားနေစဉ် လောက်စာလုံး အပုံတန်း ကောက်နေ၍ –

"မပစ်နဲ့ဦးဟေ့ . . ." ဟု အော်ပြီး ကျွန်တော်က ဖြောင့်အောင် ပြင်လိုက်သည်။

ထိုအချိန်မှာ ဘိုအေးက သူပစ်လှည့်ဖြစ်၍ လက်ထဲမှ ထွေးကို ပစ်လွှတ်ပြီး ဖြစ်နေသည်။ ကျွန်တော်က ပြင်ပြီး၍ မျက်နှာလှည့်လိုက်ချိန်မှာ ဒုတ်ကနဲကြားရသောအသံနှင့်အတူ မျက်လုံးထဲမှာ ဝင်းကနဲ မီးပွင့်သွားသည်။ ပြင်းထန်စွာ နာကျင်သော ဝေဒနာကိုသည်းခံစားရသည်။

နွေရာသီဖြစ်၍ သွေးများဖြာကျလာသည်။ သုပ်၍မနိုင်။ ကျွန်ကလေးများ၏ အော်ဟစ်သံ ဆူညံသွား၍ အမေ ပြေးလာသည်။

"ဟင် . . . ငါ့သား . . ."

ပူလောင်သောတကြီးစွာနှင့် ကျွန်တော့်ကို ပွေ့ယူလိုက်သည်။

"မစောရီ . . . ဒီမှာ လာကြည့်စမ်း . . . တော့်သား ဘိုအေးလုပ်တာ . . . ကျွန်မသားတော့ မျက်စိကန်းပြီးလား မသိဘူး . . ."





"ဟင် . . . ဘယ်မလဲ ဘိုအေး . . . ကြိုလ်ကောင်၊ နင်တော့ သေပြီသာမှတ် . . ."

ဒေါ်စောရီ ပြေးလာ၍ ဘိုအေးကို တဖျန်းဖျန်းရိုက်ရင်း ဆွဲခေါ်သွားသည်။

ကျွန်တော့ကို အမေ အိမ်ထဲခေါ်သွားချိန်မှာ ဘိုအေးအိမ်က သူ့အမေရိုက်သံ၊ ဘိုအေးနာကျင်စွာ အော်ငိုသံများကို ကြားနေရသည်။

အမေက ကျွန်တော့မျက်နှာမှ သွေးများကို သုပ်ပြစ်သည်။ တော်သေးသည်။ မျက်လုံးအိမ်ကို မထိ။ အောက်မျက်ခွံးမှာ လက်မဝက်နီးပါး မျက်လုံးနှင့် အလျားလိုက်ယှဉ်၍ ကွဲသွားသည်။ ဘိုအေးပစ်သော ထွေးဒိုးမှာ သူ့အမေစျေးရောင်းရာမှာ အသုံးပြုသည့် တစ်ဆယ်သားသံအလေး အပိုင်းပုံဖြစ်သည်။ အမေက သွေးများကို ရေစင်အောင်ဆေးပြီး အနာကို ဆေးထည့်ပေးသည်။

ခဏကြာတော့ ညောင်ပင်ကြီးအောက်ကို ရောက်သွားသော အခါ ညောင်မြစ်ပေါ်မှာ ငုတ်တုတ်ကလေး ထိုင်နေသော ဘိုအေးကို တွေ့ရသည်။

"ဒီမှာကြည့်အုံး . . . မင်းလုပ်တာ မျက်ခမ်းပေါက်သွားပြီ။ ကံကောင်းလို့ မျက်လုံးမကန်းတော့ . . ."

ကျွန်တော်က ဘိုအေးကို မျက်လုံးအောက်မှ ဆေးထည့်ထားသည့် ဒဏ်ရာပြသည်။



www.burmeseclassic.com

www.burmeseclassic.com



‘‘ငါလည်း အမေရိုက်ထားတာ ဒီမှာကြည့်ပါဦး၊ ဆန္ဒင်းသိမ်း ထားရတယ် . . .’’

ဘိုအေးက သူ့အကျႌလေးကိုလှန်၍ ကျောပြင်ကို ပြသည်။

‘‘ဟင် . . .’’

ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ လက်ရာများ၊ တုတ်ရာများနှင့် ညိုမည်းနေသည်။ အချို့နေရာများမှာ ပေါက်ပြဲ၍ သွေး[illegible]နေသည်။

ဘိုအေး မျက်လုံးမှာ မျက်ရည်များနှင့်။

သူ့အေးမှ ညှောင်မြစ်ပေါ်မှာ ဘေးချင်းယှဉ်၍ ကျွန်တော် ဖိုင်းလိုက်ပါသည်။

ကျွန်တော်တို့ နှစ်ယောက်ကြားမှာ အမုန်းအငြိုး စသည့် မကျေနပ်စရာ ဘာမှ မကျန်မရှိပါ။

* * *

ကျွန်တော်က ကျောင်းနေ ဆယ်တန်းအောင်၊ ကျောင်းဆရာလုပ်၊ တက္ကသိုလ်ပြန်တက်၊ ဘွဲ့ရ၊ အစိုးရဝန်ထမ်းတာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ရင်း ဒေသများစွာ ပြောင်းရွှေ့နေရသည်။ ဘိုအေးကတော့ ကျွန်တော့်ဇာတိ ဝန်းသို့ရွာမှာပင် လက်လုပ်လက်စား အဖြစ်နှင့် အခြေတကျ ရှိနေသည်။

ကျွန်တော့်ရွာကို တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါ အခွင့်သာတိုင်း ပြန်ရောက်ပါသည်။ ရောက်တိုင်း ဘိုအေးနှင့် တွေ့ပါသည်။





ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်ကြီးလာသောအခါ ငါးနှစ် ကြာပြီးမှ ရွာဘုရားပွဲကို မိသားစုနှင့်အတူ ပြန်ရောက်ပါသည်။ စဉ့်ကိုင်မြို့၊ တံတားဦးမြို့များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ ရွာသို့ လာရောက် တွေ့ဆုံကြသည်။ ရွာထဲမှ ဆွေမျိုးသားချင်းများ၊ သူငယ်ချင်း များ၊ ခင်မင်ရင်းနှီးသူများစွာ ဝမ်းသာအားရ လာရောက်နှုတ်ဆက် ကြသည်။ သို့သော် ထိုအထဲမှာ ဘိုအေးမပါ။

‘‘ဘိုအေးတစ်ယောက် ရှိရဲ့လား . . .’’

မလာ မတွေ့သော သူငယ်ချင်းကို မေးမိသည်။

‘‘ရှိတယ် ငါ့သား . . . မင်းသူငယ်ချင်း ကျန်းကျန်းမာမာပါပဲ’’

အမေက သတင်းကောင်းပေးသည်။

‘‘ဘိုအေးကော မလာဘူးတော့ . . . . .။ လူတကာသွားတွေ့နေကြ တာ . . . သူ့ဘာသာ ဘာကောင်ဖြစ်ဖြစ် ငါကတော့ သွားမတွေ့နိုင် ဘူးတဲ့။ သူတွေ့ချင်ရင် ငါ့အိမ်လာလိမ့်မယ်တဲ့ . . .’’

ကျွန်တော့် ယောက်ဖက သတင်းရလာခဲ့ပြီ။

‘‘သွားမတွေ့နဲ့ကွာ . . .၊ ကြီးကျယ်လို့ သူက ဘာကောင်မို့ လဲ . . . .’’

ကျွန်တော့်သူငယ်ချင်း ငယ်ပိုင်က မကျေနပ်။

‘‘ဟုတ်တယ် . . . မြို့ကလူကြီးတွေတောင် လာတွေ့နေကြ တာ . . . သူကျမှ ကိုယ်က သွားတွေ့ရမယ်လို့ . . . မသွားနဲ့’’

အိမ်နီးချင်းသူငယ်ချင်း ခင်[illegible] မသွားစေချင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူတို့ကို ဘာမျှ ပြန်မပြောဘဲ နေလိုက်သည်။

ညနေပိုင်းမှာ ညှိသည်များ ရှင်းသွားသည်နှင့် ဘိုအေးအ... ကျွန်တော်ယူလာသော ပုဆိုး၊ အင်္ကျီနှင့် အနွေးထည်ကို ပလတ်စတစ် အိတ်မှာထည့်ပြီး ဘိုအေး အိမ်သွားပါသည်။

အိမ်ဝင်းချင်းကပ်လျက်မို့ ဘာမျှ ဝေးသည်မဟုတ်။ ဘိုအေး နေသည်က အိမ်ဆိုသော်လည်း တဲကလေး။ တဲမှာပင် အတော်သေး သော တဲ။

"ဘိုအေးရှိလားကွ . . ."

ကျွန်တော် အသံပြုလိုက်သည်။

"ရှိတယ်လေကွာ . . . ဝင်ခဲ့ . . ."

ဘိုအေး အသံ။

တဲကလေးက အလွန်နိမ့်၍ တံစက်မြိတ်အောက်မှာ ဖောက် ထားသော ဝင်ပေါက်ကို ခေါင်းငုံ့ရုံမက ခါးပါကုန်း၍ ဝင်ရသည်။

"ဟား . . . ဟား . . . မင်း ငါ့ကို အလေးပြုပြီး ဝင်လာရတယ် . . ."

ဘိုအေး၏ သဘောကျစွာ ရယ်မောပြောဆိုသံ။

သူက ပက်လက်ကုလားထိုင်တွင် ထိုင်နေရာမှ ထလိုက်သည်။

"ဒီမှာ ထိုင်ကွ . . ."

သူထိုင်နေသော ပက်လက်ကုလားထိုင်မှ ထဖယ်ပေးသည်။

"ရပါတယ်ကွာ . . . ဒီမှာပဲ ထိုင်မယ် . . ."



ဘေးမှာရှိသော ထန်းပင်ဖြတ်ပိုင်းကို ထောင်လိုက်ချထားသည့် ထိုင်ခုံပေါ်မှာ ထိုင်မည်ပြုပါသည်။

"မလုပ်ပါနဲ့ကွာ . . . ငါ့အိမ်မှာ အကောင်းဆုံးထိုင်စရာ ဒီ ပက်လက်ကုလားထိုင်ပဲ ရှိပါတယ် . . .၊ အိမ်မှာ ထိုင်ပါ"

ကျွန်တော် ပြုံးလိုက်မိသည်။

သူ၏ အကောင်းဆုံး ပက်လက်ကုလားထိုင်မှာ ဂုန်အိတ်စုတ် ကို ရွတ်ဖျင်တပ်ထားသည့် ယိုင်ယိုင်နဲ့နဲ့ဖြစ်သည်။

သူကျေနပ်အောင် သူ့ပက်လက်ကုလားထိုင်မှာ ဖြည်းဖြည်း သာသာ သတိထား၍ ထိုင်ရသည်။

"မင်း . . . ငါ့အိမ်လာမယ်ဆိုတာ ငါသိတာပေါ့ကွာ . . . ဒါ့ ကြောင့်မို့ ငါထိုင်စောင့်နေတာ . . ."

ဘိုအေးပြောပုံက ဂုဏ်ယူသော လေသံ။

"အေးပေါ့ကွာ . . . လာရမှာပေါ့ . . . ဒီမှာ မင်းဖို့ ပုဆိုး၊ အင်္ကျီနဲ့ အနွေးထည်"

ဘိုအေးက လှမ်းယူသည်။

"အခု ငါဝတ်ထားတဲ့ ပုဆိုးနဲ့ အင်္ကျီကလည်း မင်းပေးထားတာ ပဲကွ . . ."

ဟုတ်ပါသည်။ ကျွန်တော် ဝတ်ပြီးသား အဟောင်းကို ပေးခဲ့ ခြင်းဖြစ်၍ ကျွန်တော့် ပုဆိုးနှင့် အင်္ကျီကို ကျွန်တော် မှတ်မိပါသည်။

"ငါ့မှာရှိတဲ့ ပုဆိုး၊ အင်္ကျီကလည်း မင်းပေးတာပဲ များပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ . . . ရော . . . ဆေးပေါ့လိပ် . . . ငါ့မှာ ညှော်ခံစရာ ဒါပဲရှိတယ် . . .”

ဘိုအေးက သူသောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ကျွန်တော့်ထံ လှမ်းပေးသည်။

“ငါ . . . ဆေးလိပ်ဖြတ်လိုက်ပြီကွ . . .”

ကျွန်တော်က လက်ကာပြသည်။

“ငါ . . . မင်းကို လာမတွေ့တာ ကြာချင်လို့ကွ . . .”

“ဘာကြာမှာတုန်း မင်းက . . .”

ကျွန်တော် သိပ်နားမလည်။

“ဟာ . . . ကြာမှာပေါ့ကွ . . . မင်းကို မြို့က လူကြီးတွေတောင် ကလေးနေကြတာ၊ ဘုရားပွဲကို မင်းပြန်လာလို့ တစ်ရွာလုံး ဝမ်းသာနေကြတာကွ၊ သွား နှုတ်ဆက်နေကြတာ ငါသိတာပေါ့ . . .”

ဘိုအေး ပြောသည်ကို နားထောင်ရင်း ကျွန်တော် ခေါင်းညိတ်ပြ လိုက်သည်။

“ဒါပေမယ့် ငါလာမတွေ့ရင် မင်းလာတွေ့မယ်ဆိုတာ သိတယ်ကွ၊ အဲဒါကို ငါက ကြီးကျယ်သွားတာပေါ့ကွာ . . . ဟား . . . ဟား . . . ဟား . . .”

ဘိုအေး သဘောကျစွာ ရယ်နေပါသည်။

“ဒီက ငါက တစ်နှစ်လုံး ကြာနေမှာကွ . . .၊ ငါ့မှာ ကြာစရာဆိုလို့ ဘာမှ မရှိပါဘူးကွာ . . .၊ ဒါလေး ကြာချင်လို့ပါ . . .”





ကျွန်တော် လာမိတာ မှန်သွားသည်ဟု ကိုယ့်ဘာသာ ကျေနပ် မိပါသည်။

ဘိုအေးကလည်း သူ့ဘာသာ ကျေနပ်စွာ ပြုံးလျက်။

ထယ်တွင်းသား စောချစ်

www.burmeseclassic.com

# ပွင့်သောပန်းတိုင်း မွှေးပါစေ



## ပွင့်သောပန်းတိုင်း မွှေးပါစေ

ယနေ့ ဦးအောင်မင်းအိမ်မှာ ဂုဏ်ယူစရာ။ မိသားစုအားလုံး အပြုံးကိုယ်စီနှင့် ။

ဦးအောင်မင်းဘေးမှာ ဇနီး ဒေါ်မြမြ ထိုင်နေသည်။ ဦးအောင်မင်း၏ စားပွဲရှေ့မှာတော့ သားသမီး သုံးယောက်က ရပ်လျက်

ဦးအောင်မင်း ငယ်စဉ်က ကျောင်းမှာ စာတော်ခဲ့သည်။ လပတ် စာမေးပွဲတိုင်း ပထမရသည်။ သို့သော် ကျောင်းပညာ ပြီးအောင် မသင်ခဲ့ရ။ ဆယ်တန်းနှစ်မှာပင် ဖခင် ကွယ်လွန်သည်။ မိခင်ကလည်း ကျန်းမာရေး မကောင်း။ ဦးအောင်မင်း ကျောင်းထွက်ပြီး သူများဆိုင် မှာ အရောင်းစာရေး လုပ်ရသည်။

ခုတော့ ကိုယ်ပိုင် ဆိုင်နှင့် ဖြစ်နေပြီ။ အရောင်းအဝယ် လုပ်ငန်း နှင့် စီးပွားရေး အဆင်ပြေသည်။ သားသမီးများကို ကိုယ်လိုမဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ချင်။ အကောင်းဆုံး ပညာအမွေ ပေးချင်သည်။

သားကြီးက ကိုးတန်း၊ သမီးက ရှစ်တန်း၊ သားငယ်က ခုနစ်တန်း။

ပထမအစမ်းမှာ အဆင့်တစ်၊ နှစ်၊ သုံးဝင်လျှင် ဆုပေးမည်။ စာမေးပွဲကျလျှင် ရိုက်မည်ဟု ပြောထားသည်။

ယခု ပထမအစမ်းပြီး၍ ပညာရည်မှတ်တမ်း ကတ်ပြားလေးများ ဦးအောင်မင်းရှေ့မှာ စားပွဲပေါ်ရောက်နေပြီ။ သုံးယောက်စလုံး တစ်၊ နှစ်၊ သုံးမှာ ဝင်သည်။ အဆင့်အလိုက် ဆုပေးရမည်မှာ ဝမ်းသာစရာ။

ရှေးဦးစွာ သားကြီး၏ ကတ်ပြားကို ယူကြည့်လိုက်သည်။ သားကြီးက စာကြိုးစားသည်။ လိမ္မာသည်။ မိဘကို ရိုသေ၍ သိတတ်သော သားကောင်း။

သားကြီး၏ ရမှတ်များ ကောင်းပါသည်။ အကျင့်စာရိတ္တကောင်းမွန်၍ ကြိုးစားမှု အထူးကောင်းသူဖြစ်ကြောင်း ဆရာမက မှတ်ချက်ရေးထားသည်။

ရသည့်အဆင့်မှာ (၂)။

"ကဲ ... ငါ့သားကြီး ဘာလိုချင်လဲ ပြော ..."

ဦးအောင်မင်းက သားကြီးကို ကျေနပ်စွာ လှမ်းကြည့်လိုက်သည်။ ဘေးမှ မိခင် ဒေါ်မြမြ ပြုံးလျက် ...

"ဘာမှ မလိုချင်ပါဘူး ဖေဖေ"



သားကြီးက သူ့အတွက် မိဘနှစ်ပါး အကုန်အကျ မများစေချင်

"ဟ ... မလိုချင်လို့ ဘယ်ရမလဲကွ ... ဒါက ဆုရတာကွ ... ဖေဖေ မင်းတို့ကို အသေအချာ ပြောထားတာပဲ၊ ယူရမယ်။ ဘာလိုချင်လဲ ပြော ..."

"ဒါဆိုလည်း ဖေဖေ ပေးချင်တာပေးပါ ..."

ဦးအောင်မင်း စဉ်းစားလိုက်သည်။

"ဒါဆို ငါ့သားကို နာရီတစ်လုံး ဝယ်ပေးမယ် ..."

"ကောင်းတယ် ... သူ့မှာ နာရီမရှိသေးဘူး ..."

ဒေါ်မြမြ သားကြီးရသော ဆုကို သဘောကျသည်။

ပညာရည်မှတ်တမ်းမှာ မိဘအုပ်ထိန်းသူနေရာတွင် ဦးအောင်မင်း လက်မှတ်ထိုးလိုက်သည်။ သားကြီးကိစ္စ ပြီးသွားပြီ။

သမီး၏ ကတ်ပြားကို ယူလိုက်သည်။ သမီးက ဉာဏ်ကောင်း၍ ကြိုးစားမှုလည်း ကောင်းသူဖြစ်သည်။ အကျင့်စာရိတ္တကောင်း၍ ကြိုးစားမှုလည်း ကောင်းသူဖြစ်ကြောင်း အတန်းပိုင်ဆရာမက မှတ်ချက်ပြုထားသည်။

ရရှိသော အဆင့်မှာ (၁)။

"ငါ့သမီးကရော ... ဘာလိုချင်လဲ ..."

"ဖေဖေနဲ့ မေမေ ပေးချင်တာပေးပါ ..."

ဦးအောင်မင်းက ဒေါ်မြမြကို လှည့်ကြည့်လိုက်သည်။

"သူ့မှာ ဆွဲကြိုးရှိပေမယ့် လောကကက်သီးမရှိဘူး။ ဟိုတစ်ခါ

www.burmeseclassic.com



ဦးမျိုးသိမ်းရွှေခိုင်ရောက်တုန်းက ပုလဲလောကတ်သီး ကိုင်ကြည့်နေတာ တွေ့ဖူးတယ်၊ သဘောကျပုံရတယ် ...''

သမီးက ရှက်ပြုံးလေး ပြုံးနေရှာသည်။

''ရပြီ ... အဲဒီ လောကတ်သီး ဝယ်ပေးလိုက် ...''

သမီးမျက်နှာလေး ဝမ်းသာမှုနှင့် ဝင်းလက်သွားသည်။

ဦးအောင်မင်းက ပထမရသော သမီး၏ ကတ်ပြားပေါ်မှာ ဂုဏ်ယူစွာ လက်မှတ်ထိုးလိုက်သည်။

နောက်ဆုံး သားငယ်အလှည့်၊ ဦးအောင်မင်း ကတ်ပြားကို ယူကြည့်လိုက်သည်။ သားငယ်မှာ သမီးလိုပင် ဉာဏ်ကောင်းသူဖြစ်သည်။ သို့သော် ကြိုးစားမှုမရှိ။ အဆော့ အကစားမက်သည်။ မိဘစောင့်နိုင်းသလောက်သာ စာကျက်သည်။ မျက်နှာလွှဲလိုက်သည်နှင့် စာကြည့်စားပွဲမှ ပျောက်သွားပြီ။ သို့သော် သူကလည်း ဆုဝင်နေသည်။

ကြိုးစားမှုကို ဆရာမက သင့်သည်ဟု မှတ်ချက်ပြုထားသည်။

ရရှိသော အဆင့်က (၃)။

''မင်းကရော ဘာလိုချင်လဲ ပြော ...''

''အစ်ကိုကြီးလိုပဲ နာရီလိုချင်တယ် ...''

အဖေရော အမေပါ ပြုံးလိုက်ကြသည်။

''မင်းက အဆင့်သုံးရတာပဲကွာ ...''

''သားမှာလည်း နာရီမရှိလို့ပါ ...''

''ပေးလိုက်ပါ ...''



အမေက သားကိုလည်း သားကြီးနည်းတူ ရစေချင်သည်။

''အေး ... ကောင်းပြီ ပေးမယ် ...''

ပညာရည်မှတ်တမ်းမှာ ဦးအောင်မင်း လက်မှတ်ထိုးလိုက်သည်။

* * *

ဒေါ်မြမြ ဈေးဝယ်ရင်း ဈေးထဲမှာ သားငယ်၏ အတန်းပိုင်ဆရာမကို တွေ့၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

''ဆရာမ ဈေးဝယ်တာလား ...''

''ဪ ... ဟုတ်ပါတယ် ...''

''ဆရာမကို ကျေးဇူးတင်ကြောင်း ပြောရဦးမယ်၊ သားငယ်က ပထမအစမ်းမှာ တတိယရလို့ သူ့အဖေရော ကျွန်မရော ဝမ်းသာနေကြတာ ...''

''ရှင် မောင်ဝင်းအောင်က ပြောတာလား ...''

ဆရာမ မျက်နှာက နားမလည်နိုင် ဖြစ်နေသည့်ပုံ။

''ဟုတ်တယ် ဆရာမ ... ဆရာမ ပေးလိုက်တဲ့ သူ့ရိုးကတ်မှာလည်း အဆင့်သုံးလို့ ပါတယ်လေ ...''

ဒေါ်မြမြက သေချာအောင် ပြောလိုက်သည်။

''ရှင် ... ဘယ်လိုဖြစ်တာပါလိမ့် ... အဆင့်သုံးရတာက မိန်းကလေးပါ ... သန္တာခိုင် ... ဟုတ်ပါတယ် ... မှားပါသူ''

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

ဒေါ်မြမြ နားမလည်နိုင်အောင် ဖြစ်သွားရပြန်သည်။

"သူ့အဖေက သားသမီးသုံးယောက်စလုံး တစ်၊ နှစ်၊ သုံး အတွင်းဝင်ရင် ဆုပေးမယ်ပြောထားတာ၊ သားကြီးက နှစ်ရတယ်၊ သမီးငယ်က တစ် ... သူက သုံး ... ဒါပေမယ့် သူ့အဖေက သားကြီးကို ပေးသလိုပဲ သူလည်း နာရီတစ်လုံး ဆုပေးလိုက်ပါတယ် ..."

ဆရာမ စဉ်းစားနေသည်။

"သူ့အဆင့်က သုံး ... မဟုတ်ဘူး ... ကျွန်မ မှတ်မိပြီ၊ သူ့အဆင့်က ဆယ့်သုံး ... ဟုတ်တယ် ... ရှေ့က တစ်ပါတယ်"

"ရှင် ..."

"ပြန်ကြည့်ချင်ရင် ရိပ်ိုကတ်ကို ပြန်ပေးမယ်လေ ..."

"မကြည့်တော့ပါဘူး ဆရာမ ... ရပါပြီ"

ဆရာမ နားလည်သကဲ့သို့ ဒေါ်မြမြလည်း စဉ်းစား နားလည် သွားပါပြီ။

ဈေးမှပြန်လာသောအခါ ဒေါ်မြမြ ခေါင်းထဲမှာ အတွေးများနှင့် ရှုပ်ထွေးနေသည်။ သားငယ်အတွက် စိတ်ပျက်မိသည်။

"အဖေနဲ့ အမေကို ဒီလို မညာသင့်ဘူး ..."

သားငယ်ကို မကျေနပ်။ သူ့အဖေသိလျှင် မဲတွေးဝံ့စရာ။

"ရာဇဝတ်အိုး တုတ်ထိုးကဲ့ကောင် ..."

ဒေါ်မြမြ စဉ်းစားရပြီ။ ဖခင်ကို ပြောရန်သင့်၊ မသင့် ကိုယ့်



ယောကျ်ားအကြောင်း ကိုယ်သိသည်။

ယခုကိစ္စမှာ သားငယ်လုပ်တာကလည်း ဆိုးလွန်းလှသည်။ မည်သို့မျှ ခွင့်လွှတ်စရာမရှိ။ သူ့အဖေသိသည်နှင့် ဝုန်းဒိုင်းကျဲတော့ မည်။ သားငယ် မရှုမလှ ခံရလိမ့်မည်။

"ငါ ... ဘာလုပ်ရမလဲ ..."

မသိသလို ဖုံးဖိထားလျှင် သားငယ်က တစ်သက်လုံး သူလုပ် တာ မှန်သည့်ထင်သွားတော့မည်။ ဤကဲ့သို့ မကောင်းသော အကျင့် အကြံများ သားငယ်မှာ မရှိစေချင်။ ဖြစ်မှုကျူးလွန်လျှင် ပြုပြင်မှုခံသင့် သည်။

ဒေါ်မြမြ ဆုံးဖြတ်ချက် ချလိုက်နိုင်ပါသည်။

* * *

ညနေ ကျောင်းဆင်းချိန်မှာ မောင်နှမသုံးယောက် စကားပြော ရင်း ရယ်ရယ်မောမောနှင့် အိမ်ထဲသို့ ဝင်လာကြသည်။

သို့သော် အိမ်ထဲရောက်သည်နှင့် တင်းမာလွန်းသော ဖခင်၏ မျက်နှာထားကြောင့် ရယ်သံတိတ်သွားကြသည်။

သူတို့ကို ဆိုးကျူးဂုဏ်ပြုဆုပေးခဲ့သော စားပွဲမှာပင် ဖခင်ထိုင် နေသည်။ သူ့ဘေးမှာ မိခင် ဒေါ်မြမြ။

"သုံးယောက်စလုံး လာဦး ..."

ခေါ်သံက မာကြောသည်။

www.burmeseclassic.com



"အဲဒီ ရှေ့မှာ ရပ်စမ်း ..."

အမိန့်ပေးသံက တင်းလွန်းသည်။

"သားကြီး ပြောစမ်း ပထမအစမ်းမှာ မင်းအဆင့် ဘယ်လောက်ရလဲ ..."

"နှစ်ပါ ဖေဖေ ..."

"သမီးပြော ... အဆင့်ဘယ်လောက်လဲ ..."

"တစ်ပါ ဖေဖေ ..."

"မင်း ... ပြော ..."

သားငယ်ကို ဦးအောင်မင်း လက်ညှိုးထိုးလိုက်သည်။

"သုံးပါ ဖေဖေ ..."

"ဗုန်း"

"ဘာသုံးလဲ အမှန်တိုင်း ပြော ..."

ဦးအောင်မင်း စာပွဲကို လက်သီးဖြင့် ထုချလိုက်ပြီး ပြန်မေးလိုက်သည်။

သားငယ် မျက်စိမျက်နှာ ပျက်နေပြီ။ သားကြီးနှင့် သမီး အံ့အားသင့်နေကြသည်။

"ငါ့ကို မညာနဲ့ ... မင်း ဗိုနာလိမ့်မယ် ..."

သားငယ် ဝင်းအောင် ဖခင်ကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

"ဆယ့်သုံးပါ ဖေဖေ ..."

"မင်း လက်ကနာရီ ချွတ်လိုက်စမ်း ..."





သားငယ် နာရီချွတ်၍ ဖခင်ရှေ့မှ စားပွဲပေါ် တင်လိုက်သည်။

"မရတဲ့အဆင့်အတွက် မထိုက်တန်ထဲ့ဆုကို မယူရဘူး မင်း တစ်သက်လုံး မှတ်ထား ..."

ဦးအောင်မင်း နာရီကိုယူ၍ စားပွဲအံ့ဆွဲထဲ ထည့်ပြီး အံ့ဆွဲကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။

"အဆင့်သုံးဖြစ်အောင် ဘယ်လို ညာတယ်ဆိုတာ ပြော ..."

ဦးအောင်မင်းက သားငယ်ကို ဒေါသမျက်နှာဖြင့် ကြည့်နေသည်။

"အမှန်အတိုင်း ပြောလိုက် သားငယ် ..."

အမေ၏ သတိပေးစကားမှ အားပေးသံပါသည်။

"ရှေ့ကတစ်ကို ဘလိတ်ဓားနဲ့ ဖျက်လိုက်တာပါ ..."

"အသုံးမကျတဲ့ကောင် ညာတာပေါ်ရင် ရှက်စရာကောင်းတယ် ... မင်း မရှက်ဘူးလား ..."

"ရှက်ပါတယ် ..."

သားငယ် ခေါင်းငုံ့လျက်။

"ရှက်ရင် ဘာလို့ ညာတာလဲ ..."

မပေါ်ဘူး မှတ်လို့ပါ ..."

သမီးမျက်နှာ ပြုံးချင်ချင်။ သို့သော် ဒေါသကြီးနေသော ဖခင်ရှေ့မှာ မပြုံးဝံ့။

"အေး ... မင်း တစ်သက်လုံးမှတ်ထား၊ လိမ်တာ ညာတာ



www.burmeseclassic.com

www.burmeseclassic.com



မုန့်သမျှ ပေါ်မှာချည်းပဲ၊ ခုမပေါ်ရင် နောက်ပေါ်မှာပဲ၊ အခု မင်း ညာတာပေါ့ပြီ ... မင်းမှာ အပြစ်ရှိသလား ... ပြော ..."

"ရှိပါတယ် ..."

"ရှင်ရင် ဘယ်လို အပြစ်ပေးရမလဲ ..."

သားငယ်ထံမှ ဘာသံမျှ ထွက်မလာ။ ခေါင်းငုံ့လျက် ...

"ပြောလေ ... ဘယ်လို အပြစ်ပေးရမှာလဲ ..." ဦးအောင်မင်း မေးလိုက်သောအသံမှာ ကျယ်လွန်း၍ သားငယ် ထိတ်လန့်သွားသည်။

"ဖေဖေ ကြိုက်သလို ပေးပါ ..."

"ကဲ ... မင်းတို့ အကြီးနှစ်ယောက် ပြော၊ သူ့ကို ဘယ်လို အပြစ်ပေးရမလဲ ..."

"ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါ ဖေဖေ ..."

သားကြီးက ကြားမှ တောင်းပန်သည်။

"ဟုတ်ပါတယ် ဖေဖေ ..."

သမီးကလည်း သူ့အစ်ကိုနှင့် သဘောချင်းတူသည်။

"ခွင့်လွှတ်လို့ ဘယ်ရမလဲကွ ... ဒါ ... ခွင့်လွှတ်ရမယ့် အပြစ်မဟုတ်ဘူး ..."

သားကြီးနှင့် သမီး ဘာမျှ မပြောဝံ့တော့ပါ။

"ငါ ... ဘယ်လောက် စိတ်ဆိုးတယ်ဆိုတာ မင်းသိလား"

"သိ ... သိပါတယ် ဖေဖေ"



သားငယ်၏အသံက သိသိသာသာ တုန်ရီလျက် ...

"မင်း သိပ်ကံကောင်းတယ် ... ငါ့မနက်က သိသိချင်းသာ မင်းရှိနေရင် ခုလောက်ဆို မင်းမျက်နှာ ညိုမည်းဖူးယောင်နေပြီ၊ ဒီမှာ ကြည့်စမ်း ..."

သားငယ်သာမက သားကြီးနှင့် သမီးပါ လှမ်းကြည့်လိုက်မိကြသည်။

ဦးအောင်မင်း၏ ကြီးမားသော လက်သီးဆုပ်က ကြောက်စရာ။

"သားသမီးသုံးယောက်စလုံး တစ်၊ နှစ်၊ သုံး ဝင်လို့ ငါ ဂုဏ်ယူနေတာ၊ ခုတော့ မင်းကြောင့် ပျက်သွားပြီ၊ ငါ တစ်နေ့လုံး စဉ်းစားတယ်၊ ဘယ်လိုလုပ်မလဲဆိုတာ ... မင်းမှာ အပြစ်ရှိတဲ့အတွက် အပြစ်ပေးရမယ် ... ခွင့်လွှတ်လို့ မရဘူး ...၊ ဒါပေမယ့် မင်းကို ငါ အခွင့်အရေးတစ်ခု ပေးမယ် ..."

သားငယ်က ဖခင်ကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

"အဆင့် ဆယ့်သုံးကို သုံးဖြစ်အောင် လုပ်ချင်ရင် ဘာလိတ်စားနဲ့ ပြင်လို့မရဘူးကွ ... မင်း နားလည်လား ..."

"နားလည်ပါပြီ ဖေဖေ ..."

"ဆယ့်သုံးကို သုံးဖြစ်ချင်ရင် သုံးရအောင် ကြိုးစားပေါ့ကွာ၊ မင်း ဉာဏ်ကောင်းရက်သားနဲ့ မကြိုးစားလို့မရတာ၊ အစ်ကိုနဲ့ [illegible] ကြိုးစားလို့ရတာ ...၊ ဆုလိုချင်ရင် ထိုက်တန်တဲ့အခွင့်ရအောင် လုပ်ရတယ်ကွ၊ ကလိန်ကကျစ်လုပ်လို့ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သားငယ် နောင်တရပာန်တူပါသည်။ ခေါင်းညိတ်လိုက်သည်။

"အဲဒီတော့ မင်းကို အပြစ်မပေးသေးဘဲနဲ့ ဆိုင်းထားမယ်၊ ဒုတိယအစမ်းမှာ တစ်၊ နှစ်၊ သုံး ဝင်အောင်လုပ်ပြ။ ရရင် ဒီအပြစ်ကို လွှတ်လိုက်မယ်၊ နာရီလည်း ဆုအဖြစ်နဲ့ ပြန်ပေးမယ်။ အေး ... မရရင်တော့ ... ခု ကျူးလွန်တဲ့အပြစ်အတွက် အဲဒီအချိန်မှာ မင်းခံရမယ် ... နားလည်လား ..."

"သွားကြ"

ဦးအောင်မင်း၏ လေသံက မာကြောဆဲ။

* * *

သားငယ်ဝင်းအောင် ထူးထူးခြားခြား စာကြိုးစားသည်ကို မိသားစုအားလုံး မြင်နေကြရသည်။ ယခင်က တစ်နာရီပြည့်အောင် စာကျက်လေ့မရှိ။ ခုတော့ ကျောင်းမှ ပြန်ရောက်သည်နှင့် စာကြည့်စားပွဲမှာ ညဆိုလျှင် အလည်ထွက်ခြင်းမရှိ။ တီဗွီကိုပင် မကြည့်။ စာကျက်သည်။

သို့သော် ဦးအောင်မင်းကတော့ ချီးကျူးခြင်းမရှိ။ ကျောင်းမှ ပြန်လာလျှင်လည်း ခါတိုင်းလို နှုတ်ဆက်ခေါ်ခြင်းမရှိ။ ဝင်းအောင် စိတ်မကောင်းဖြစ်ရသည်။

အငယ်ဆုံးမို့ အဖေ၊ အမေ မေတ္တာကို အရဆုံးဖြစ်သည်။ ထို့ကြောင့်လည်း အနေပေါ့ခဲ့သည်။ ခုတော့ ကိုယ့်အပြစ်နှင့်ကိုယ်



အဖေ့ထံမှ အကြင်နာကို မျှော်လင့်၍ မရတော့ပါ။ အဖေ့ထံမှ အကြင်နာမေတ္တာ ပြန်ရချင်သည်။ ဝင်းအောင် စာကို ပို၍ကြိုးစားသည်။

* * *

ယနေ့ ဒုတိယအစမ်း စာမေးပွဲ၏ ပညာအရည်အချင်းမှတ်တမ်း ကတ်ပြားများရသည်။

ဦးအောင်မင်း၏ ရှေ့မှာ သားသမီးသုံးယောက်ရပ်လျက်၊ စားပွဲပေါ်မှာ ပညာရည်ကတ်ပြားလေးသုံးခု ယှဉ်တွဲလျက်။

သားကြီးက အဆင့်နှစ်၊ သမီးက အဆင့်တစ်၊ ပထမအစမ်း စာမေးပွဲတွင် သူတို့ရခဲ့သော အဆင့်ကို ထိန်းထားနိုင်ကြသည်။

သားငယ် ဝင်းအောင်၏ ကတ်ပြားကို ဦးမင်းအောင် ယူကြည့်လိုက်သည်။ ကြိုးစားမှု အထူးကောင်းမွန်ကြောင်း မှတ်ချက်ကို တွေ့ရသည်။

ရရှိသောအဆင့်မှာ သုံးမဟုတ် တစ်။

ဦးအောင်မင်း စားပွဲအံဆွဲထဲမှ နာရီကို ထုတ်ပေးလိုက်သည်။

ဝင်းအောင် နာရီကို လှမ်းယူသည်။

"သားကို အရင်ကလို ပြန်ခေါ်မှာလည်း ဖေဖေ ..."

"ခေါ်မှာပေါ့ ငါ့သားရ ..."

ဦးအောင်မင်း အားပါးတရ ပြောရင်း မတ်တပ်ရပ်လိုက်သည်။ မျက်နှာမှာ ကြင်နာသော အပြုံးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



သားငယ် သူ့အဖေဆီသို့ လျှောက်သွားသည်။ အနီးရောက်သည်နှင့် အဖေ့ရင်ခွင်မှာ ဝင်ကပ်လိုက်သည်။

သားငယ်ကို ဦးအောင်မင်း ချစ်ခင်ကြင်နာစွာ ဖက်ထားလိုက်ပါသည်။

အဖေနှင့် ညီကိုကြည့်၍ သားကြီး ပြုံးလျက်။

အမေနှင့် အစ်မကတော့ ကြည်နူးသောအပြုံးနှင့်အတူ မျက်ရည်များ ရစ်ဝဲလျက်။

လယ်တွင်းသားစောချစ်

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃။

BURMESE CLASSIC

www.burmeseclassic.com